# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်　　၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္လာနေ့　　အတွဲ [၅၅]၊ အမှတ် [၀၉၆]


**၂၀၁၆ ခုနှစ်၊ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ဦးတည်ချက်များ**

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊



ဓာတ်ပုံ – ရွှေအင်းသား ခင်မောင်ဝင်း

# ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နိုင်ရန် တိုင်းရင်းသား၊ ပြည်သူနှင့် တပ်မတော်တို့ တစ်သားတည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအားလုံး ကောင်းကျိုးချမ်းသာ လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသားများသည် အမိမြေပေါ်တွင် နှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ထည်ဝါစွာရပ်တည်လာခဲ့ကြပါသည်။ မြေပေါ်မြေအောက် သယံဇာတကြွယ်ဝပြည့်စုံခြင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု ထွန်းကားခြင်းတို့ကြောင့် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့နယ်ချဲ့မှုအရ ၁၈၈၅ ခုနှစ်တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။**

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးနှင့် ကိုယ်စီတာဝန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား ညီအစ်ကိုများ ရှေးနှစ်ပရိစ္ဆေဒကြာမြင့်စွာ ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုများသည် “အရေးကြီးက သွေးနီး” ဆိုသည့်အတိုင်း တစ်ဦး၏ အခက်အခဲကို တစ်ဦးက ဝိုင်းဝန်းကူညီရင်း နိုင်ငံ၏အချုပ်အခြာအာဏာဖြစ်သော လွတ်လပ်ရေးကို အသက်သွေးသွေးများ ပေးဆပ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

မြန်မာလူမျိုးတို့သည် ကမ္ဘာ့အလယ်တွင် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းဖြင့် ဝင့်ထည်စွာ နေထိုင်လာကြသူများ ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို အပေါင်းတို့၏ စည်းလုံးညီညွတ်မှုဖြင့် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယ မြန်မာနိုင်ငံတော်ဟူ၍ သမိုင်းစဉ်ဆက် ရပ်တည်လာနိုင်ခဲ့ပေသည်။

သို့သော်လည်း ၁၉ ရာစုနှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံတော်ကြီးသည် ပြည်တွင်းအင်အားစုများ၏ ညီညွတ်မှုပြိုကွဲကာ ကိုလိုနီကျွန်သပေါက် ဘဝကျရောက်ခဲ့ရသည်။ သို့သော်လည်း သူ့ကျွန်မခံလိုသော တိုင်းရင်းသား ညီအစ်ကိုများက လက်ရုံးရည်၊ နှလုံးရည်ဖြင့် ဆယ်စုနှစ်ပေါင်း များစွာကြာအောင် နယ်ချဲ့ကို တွန်းလှန်ခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စွန့်လွှတ်စွန့်စားလိုသော မျိုးချစ်စိတ်ဓာတ်၊ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ သူ့ကျွန်ဘဝမှလွတ်မြောက် ရမည်ဟူသော ရဲစိတ်ရဲမာန်တို့ကို အရင်းပြုကာ အသက်သွေးသွေးပေါင်းများစွာ ပေးဆပ်လျက်ရှုပ်ရှုပ်ချွံချွံတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။

ဤသို့ စည်းလုံးညီညွတ်သော စိတ်ဓာတ်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ မလျှော့သော ဇွဲမာန်လုံ့လဝီရိယတို့ဖြင့် ပြင်းပြင်းထန်ထန် ကြိုးပမ်းခဲ့မှုများကြောင့် နောက်ဆုံးတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါသည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် နေထိုင်ခဲ့ရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရပ်တည်လာနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာဟူသည် စည်းလုံးညီညွတ်မှုပျက်ပြားလျှင် အချိန်မရွေးဆုံးရှုံးသွားနိုင်သော အရာဖြစ်ပါသည်။ ခက်ခက်ခဲခဲအသက်ပေါင်းများစွာ ရင်းနှီးရယူခဲ့ရသော လွတ်လပ်ရေးသည် အလွယ်တကူ ဆုံးရှုံးသွားနိုင်ပါသည်။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်ပြီး လွတ်လပ်သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ရန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကို အပေါင်းက ထာဝစဉ်ဦးထိပ်ပန်ဆင်ကြရမည်ဖြစ်ပါသည်။ ထို့ပြင်ရရှိထားသော လွတ်လပ်ရေးကိုမဆုံးရှုံးအောင် ထိန်းသိမ်းရမည့် တာဝန်မှာ နိုင်ငံသားအားလုံး၏ကိုယ်စီတာဝန်ပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကမ္ဘာတည်သရွေ့ ဝင့်ထည်စွာရပ်တည်သွားနိုင်ရန် မြန်မာနိုင်ငံသားအားလုံးက လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။


၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ သက်ကြီးစာပေပညာရှင်များကို အိမ်တိုင်ရာရောက်ကန်တော့

**မန္တလေး ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို)မှ ၁၃၇၇ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများ



ကန်တော့ပွဲသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေပညာရှင်များကို ဇန်နဝါရီ ၂ ရက်မှစ၍ မြန်မာနိုင်ငံစာရေး ဆရာအသင်း(ဗဟို)မှ ဗဟိုအလုပ်အမှုဆောင်ဆရာ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)နှင့် မန္တလေးဒေသခံ စာရေးဆရာ၊ ဆရာမတို့က အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြကြောင်း သိရသည်။

သက်ကြီးစာပေပညာရှင်များဖြစ်သည့် ချမ်းအေးသာစံမြို့နယ်မှ ဆရာကြီး ဦးမြစိန် (၉၀ နှစ်)၊ ဆရာကြီးဦးကျော်မြင့် (ကျော်ကျော်-ဥက္ကံ) (၈၃နှစ်)၊ ဆရာကြီး ဦးမြသောင်း (၉၀ နှစ်)၊ ချမ်းမြသာစည်မြို့နယ်မှ ဆရာကြီးဦးအောင်မြင် (မောင်သိင်္ဂီ-ရွှေဘို)(၈၅ နှစ်)၊ စစ်ကိုင်းမှ ဆရာကြီးဦးကျောင်း(ချစ်လှ) (၉၂ နှစ်)တို့အား ကန်တော့ငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို)မှ ဗဟိုအလုပ်အမှုဆောင် ဆရာဦးမြတ်စိုး (မြတ်စိုး-လှိုင်)နှင့် မန္တလေးဒေသခံစာရေးဆရာ၊ စာရေးဆရာမများက လိုက်လံ၍ကန်တော့ခဲ့ကြသည်။

အလားတူ ဆရာကြီးဦးချစ်ဆွေ(မေမြို့ချစ်ဆွေ) (၈၂ နှစ်)နှင့် ဆရာကြီးဦးသန်းထွန်းထွန်း(သတင်းထောက်) (၉၅ နှစ်) ကျောက်ဆည်တို့အား ဇန်နဝါရီ ၁ ရက်နေ့က သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကျွဲသိုးမျှောင်ကျေးရွာ မြစ်ရေတင်ဖွင့်

**မင်းဘူး ဇန်နဝါရီ ၃**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့နယ် ကျွဲသိုးမျှောင်ကျေးရွာ မြစ်ရေတင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျွဲသိုးမျှောင်ကျေးရွာ မြစ်ရေတင်စက်ရှေ့၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားတွင် ထောက်ရှာပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ကိုက ကျွဲသိုးမျှောင်ကျေးရွာ မြစ်ရေတင် တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ရေတင်စက်ဖွင့်လှစ်ပေးခြင်းကြောင့် ကျွဲသိုးမျှောင်ကျေးရွာနေ အိမ်ထောင်စု ၂၄၈ အိမ်၊ လူဦးရေ ၈၄၇ ဦးတို့အား သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု သဲပြင်ချောင်းကူးတံတားနှင့် ယင်းမလည်ရေကျော်ဖွင့်လှစ်

**တောင်တွင်းကြီး ဇန်နဝါရီ ၃**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှအုပ်စု သဲပြင်ကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ၊ ဆရာတော်နှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ခဲ့သော သဲပြင်ချောင်းကူးတံတားသစ်ကို ဇန်နဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ဇီးတောအုပ်စု၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေနှင့် ဒေသခံများ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့သော ယင်းမလည်ချောင်းကူး ကွန်ကရစ်ရေကျော်တံတားအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၀၂၁)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံတော်၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက နိုင်ငံရေးအင်အားစုများ၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံး ပါဝင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်

✳ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။

ကိုလိုနီဘဝတွင် မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှု၊ ဘာသာ သာသနာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတို့ကို ချိုးနှိမ်ထားသည့် အုပ်ချုပ်ရေးယန္တရားဖြင့် အုပ်ချုပ်ခြင်းခံခဲ့ရပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရရာလက်နက်စွဲကိုင်ပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး စည်းလုံးညီညွတ်စွာ ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမတို့သည် ခိုင်မာပြီး စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားရဲသည့် အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ကြိုးပမ်းခဲ့ကြသောကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်မှာ ယခုအခါ (၆၈)နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။

ဖက်ဒရယ်စနစ်အခြေခံသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားပြည်သူအပေါင်းက လက်တွဲညီညီ ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရန် အဆင့်(၃)ဆင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အဖြစ် ဒီမိုကရေစီ အကြိုပြင်ဆင်မှုအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊ ၂၀၁၀ ခုနှစ် ပါတီစုံရွေးကောက်ပွဲကျင်းပ၍ ပထမဦးဆုံးလွှတ်တော်နှင့် အစိုးရဖွဲ့စည်းနိုင်ရန် ပြင်ဆင်ပေးခြင်းနှင့် ယခု ၂၀၁၅ ခုနှစ်တို့တွင် ဒုတိယအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပ၍ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်ပြင်ဆင်ပေးခြင်း၊ ဒုတိယအဆင့်အဖြစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ညင်သာချောမွေ့စွာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သဖြင့် နိုင်ငံတကာအသိအမှတ်ပြုမှုများနှင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်ခဲ့ခြင်း၊ တတိယအဆင့်အဖြစ် ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာသည့် အဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပပဋိပက္ခများနှင့် တိုင်းရင်းသားလူမျိုးစု ပြဿနာများစသောစိန်ခေါ်မှုများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးယဉ်ကျေးမှုသစ်အရ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၏ အကျိုးကျေးဇူးတစ်ခုအနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆက်လက်၍ ကျန်ရှိနေသေးသောအဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ရန် လမ်းစဖော်ထားပြီးဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုပိုမိုတိုးတက်လာစေသည့် အောင်မြင်သော စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နိုင်ရန် တိုင်းရင်းသား၊ ပြည်သူနှင့် တပ်မတော်တို့ တစ်သားတည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတော်၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးပါဝင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးအင်အားစုများအားလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မတူကွဲပြားမှုများကို အင်အားအဖြစ်ပြောင်းလဲရယူ၍ ညီညွတ်မှုကို ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ပါသည်။ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

မြန်မာပြည်သူတို့၏ တူညီသောဆန္ဒ (၂)ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအရေး စသည့်ကဏ္ဍစုံတို့ အဘက်ဘက်မှ တိုးတက်မြင့်မားမှုများ ဖြစ်ပေါ်လာရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည်

- **ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး**
- **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး**

ဟူသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက် (၄) ရပ်ကို အလေးအနက်ခံယူပြီး သွေးစည်းညီညွတ်စွာဖြင့် တာဝန်သိသိ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ချစ်ကြည်စွာတိုက်တွန်း နှိုးဆော်အပ်ပါသည်။



❖ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မတူကွဲပြားမှုများကို အင်အားအဖြစ်ပြောင်းလဲရယူ၍ ညီညွတ်မှုကို ကြိုးပမ်းဖော်ဆောင်ကြရမည်။

❖ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်။

## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

၄-၁-၂၀၁၆(တနင်္လာနေ့)

**ညပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | အဖွင့် |
| | - | အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၁၃) |
| ၆း၂၀ | - | ပြည်သူ့နီတိ"အဇ္ဈတ္တ" |
| ၆း၄၀ | - | တေးဂီတအစီအစဉ် |
| ၇း၀၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၃၂) |
| ၇း၅၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၁) |
| ၈း၃၅ | - | မြန်မာဗီဒီယိုဇာတ်လမ်း "အေးရိပ်" ရထွင့်မောင်၊ ဇေယျာဖြိုး၊ ဝင်းသော်တာညွန့်၊ ဖူးပြည့်ခိုင် (ဒါရိုက်တာ- စွမ်းရည်ဖြိုး၊ ခင်ခိုင်ခိုင်ကြည်) |
| ၁၀း၁၀ | - | မြန်မာဗီဒီယိုဇာတ်လမ်း"ဆယ်ကျော်သက်" မြင့်မြတ်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ကျော်ဇောလင်း) |
| ၁၂း၀၀ | - | အစီအစဉ်ပြီး၏။ |

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

**မှတ်ချက်**

**၄-၁-၂၀၁၆ (တနင်္လာနေ့) ည ၁၈း၀၀ မှ ၅-၁-၂၀၁၆ (အင်္ဂါနေ့) ည ၁၈း၀၀ အထိ ပြသပါမည်။**



# ဟူသီနှင့် ယီမင်ငြိမ်းချမ်းရေးစာချုပ် ညွန့်ပေါင်းအဖွဲ့ ဖျက်သိမ်း

**ဆာနာ ဇန်နဝါရီ ၃**

ယီမင်နိုင်ငံတွင် ဟူသီလှုပ်ရှားမှုအဖွဲ့က ကိုးလကြာဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ခဲ့သည့် အပစ်အခတ်ရပ်စဲမှုမှာ ဇန်နဝါရီ ၂ ရက်က အဆုံးသတ်သွားပြီဖြစ်ကြောင်း ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ကြေညာလိုက်သည်ဟု ဆော်ဒီသတင်းအေဂျင်စီ အက်စ်ပီအေက ဖော်ပြသည်။

အဆိုပါ အပစ်အခတ်ရပ်စဲမှုသည် ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် စတင်ခဲ့ကြောင်း၊ သို့သော်လည်း နှစ်ဖက်စလုံးမှ အဆိုပါစာချုပ်ကို ချိုးဖောက်နေကြောင်း၊ ဆော်ဒီညွန့်ပေါင်းအဖွဲ့ မတ်လတွင် ပဋိပက္ခအတွင်း ဝင်ရောက်ခဲ့ပြီးနောက် လူပေါင်း ၆၀၀၀ နီးပါး သေဆုံးခဲ့ရကြောင်း၊ အများစုမှာ အရပ်သားများဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ညွန့်ပေါင်းအဖွဲ့အနေဖြင့် ပြီးခဲ့သည့်နှစ်က နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ထားသော ဟူသီသူပုန်များလက်မှ ကာကွယ်ရန်စစ်ရေးအရ ဝင်ရောက်ခဲ့သည်။ ဟူသီများက ညွန့်ပေါင်းအဖွဲ့အား စစ်ရေးကျူးကျော်သည်ဟု စွပ်စွဲပြောကြားလျက်ရှိသည်။ ယီမင်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီ ၂ ရက်မှစတင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ညွန့်ပေါင်းအဖွဲ့က ကြေညာသည်။

(ရိုက်တာ)

# အီရန်၏ ဒုံးပျံထုတ်လုပ်ခဲ့မှုအပေါ် ပိတ်ဆို့ရန် အချိန်ယူရမည်ဟု အမေရိကန်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၃**

အီရန်၏ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မည့် အစီအစဉ်အပေါ် ပိတ်ဆို့သည့် ကြေညာချက်များ ထုတ်ပြန်ရန် အချိန်များစွာယူရမည်ဟု ဇန်နဝါရီ ၂ ရက်တွင် အိမ်ဖြူတော်က ပြောကြားလိုက်ပြီး ထိုသို့ပြောဆိုမှုသည် တီဟီရန်နှင့် ဝါရှင်တန်အကြားဖြစ်ပွားနေသော တင်းမာမှုများကို လျှော့ချရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဆိုသည်။

လက်ထောက်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဘင်ရော့ဒ်ဒီက အမေရိကန်အစိုးရသည် အီရန်အား ပြင်းထန်သော ပြစ်ဒဏ်ပေးအရေးယူသော ထိုးနှက်ချက်များပြုလုပ်ရန် အပြီးသတ်ဆုံးဖြတ်ခြင်းမပြုလုပ်မီ ပရိယာယ်ဆန်၍ ပညာသားပါသော ဆောင်ရွက်မှုများပြုလုပ်နေသည်ဟု ပြောဆိုခဲ့သည်။

များစွာသော အီရန်နိုင်ငံသားများ၊ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများသည် အီရန်၏ တိုက်ချင်းပစ်ဒုံးကျည်အစီအစဉ်တွင် တရားမဝင်ပါဝင်ပတ်သက်မှုအတွက် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခံရဖွယ်ရှိသည်ဟု အမေရိကန် ဘဏ္ဍာရေးဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အီရန်က တိုက်ချင်းပစ်ဒုံးကျည်များကို ပစ်လွှတ်ခဲ့ပြီး ရက်သတ္တပတ်များစွာအကြာ အဆိုပါကိစ္စတွင် ဆက်နွှယ်ပါဝင်နေသည့် တရားမဝင် ကုမ္ပဏီများနှင့် သက်ဆိုင်သူများကို အမေရိကန်က သတိပေးခြိမ်းခြောက်ခဲ့သည်။

(ဆင်ဟွာ)

# ဆော်ဒီသံရုံးအား စီးနင်းခဲ့သောဆန္ဒပြသူ ၄၀ ကို အီရန်ထိန်းသိမ်း


**တီဟီရန် ဇန်နဝါရီ ၃**

ဆော်ဒီအာရေဗျသံရုံးအား ဝင်ရောက်စီးနင်းခဲ့သောဆန္ဒပြသူအယောက် ၄၀ ကို ထိန်းသိမ်းခဲ့ကြောင်း ရှေ့နေချုပ် အဘတ်စ်ဂျာဖာရီက ဒီဇင်ဘာ ၃ရက်တွင် ပြောကြားခဲ့သည်ဟု အီရန်အလုပ်သမား သတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

၎င်း၏ပြောကြားချက်အရ တရားရေးဌာနအနေဖြင့် အဆိုပါသံရုံးဝင်ရောက်စီးနင်းသောဆန္ဒပြသူများအား အတည်ပြုခြင်းနှင့် ဖမ်းဆီးခြင်းပြုလုပ်ရန်အမိန့်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ ရှီးယိုက်ဘာသာရေးခေါင်းဆောင်အား ဆော်ဒီက ကွပ်မျက်ခဲ့ခြင်းအပေါ် ဆန့်ကျင်သော အဆိုပါဆန္ဒပြသူများက စနေနေ့ညနေပိုင်းတွင်ဆော်ဒီသံရုံးအားစီးနင်းကာ မီးတင်ရှို့ခဲ့သည်။ **(အောက်ပုံ)**

ရှီးယိုက်ဘာသာရေးခေါင်းဆောင်နင်းအယ်လ်နင်းနှင့်အခြား လူ၄၆ဦးအား အကြမ်းဖက်ပြစ်မှုများအတွက် ကွပ်မျက်လိုက်ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာနက ကြေညာအပြီး အဆိုပါအကြမ်းဖက်မှုဖြစ်ပွားခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျ သံတမန်ရပ်ကွက်ကို ကာကွယ်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရဲတပ်ဖွဲ့အား တိုက်တွန်းလိုက်သည်။ အဆိုပါကွပ်မျက်မှုအားရှုတ်ချကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆော်ဒီသံရုံးတာဝန်ခံအား ဆင့်ခေါ်ပြောဆိုခဲ့သည်။

(ဆင်ဟွာ)



# တရုတ်နိုင်ငံတွင် မြူနှင်းများ အဆမတန် ကျဆင်းမှုကြောင့် လိမ္မော်ရောင်အဆင့် သတိပေးချက်ထုတ်ပြန်



**ပေကျင်း ဇန်နဝါရီ ၃**

မြူနှင်းများ အလွန်များပြားစွာကျဆင်းနေမှုကြောင့် လိမ္မော်ရောင်အဆင့် သတိပေးချက်ကို တရုတ်နိုင်ငံ မိုးလေဝသဌာနက တနင်္ဂနွေနေ့တွင်ထုတ်ပြန်ခဲ့သည်။

တနင်္ဂနွေနေ့နံနက်ပိုင်းတွင် ဟူပေ၊ ရှန်ဒေါင်းနှင့် စီချွမ်းပြည်နယ်တို့တွင် မြူနှင်းများ သိပ်သည်းစွာ ကျဆင်းခဲ့ရာ မီတာ ၂၀၀ အတွင်း အရာဝတ္ထုများကို ကွဲကွဲပြားပြား မမြင်ရကြောင်း အမျိုးသားမိုးလေဝသဌာနမှ ပြောသည်။

ပေကျင်း၊ တန်ကျင်း၊ ရှန်ဒေါင်း၊ ဟီနန်အပါအဝင် အခြားမြို့ကြီးများတွင် မြူနှင်းများ ထူထပ်စွာကျရောက်နေပြီး မီတာ ၅၀၀ အတွင်း အရာဝတ္ထုများကို သဲသဲကွဲကွဲ မမြင်ရပေ။

တရုတ်နိုင်ငံတောင်ပိုင်းနေရာအချို့တွင် မိုးများရွာသွန်းနေစဉ် တနင်္လာနှင့် အင်္ဂါနေ့များတွင် နှင်းများသည် မီးခိုးငွေ့ပါသော နှင်းထုများအဖြစ် ကျဆင်းမည်ဟု လေ့လာသူများက ပြောသည်။

ပြည်သူများအနေဖြင့် အိမ်အပြင်သို့ထွက်သည့်အခါ အကာအကွယ်ပြုလုပ်ရန်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ခံစားနေရသူများအနေဖြင့် အပြင်သို့ မထွက်ဘဲ အိမ်အတွင်း၌သာနေရန် သတိပေးထားသည်။ **(ဆင်ဟွာ)**

# အိန္ဒိယလေတပ်အခြေစိုက်စခန်းတိုက်ခိုက်မှု သေနတ်ပစ်ချန်ပီယံအပါအဝင် ၁၀ ဦး သေဆုံး

**ပန်ဂျပ် ဇန်နဝါရီ ၃**

၁၅နာရီကြာတိုက်ပွဲဖြစ်ပွားပြီးနောက် ပါကစ္စတန်နှင့်အိန္ဒိယနယ်စပ်အနီး လေတပ်အခြေစိုက်စခန်းတစ်ခု၌ အိန္ဒိယတပ်ဖွဲ့ဝင်များ ရှင်းလင်းရေးပြုလုပ်နေစဉ် ပစ်ခတ်မှုကြောင့် ဇန်နဝါရီ ၃ ရက်က ရွှေတံဆိပ်ဆုရ သေနတ်အားကစားသမားတစ်ဦးအပါအဝင် ၁၀ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

ပန်ဂျပ်ပြည်နယ် အနောက်မြောက်ပိုင်း ပတ်သန်ကော့လေတပ်အခြေစိုက်စခန်း၌ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် စစ်သွေးကြွ လေးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းတိုက်ခိုက်မှုသည် အိန္ဒိယဝန်ကြီးချုပ်မိုဒီ အစီအစဉ်မရှိဘဲ နျူကလီးယားလက်နက်ပြိုင်ဘက် အိမ်နီးချင်းနှစ်နိုင်ငံအကြား ဆွေးနွေးရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်နှင့်တွေ့ဆုံရန် သွားရောက်ခဲ့ပြီး သီတင်းတစ်ပတ်အကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သော အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဆူဘီဒါဖာတက်ဆင်းသည် ၁၉၉၅ ခုနှစ်က ပထမဆုံး ခနသဟာယ သေနတ်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆွတ်ခူးခဲ့သူဖြစ်ကြောင်း အိန္ဒိယသတင်းစာများက ရေးသားသည်။ ယင်းလေတပ်အခြေစိုက်စခန်းသည် ပါကစ္စတန်မှ ၁၅ မိုင် ခန့်သာ ကွာဝေးသည်ဟု ဆိုသည်။

(ရိုက်တာ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

## အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက် အိုဘားမားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် ဂုဏ်ပြုအထိမ်းအမှတ်ကျင်းပသောအခါသမယတွင် မိမိနှင့်အတူအမေရိကန်ပြည်သူများက အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော ပြည်လုံးကျွတ်လွှတ်တော်ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချထားမှုကို သက်သေထူလျက်ရှိပါသည်။ ယင်းသမိုင်းဝင်အချိန်အခါကို အခွင့်ကောင်းယူကာ ပြည်သူများ၏ဆန္ဒကို ထင်ဟပ်မည့် အစိုးရတစ်ရပ် ဖွဲ့စည်းရေးအတွက် အဆွေတော်အစိုးရ၏ ကြိုးပမ်းအားပေးမှုများအတွက် ချီးကျူးဂုဏ်ပြုပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ငြိမ်းချမ်းပြီးချောမွေ့စွာအသွင်ကူးပြောင်းမှုသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် လူ့အခွင့်အရေးကိစ္စရပ်များ၌ ပိုမိုတိုးတက်ဖြစ်ပေါ်စေရန် အမျိုးသားညီညွတ်ရေးစိတ်ဓာတ်ဖြင့် အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ ဆက်လက်ဖော်ဆောင်ပေးသွားရန် အဆွေတော်အား တိုက်တွန်းပါသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ကူညီပံ့ပိုးသွားရန်အသင့်ရှိကြောင်းနှင့် ကိစ္စရပ်အများအပြားနှင့်စပ်လျဉ်း၍ မိမိတို့၏ ထိတွေ့ဆက်ဆံမှုများပိုမိုနက်ရှိုင်းစေရန် မျှော်လင့်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို တိုးမြှင့်သွားရန်လည်း မျှော်လင့်ပါသည်။

လာမည့်နှစ်အတွင်း မြန်မာပြည်တစ်ဝန်း ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုများ ပြည့်ဝစေရန် ယခုကျရောက်သည့် အမျိုးသားအထိမ်းအမှတ် နေ့ထူးနေ့မြတ်တွင် မိမိအနေဖြင့် လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းလိုက်ပါသည်ဟု ဖော်ပြထားသည်။

## ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စဒဲလ်မာ ရိုးဆပ်(ဖ်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယအတွက် ဘရာဇီးပြည်သူများနှင့် မိမိထံမှ အဆွေတော်ထံသို့ ရင်းနှီးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပျော်ရွှင်သာယာ ဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ထပ်လောင်းပို့သလိုက်ပါသည်ဟု ဖော်ပြထားသည်။

## သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မိုင်သရီပါလ ဆီရိစီနာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ လည်းကောင်း နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာအပေါ် အခြေခံသော ကျွန်ုပ်တို့နှစ်နိုင်ငံအကြားရှိ သမိုင်းဝင်ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် တိုးတက်ဖြစ်ပေါ်လျက်ရှိရုံသာမက မျက်မှောက်ခေတ်၏ အရေးပါသည့် ကဏ္ဍသစ်များကိုပါ လွှမ်းခြုံလျက်ရှိပါသည်။ အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အလည်အပတ်ခရီးများနှင့် ပြည်သူနှစ်ရပ်အကြား တိုးတက်လာသော ထိတွေ့ဆက်ဆံမှုတို့ကလည်း မကြာသေးမီကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နီးကပ်ပြီး ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ကျွန်ုပ်အနေဖြင့် ထက်သန်စွာ ယုံကြည်မိပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ဆက်လက်၍ တိုးတက်ချမ်းသာပါစေကြောင်း ကျွန်ုပ်မှ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

## ဂျပန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဘုရင်မင်းမြတ် အကီဟီတိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူပြည်သားများ ကြွယ်ဝ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ ပို့သရသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်ဟု ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

## မြန်မာဟေ့. . . မြန်မာ

☆ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
မြတ်နိုးလို့ လေးစားတာ
ဒို့ရဲ့ မြန်မာ၊
မြန်မာဟေ့. . . မြန်မာ
ကမ္ဘာသိထင်ရှား။
ဇာတိမာန် ဇာတိသွေးရယ်က
နီစွေးနေတကား။

☆ ကိုယ့်နိုင်ငံ ကိုယ့်ပိုင်နက်
တစ်စက်မျှ ထိပါးမခံ
နိုးကြားတဲ့မာန်၊
ငါတို့ရဲ့အလံ
မိုးယံမှာ လွင့်မြူး။
ကမ္ဘာ့အလယ် ထည်ဝါဝင့်
တင့်လှပုံထူး။

☆ အမျိုးဘာသာ သာသနာအရေးရယ်နဲ့
ဒို့မြန်မာ စည်သာအေးစေဖို့
အလေးထားဦးထိပ်ပန်
ဒို့ သန္နိဋ္ဌာန်၊
အဓွန့်ရှည် တည်တံ့ရန်
ရည်သန်တဲ့စိတ်ထား။
နိုးကြားမသေွ အထက်အမြင့်လှမ်းရအောင်
ဘိုးဘွားအမွေ လက်ဆင့်ကမ်းပါလို့
ထမ်းရွက်နေတကား။ ။

ရေနံ့သာမောင်ကျော်ညွှန့်

## လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းဖွင့်

ကသာ ဇန်နဝါရီ ၃

ကသာမြို့နယ်၌ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကုန်သည်လမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကသာမြို့နယ် ကုန်သည်ကတ္တရာလမ်းသစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၁၄၀၊ အကျယ် ပေ ၅၀ရှိပြီး ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ထည့်ဝင်ငွေကျပ် ၃၅၂ သိန်းနှင့် မြို့မိမြို့ဖများ ထည့်ဝင်ငွေကျပ် ၁၃၈ သိန်း စုစုပေါင်းငွေကျပ်သိန်း ၄၉၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲကို(ကသာ)

## ရွှေတိဂုံစေတီတော် အထက်ပစ္စယာသို့ Smart Card ဖြင့်သာ တက်ရောက်ခွင့်ပြုမည်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်အထက်ပစ္စယာသို့ တက်ရောက်၍ ဘုရားဝတ်ပြုဖူးမြော်ခွင့် လက်မှတ်များကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ Smart Card ပြုလုပ်စိစစ်၍ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

လုံခြုံရေး Smart Card ပြုလုပ်ပြီးသူများသာ စေတီတော် အထက်ပစ္စယာသို့တက်ရောက်ဝတ်ပြုဖူးမြော်ခွင့်ပြုမည်ဖြစ်ကြောင်း၊ Smart Card ပြုလုပ်ရန် စေတီတော်ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူဖြည့်စွက်ပြီး စည်းကမ်းနှင့်အညီလျှောက်ထားနိုင်ကြောင်းနှင့် အထက်ပစ္စယာတက်ရောက်ခွင့် Smart Card များကို အသက် ၁၈ နှစ်ပြည့်ပြီးသူ အမျိုးသားများသာလျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ရုံး ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ကိုချစ်




## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ဇန်နဝါရီ ၄ ရက်အတွက် မိုးလေဝသခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မြန်မာ့အလင်း)

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးအတွက် အမျိုးသားရေးတာဝန်

ပန်းတောင်းသန်းကြွယ်

**ထီးသုဉ်းနန်းသုဉ်း၊ ကြငှန်းသုဉ်း၍**
**မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်**
**သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်**
**ဖြစ်လာရလေ၊ တို့တစ်တွေသည်**
**သေသော်မှတည့်၊ ဩော်ကောင်း၏။**
**ဆီးဘန်နီဆရာတော်**

လွတ်လပ်ရေးသည် မြန်မာတို့၏ အသက်သွေးပင်ဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် မြန်မာတို့အတွက် ရင်နင့်စရာမဖြေသာသော ဥဒါန်းမကျေနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ လွတ်လပ်ခြင်းဘဝနှင့် မလွတ်လပ်ခြင်းဘဝတို့ ကွာခြားပုံကို ထိုခေတ်ထိုအခါက မြန်မာတို့သိကြသောကြောင့် ကျွန်ဘဝတွင် လူဖြစ်ရခြင်းထက် သေဆုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ပုံကို ဆီးဘန်နီဆရာတော်က အထက်ပါကဗျာဖြင့် ဖွင့်ဆိုပြခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်။ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက်၊ အပြန်အလှန်စာနာနားလည်မှု၊ ခင်မင်တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဘီစီ သုံးရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံများထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။ ၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ်သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော် အချုပ်အခြာအာဏာလက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

သူ့ကျွန်အဖြစ် နှံ့နှစ်မခံလိုသော မျိုးချစ်မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှများကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ သံဃာတော်များ၊ မင်းညီမင်းသား၊ မင်းမှုထမ်း၊ သာမန်အရပ်သား စသည့် အလွှာမျိုးစုံနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုသည် ကြီးမားပြင်းထန်လှသည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်က အသုံးပြုခဲ့သော အင်အားထက် ပိုမိုများပြားသည့် စစ်အင်အားကိုအသုံးပြုကာ ၁၀ နှစ်ကျော်ကာလကြာအောင် နှိမ်နင်းခဲ့ရသည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သူ့ကျွန်ဘဝက လွတ်မြောက်ရန် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဂိုဏ်းဂဏအသီးသီးတို့က ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်နှင့် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့သည့်အတွက် သခင်အောင်ဆန်းဦးဆောင်သော မြန်မာ့မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဘီအိုင်အေဟုခေါ်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းပြီး ယင်းမှတစ်ဆင့် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)၊ ဗမာ့တပ်မတော် (ဘီအင်န်အေ) တို့ကို အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ တပ်မတော်သည် ကိုလိုနီနယ်ချဲ့များနှင့် ဖက်ဆစ်ဂျပန်တို့ကို တိုင်းရင်းသားပြည်သူလူထု၏ အပြည့်အဝထောက်ခံအားပေးမှုကို ရယူ၍ တွန်းလှန်တိုက်ခိုက်ကာ နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင် ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာသုံးရပ်စလုံးကို ထိုနိုင်ငံသားတို့၏ လက်ဝယ်ပိုင်ပိုင် စီမံခန့်ခွဲလုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ တိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင်နိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းအားဖြင့် ကျွန်ပြုခံနေရခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပင်လယ်ရေနယ်နိမိတ်အပါအဝင် မိုင်ပေါင်း ၅၂၀၀ ခန့် ရှည်လျားသော နယ်နိမိတ်ကို ပိုင်ဆိုင်ထားသည်။ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၀ ကျော် ထိစပ်နေသည်။ တရုတ်နိုင်ငံနှင့် ၁၃၅၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင် နယ်နိမိတ်ချင်း ထိစပ်နေသည်။

ပထဝီဝင်အနေအထားအရ အချက်အချာကျစွာ တည်ရှိနေသော မြန်မာနိုင်ငံအနေဖြင့် အရေးအကြီးဆုံး အမျိုးသားရေးအကျိုးစီးပွားမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပင်ဖြစ်သည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား (National Interest)ကိုသာ ဦးစားပေးမျှော်ကိုး လုပ်ဆောင်ကြစမြဲဖြစ်ရာ မြန်မာတို့သည် မြန်မာနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားရမည်ဖြစ်သည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ကိုလိုနီစနစ်၏ သွေးခွဲအုပ်ချုပ်ခဲ့မှုဆိုးမွေကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုမှ ပေါ်ပေါက်လာသည့် သဘောထားကွဲလွဲမှုများ၊ အယူဝါဒကွဲပြားမှုများ၊ တိုင်းရင်းသားရေးရာ အမြင်လွဲမှုများ၊ ပြည်ပလှုံ့ဆော်မှုများကြောင့် နိုင်ငံရေးပဋိပက္ခမှသည် လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခ၊ ဂိုဏ်းဂဏဆိုင်ရာ ပဋိပက္ခများစွာ ဖြစ်ပေါ်ခဲ့ရသည်။ နိုင်ငံတော်တွင် ယင်းကဲ့သို့ ပဋိပက္ခများနှင့်ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် မည်သည့်ဘက်ကိုမျှ ယိမ်းယိုင်လိုက်ပါမှုမရှိဘဲ နိုင်ငံတော်၏ မျက်နှာတစ်ခုတည်းကိုသာကြည့်၍ ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်ပေးခဲ့ပါသည်။ နိုင်ငံတော်မငြိမ်သက်မှုနှင့် ပြည်တွင်းပဋိပက္ခများကြောင့် အခြေအနေယိမ်းယိုင်မှုကို အခွင့်ကောင်းယူကာ အချိန်ကိုက်ဆောင်ရွက်လာသည့် ပြည်ပကျူးကျော်မှုများကိုလည်း တပ်မတော်က အသက်ခန္ဓာ စွန့်လွှတ်ပေးဆပ်မှုများစွာဖြင့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ကာကွယ်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသည် ခေတ်ကာလအဆက်ဆက်တွင် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့် အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးမည့် အခြေအနေများစွာနှင့် ရင်ဆိုင်တွေ့ကြုံရသည့် အချိန်တိုင်းတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ယိမ်းယိုင်ပြိုလဲခြင်း မရှိအောင် တပ်မတော်ကပင်ဦးစီးဦးဆောင်ပြု၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ထူးခြားသည့် သမိုင်းပင်ဖြစ်သည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို အပြည့်အဝတည်ဆောက်နိုင်မည် ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီစွာရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကကျသော မောင်းနှင်အားကြီးပင်ဖြစ်သည်။

အစီအမံရှိရှိ စနစ်တကျ သွေးခွဲအုပ်ချုပ်ခဲ့သော နယ်ချဲ့တို့၏ ပယောဂကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် စည်းစည်းလုံးလုံး မဆောင်ရွက်နိုင်ခဲ့ပေ။ နှစ်ပေါင်း ၆၀ ကျော်ကြာ စနစ်မတူ၊ ဝါဒမတူကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရှိခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်၏ တည်ငြိမ်မှုနည်းပါးခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်အောင် အားစိုက်ခွန်စိုက် မဆောင်ရွက်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင် သမ္မတကြီးဦးဆောင်သော နိုင်ငံတော်အစိုးရသစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ စနစ်မတူ၊ ဝါဒမတူ၍ သဘောထားကွဲပြားနေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး နိုင်ငံတော်တည်ဆောက်ရေးအပိုင်းတွင် အတူတကွ လက်တွဲပါဝင်ကြရန် နိုင်ငံတော်သမ္မတကြီးက ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်ရာတွင် ပထမအဆင့်အနေဖြင့် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်အနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးရေး၊ တတိယအဆင့်အနေဖြင့် အားလုံးပါဝင်နိုင်သည့် ပြည်ထောင်စုအဆင့်အစည်းအဝေးကြီးတစ်ရပ် ကျင်းပကာ ထာဝရငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် စီမံဆောင်ရွက်သွားမည် ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ဖြင့် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ထွန်းတိုးတက်မှုများတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ချမှတ်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်းဟူသည့် အရေးကြီးသောအဆင့်များပါဝင်ရာ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ချမှတ်ခြင်းကိုပင် ပြီးမြောက်အောင်မြင်ခဲ့ပြီးဖြစ်ရာ မဝေးတော့သောကာလတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်တော့မည်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အစိုးရနှင့် ပြည်သူအကြား အင်စတီကျူးရှင်းများနှင့် ပြည်သူလူထုများအကြား၊ နိုင်ငံသားတစ်ဦးနှင့် တစ်ဦးအကြား သံသယများပွားကာ ယုံကြည်မှုလျော့ပါးခဲ့ရခြင်းများသည် ယနေ့ အကောင်အထည်ဖော်နေသော နိုင်ငံရေးအပြောင်းအလဲများမှ အမျိုးသားနိုင်ငံရေးဖြစ်စဉ်သစ်များကို အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိစေရန် အဟန့်အတားဖြစ်နေပေရာ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အပြန်အလှန်ယုံကြည်မှုပြန်လည်တည်ထောင်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော တစ်ခုတည်းသော နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီးလည်း ဖြစ်တည်ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အားပြည့် အင်ပြည့်စွမ်းအားများဖြင့် ကာကွယ်စောင့်ရှောက်နိုင် မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာသော စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ် ပေးခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းပေးနိုင်ခြင်း၊ လုပ်သာကိုင်သာရှိသော ဘဏ္ဍာရေးစနစ်နှင့် ငွေကြေးလဲလှယ်သုံးစွဲခွင့်များ ဖော်ဆောင်ပေးနိုင်ခြင်း၊ တက်ကြွ၍ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ အရှေ့အနောက်မခွဲခြားဘဲ ကမ္ဘာ့နိုင်ငံအများအပြားနှင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံလာနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်း၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်လာနိုင်ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်သည် ကမ္ဘာ့ပြည်သူတို့၏အမြင်တွင် တင့်တယ်လှပနေပြီဖြစ်သည်။

ထို့ပြင် (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပပေးနိုင်ခြင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတကြီးက အောင်မြင်စွာ ထမ်းဆောင်ပေးနိုင်ခြင်း၊ အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ညင်သာစွာ အသွင်ကူးပြောင်းရေးလုပ်ဆောင်နိုင်ခြင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်ဝင်လာခြင်းနှင့်အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဝင်ရောက်ယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ပုံရိပ်မှာ ပိုမိုလှပတင့်တယ်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စေ့စပ်ဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကိုလည်း အုတ်မြစ်ချနိုင်ခဲ့သဖြင့် နိုင်ငံရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့သည့်နည်းတူ ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစုအားလုံး ပါဝင်လာခြင်းဟူသော ရလဒ်ကောင်းကိုလည်း ဖော်ဆောင်နိုင်ခဲ့သည်။

အစိုးရအပြောင်းအလဲဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်းအားလုံးနှင့် ဝန်ထမ်းအားလုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက လိုအပ်သော ညွှန်ကြားချက်များပေးကာ အစီအမံများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် ဒီဇင်ဘာ ၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ရာ ညင်သာချောမွေ့သည့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ် အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။

ခြုံ၍ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်သဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်တွင်း ပြည်ပမှ အရင်းအနှီးများ အရှိန်အဟုန်ဖြင့် စီးဝင်မြှုပ်နှံလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ဖော်ဆောင်ရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရမည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားများ အားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် ရာသက်ပန် ပူးပေါင်းနေထိုင်ရေးအတွက် အထက်ပါ အမျိုးသားရေးတာဝန်များကို တိုင်းရင်းသားအားလုံးသည် ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်သင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စေ့စပ်ဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကိုလည်း အုတ်မြစ်ချနိုင်ခဲ့သဖြင့် နိုင်ငံရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့သည့်နည်းတူ ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစုအားလုံး ပါဝင်လာခြင်းဟူသော ရလဒ်ကောင်းကိုလည်း ဖော်ဆောင်နိုင်ခဲ့**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၆**
**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချ ဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

### အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝေဠုဝန်စာသင်တိုက်၊ အမှတ် ၅ - ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တတေဇနိယ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တပဒုမာဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တဂုဏောသန၊ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက်(ကျိုက်ပိ)၊ အမှတ် ၁၄ - ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တပညိသရာဘိဝံသ၊ သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၊ ရွှေလင်ဗန်းစက်မှုဇုန် ၊ အမှတ်၂၃ - ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကဝိသာရ၊ ဝေဇယန္တာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တကုန္ဒဝံသ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တဝိမလ၊ ကန်သာစာသင်တိုက်၊ မြစ်ငယ်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ ဝဲကြီးကျောင်းတိုက်၊ ဝဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
၅။ ဘဒ္ဒန္တသူရိယ၊ ကြာနီကန်စာသင်တိုက်၊ အမှတ် ၁၈-ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တကဝိန္ဒာဘိဝံသ၊ ပရိယတ္တိနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ရတနာသိင်္ဂီဒိုက်ဦးကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တဝိစိတ္တသာရ၊ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၀။ ဘဒ္ဒန္တဝေပုလ္လ၊ ကျိုက်သီမွန်စာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ အောင်မြေရတနာကျောင်းတိုက်၊ အမှတ် ၅၀ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တဝိဇယ၊ ဝေဠုဝန်စာသင်တိုက်၊ ကျောင်းကြီးစု(ဝါးပြား)ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၁၃။ ဘဒ္ဒန္တသုမနာဘိဝံသ၊ မေဃဝတီကျောင်းတိုက်၊ လယ်တီကွင်းရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၄။ ဘဒ္ဒန္တဆွမ်တိဇ်ဖရဝနရတ် (Ven.Somdej Wannarat Chun Phrommakhutto )၊ ဝပ်ပဝွမ်းနိဝိတ်ဝိဟာရကျောင်း၊ ဖရနခွမ်းလမ်း၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။
၁၅။ ဘဒ္ဒန္တဓမ္မစိတ္တ(Ven.Professor Dr. Phra Brahmapundit)၊ Wat Payurawongsawat Varaviharn၊ သွန်ဘူရီ၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

### ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တကုန္ဒာစရိယ (သီတဂူ)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တမေဓိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသုနန္ဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တကုမာရ၊ သရက်တောကျောင်းတိုက်၊ ဇလော်မြို့၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
၄။ ဘဒ္ဒန္တဝိမလသာရ၊ မြစည်းခုံစာသင်တိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ၊ ပုသိမ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တသီလာစာရာဘိဝံသ၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ဓမ္မသုခကျောင်း၊ ညောင်သုံးပင်စာသင်တိုက်၊ မြို့မအုပ်စုရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တဉာဏဝရသာမိ၊ တောင်စွန်းစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။
၉။ ဘဒ္ဒန္တပညာသာရ၊ ရွှေနံ့သာစာသင်တိုက်၊ အရာရှိရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။
၁၀။ ဘဒ္ဒန္တပဏ္ဍဝ၊ ဖက်ပင်အိုင်စာသင်တိုက်၊ ၉ / မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တပဝရာဘိဝံသ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တဇာဂရ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀ - ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၃။ ဘဒ္ဒန္တဝိလာသ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ် ၁၄ - ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တဂုဏိဿရ၊ သံလွန်းကျောင်းတိုက်၊ သံလွန်းကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၁၅။ ဒေါ်ဥတ္တမနန္ဒီ၊ သာသနဝံသီ သီလရှင်စာသင်တိုက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

### မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသေဋ္ဌဉာဏ၊ သူရိယာရာမကျောင်းသစ်စာသင်တိုက်၊ အမှတ် ၅ - ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
၂။ ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တတေဇဝန္တ၊ သမားတော်ကျောင်းတိုက်၊ အမှတ် ၄ - ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တပညာဇောတ၊ ရွှေလရောင်စာသင်တိုက်၊ ကျောက်မြင့်ကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တပညာသီဟ၊ မဟာဝိသုတာရာမ (အလယ်)တိုက်၊ အမှတ် ၁၀ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ သာသနမာမကစာသင်တိုက်၊ ညောင်ပင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ခေမာဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တပညာသာမိ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝမ်းတော်ပြည့်စာသင်တိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တစန္ဒာသိရီ၊ ဘုရားကျောင်းစာသင်တိုက်၊ နိုင်းပြိုင်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
၁၁။ ဘဒ္ဒန္တဇနိန္ဒ၊ တန်ခိုးကျောင်းစာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၁၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရှူခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၃။ ဒေါက်တာ ဘဒ္ဒန္တကောဝိဒသိရီ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ် ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သီလရှင်ဆရာကြီးများ**

၁၅။ ဒေါ်ကိတ္တိမာလာ၊ မဂ္ဂင်ချောင်ကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၁၆။ ဒေါ်သုနန္ဒီ၊ သာသနဟိတကာရီသီလရှင်စာသင်တိုက်၊ အမှတ် ၈ - ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

### ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တပညာတိက္ခ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှဲရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တစန္ဒိမာဓဇ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။
၆။ ဘဒ္ဒန္တဥဇ္ဇောတ၊ နန်းဦးစာသင်တိုက်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
၇။ ဘဒ္ဒန္တဝါယမ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ် ၆ - ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်။
၈။ ဘဒ္ဒန္တကိတ္တိသာရ၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
၉။ ဘဒ္ဒန္တဝိစိတ္တဇောတိ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တတေဇောဘာသ၊ ဆွာစက်ရုံစာသင်တိုက်၊ ဆွာမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၁။ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဉာဏ၊ အောင်သစ္စာစာသင်တိုက်၊ ဘိုးတော်ကုန်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တလောကဉာဏ၊ ဓမ္မိကတောရစာသင်တိုက်၊ ရွာတော်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
၁၃။ ဘဒ္ဒန္တဝိစိတ္တာစာရ၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်)၊ အမှတ် ၁ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၁၄။ ဘဒ္ဒန္တပညာသာမိ၊ တိုက်ကျောင်းစာသင်တိုက်၊ တရုပ်စုရပ်ကွက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၅။ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၆။ ဘဒ္ဒန္တဓမ္မပါလ၊ စည်သာကျောင်း၊ အဘယာရာမမိုးထိတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၇။ ဘဒ္ဒန္တနန္ဒမေဓာ၊ မဟာအောင်မြေရွှေဘုံစာသင်တိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။
၁၈။ ဘဒ္ဒန္တဥက္ကံသ၊ ပြသတိုက်ကျောင်း၊ ပြသတိုက်ကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၉။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ အမှတ် ၁၄/၂ - ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၀။ ဒေါက်တာ ဘဒ္ဒန္တကေတု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၁။ ဘဒ္ဒန္တပဏ္ဍိတ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၂။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ရွှေသမင်နန္ဒဝန်စာသင်တိုက်၊ တောင်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၂၃။ ဒေါ်နန္ဒမာလာ၊ ခေမာသိရီစာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏိဿရ၊ နတ်မော်ကျောင်းတိုက်နှင့်နတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြိတ်တောင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသုမန၊ ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တကုသလ၊ မနောဟရီကျောင်းတိုက်၊ လှည်းဆိပ်စံပြကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တမုနိန္ဒ၊ ကန်မိန်းပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၅။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်၊ ဂယာခရိုင်၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။
၆။ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ဉာဏာဝါသကျောင်း၊ မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်၊ ဗုဒ္ဓနာဂရီရပ်ကွက်၊ ကုသိနာရုံမြို့(ကုသိနာရုံခရိုင်)၊ ဂေါ်ရခပူရ်တိုင်း၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဓမ္မပိယ၊ မင်းကျောင်းတိုက်၊ ဘော်လခဲမြို့၊ ကယားပြည်နယ်။
၂။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ကြက်တူရွေးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကြက်တူရွေးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၄။ ဘဒ္ဒန္တပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုမြို့မပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တတေဇောဘာသ၊ တောကျောင်းပရိယတ္တိစာသင်တိုက်၊ အလယ်ကျွန်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်းတိုက်၊ ရန်အောင်(၁) ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။

၇။ ဘဒ္ဒန္တဉာဏိန္ဒ၊ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)၊ တည်တောင်ကျေးရွာ၊ သာဝတ္ထိမြို့၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။

၈။ ဘဒ္ဒန္တဒေဝိန္ဒ၊ မင်္ဂလာသာစည်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ သက္ကလမြို့၊ ပဲခူးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တပညာဝံသ၊ တိလောကာရာမကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၁၀။ ဘဒ္ဒန္တဓမ္မိက၊ သာသနဝေပုလ္လလေးမျက်နှာစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တတိက္ခ၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပြည်ကြီးမျက်ရှင်လေးကောင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တခေမာစာရ၊ သစ္စဝေဒဂူမိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ရေကြည်ကျေးရွာ၊ ရေတံခွန်တောင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တအကင်္ုရ၊ သာသနဝိဇ္ဇောတတောင်ကျောင်း၊ ရွှေလှေစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၄။ ဘဒ္ဒန္တဝါရိန္ဒ၊ ဘုရားကြီးကျောင်းတိုက်၊ ရှင်စောပုရပ်ကွက်၊ ကျိုက်မရောမြို့၊ မွန်ပြည်နယ်။

၁၅။ ဘဒ္ဒန္တကေတု၊ မြို့မပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မောင်တောမြို့၊ ရခိုင်ပြည်နယ်။

၁၆။ ဘဒ္ဒန္တဝိမလ၊ ဇေယျသုခကာရီတိုက်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ဘဒ္ဒန္တသုန္ဒရ၊ အရှေ့ကျောင်းတိုက်၊ ကန်ပြောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ဘဒ္ဒန္တသုဇန၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ အာဇာနည်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ဘဒ္ဒန္တသုစိတ္တ၊ နေနတ်သားစာသင်တိုက်၊ ဗားကရာလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ဘဒ္ဒန္တယသ၊ သာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အောင်မင်္ဂလာကျောင်းတိုက်၊ ဘရဏီလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ဘဒ္ဒန္တအဂ္ဂသေန၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ်။

၂၂။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ အမှတ်(၁) ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။

၂၃။ ဘဒ္ဒန္တပညာသာမိ၊ သာသနဟိတာရာမပုခမ်းကျောင်းတိုက်၊ အရှေ့ပိုင်း (၃)ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၄။ ဘဒ္ဒန္တနန္ဒသိရီ၊ ဓမ္မဓရမြန်မာသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ။

၂၅။ Most.Ven Phra Sophonvachirabhom(Sawai Chotiko), Wat Arunrajavararam, Wang Doem, Bangkok Yai၊ သွန်ဘူရီ၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိစာရဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တသီလာစာရ၊ ဝမ့်ကုန်းသာသနာပြုကျောင်း၊ ဝမ့်ကုန်းကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တယသ၊ ရွှေကျင်သရက်ကုန်းတောရကျောင်းတိုက်၊ ကျုံဖဲကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ပရဟိတဂေဟာနှင့်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ မြို့မ(၁) ရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တပညာနန္ဒ၊ မေတ္တာရွှေပြည်ကျောင်းတိုက်၊ ဖိုးဝင်းတပ်ကျေးရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တဝိမလ၊ ကမ္ဘာအေးကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တသုန္ဒရ၊ ကျောင်းကြီးကျောင်းတိုက်၊ ရေနံ့သာကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တဝိလာသ၊ ရွှေစည်ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မန်ကျီးအုပ်ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တဥတ္တရသာရ၊ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ သီရိမင်္ဂလာသော်ကမြောင်ကျောင်းတိုက်၊ တောင်စွန်းမြို့၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၀။ ဘဒ္ဒန္တဥတ္တမ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သဝင်ချောင်းပရိယတ္တိစာသင်တိုက်၊ သဝင်ချောင်းကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၁။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမကျောင်းတိုက်၊ ဓမ္မပါလလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တကောဝိဒ၊ ဇီးပင်ဝဲအနောက်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ဇီးပင်ဝဲကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တပညာစာရ၊ မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ(တတိယအဆင့်)၊ သစ္စာလမ်းနှင့်ဖိုးခေါင်လမ်းထောင့်၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တသုဝရ၊ ရွှေလီမောဝ်ခမ်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရပ်ကွက် (၆)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၅။ ဒေါက်တာဘဒ္ဒန္တတေဇဝန္တ၊ ရတနာဉာဏ်ရောင်ဓမ္မရိပ်သာ၊ ဒေလီစီးတီး၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။

၁၆။ Ven. Shi Cheng Qing (ဘဒ္ဒန္တရှီချင်းကျင်) ၊ SI EN ဘုန်းကြီးကျောင်း၊ ဝူကျိုးမြို့၊ BAI YUN တောင်၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**သီလရှင်ဆရာကြီး**

၁၇။ ဒေါ်ဝဏ္ဏသီဂီ၊ ကမ္ဘောဇသီဂီအမှတ်(၁) သီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်းတိုက်၊ မိုင်းယု (၁၀၅) မိုင် ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၁၈။ ဒေါက်တာအနော်ဇာ၊ ဆူလရှန်ကိတ္တိဝိဟာရကျောင်းတိုက်၊ ၁၃ - ရပ်ကွက်၊ ချောဘမြို့နယ်၊ ကတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ။

**လူပုဂ္ဂိုလ်များ**

၁၉။ ဦးစိန်တင့်၊ အမှတ်(၁၁၆/ဒီ)၊ အင်းလျားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ဦးစိုးသိန်း၊ အမှတ်(၁၆-အေ/၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလ္လ၊ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ မဏိဇေယျသုခကျောင်းတိုက်၊ ဖားပြင်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တအဂ္ဂဝံသ၊ အုန်းတပင်ပရိယတ်+ပဋိပတ်တိုက်ကျောင်း၊ အုန်းတပင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တတေဇိန္ဒသာရ၊ မြို့ဦးရွာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တခေမိန္ဒ၊ အင်ဒိုင်းကုန်း ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အင်ဒိုင်းကုန်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တဉာဏသိရီ၊ မော်တောင်ဘုန်းတော်ကြီးသင်(အခမဲ့)ပညာရေးကျောင်း၊ ပြင်းငယ်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တဝရသာမိ၊ ရွာလယ်ဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မုဒုကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တအာသဘ၊ ပန်းစုံကျောင်းတိုက်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တဝိစိတ္တာဘိပါလ၊ တောင်ပေါက်နှီးဘုရားကြီးကျောင်းတိုက်၊ တောင်ရိုးတန်းလမ်း၊ ဒိုင်းဝန်ကွင်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၉။ ဘဒ္ဒန္တက္ကန္ဒောဘာသ၊ ရာဟုလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ထန်းချောင်းကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၀။ ဘဒ္ဒန္တအာသဘ၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၊ ဆ / က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တကေသရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တမာနိတ၊ ကျိုက္ကစံဝေဠုဝန်ရွှေကျင်တိုက်၊ ဆ / က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တဝိမလ၊ အောင်သာကုန်းကျောင်းတိုက်၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တသုန္ဒရ၊ ဟုန်းခမ်းပရိယတ္တိစာသင်တိုက်၊ ကျေးသီးမြို့၊ ရှမ်းပြည်နယ်။

၁၅။ ဘဒ္ဒန္တတိက္ခဉာဏ၊ လုံးပိုးမြောက်ကျောင်း၊ လုံးပိုးကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်။

၁၆။ ဘဒ္ဒန္တစန္ဒာဝရ၊ သုဝဏ္ဏာရာမကျောင်းခမ်းပရိယတ္တိစာသင်တိုက်၊ ကျောင်းခမ်းကျေးရွာ၊ သိန်းနီမြို့နယ်၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တဇောတိက၊ ယန်းပူးကျောင်းတိုက်၊ ယန်းပူးကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တမုနိန္ဒ၊ ရွှေစကားဝါသုခဗလကျောင်းတိုက်၊ မန်စံရပ်ကွက်၊ နမ္မတူမြို့၊ ရှမ်းပြည်နယ်။

၁၉။ ဘဒ္ဒန္တဒေဝိန္ဒ၊ ကုန်းဆာကျောင်း၊ ကုန်းဆာကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

၂၀။ ဘဒ္ဒန္တနေမိန္ဒ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ နမ့်ပေါင်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၁။ Ven. Suvanh CHANTHALATH (ဆရာတော်ဆုဗန်ချန်သလတ်)၊ လောင်းဘုရားကျောင်း၊ ချန်ပါဆတ်ခရိုင်၊ ချန်ပါဆတ်ပြည်နယ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ။

၂၂။ Ven.Basumitra Mohathero (ဆရာတော် ဘဆူမေတြာ မဟာထေရော)၊ Deputy Sangharaja Dr.Jnanasree Mahathera ကျောင်းတိုက်၊ Sakpura ကျေးရွာ၊ စစ်တကောင်းခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၂၃။ ဒေါက်တာဘဒ္ဒန္တကေလာနန္ဒ၊ ကမ္ဘောဇကျောင်း၊ ဂယာမြို့၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။

**သီလရှင်ဆရာကြီး**

၂၄။ ဒေါ်ဧသီဂီ၊ အတုလဇေယျဝံသီ သီလရှင်စာသင်တိုက်၊ ရပ်ကွက်(၅)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

**လူပုဂ္ဂိုလ်များ**

၂၅။ ဦးဗိုလ်မောင်မြင့်၊ ကျားတက်ကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၆။ ဦးအောင်ကျော်နိုင်၊ (18), Garth Court, Ellesmere Road, Chiswick၊ W 44 QL၊ လန်ဒန်မြို့၊ ဗြိတိန်။

### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ စက်ရုံရပ်ကွက်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တကေသရိန္ဒ၊ အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁) မြင်တော်သာလမ်း၊ အမှတ်(၇) အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ၊ မိုးကုတ်ဝိပဿနာဇေတဝန်ရွှေကျောင်းတော်၊ စံပယ်လမ်း၊(၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တနန္ဒမာလာ၊ ကျိုက္ကမျှမ်ဘုရားကြီး လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ (၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဇာတ၊ မဟာစည်သန္တိသုခရိပ်သာကျောင်းတိုက်၊ သာစည်ရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တမာနိတ၊ ငှက်ပစ်တောင် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင်(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တတေဇနိယ၊ မဏိရတနာကျောင်း၊ ပြာသာဒ်ကျောင်းတိုက်၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တပညာသာရ၊ ပန်းတစ်ပွင့်တောင်သာသနာပြုတောရရိပ်သာကျောင်းတိုက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တဓမ္မပါရဂူ၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်ခင်မြင့်၊ အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဆွေသဇင်၊ ခြံအမှတ်(၃)၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ လမ်း(၃၀)၊ ၇၀ × ၇၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးစိုးသိမ်း၊ ရန်ပြည်မန်းလမ်း၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဦးစိုးနိုင်၊ ၄၁×၈၉ လမ်းထောင့်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်လှသင်း၊ အမှတ်(ခ/၃၆)၊ ၈၃×၂၀ လမ်းထောင့်၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ငြိမ်းငြိမ်းနိုင်၊ အမှတ်( ၄၅/၄၆ )၊ (၆၈)လမ်း၊ ခိုင်ရွှေဝါလမ်းကြားနှင့် မနော်ဟရီလမ်းကြား၊ (ဆ-၁၂) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ အမှတ်(၂၁)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

### သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးတင်စိန်(ခ)ဦးနီနီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ချောချော(ခ) ဒေါ်အေးချော၊ အမှတ်(၆၆၁)၊ (၇၉) လမ်း၊ ၃၉×၄၀ လမ်းကြား၊ မှန်တန်းရပ်၊ ဟေမမာလာတောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ထွေးထွေး(ခ)ဒေါ်ရီရီထွေး၊ အမှတ် (၁၂၄)၊ (၇၃) လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်စန်းစန်းဝေ (ခ) ဒေါ်စန်းဝေ၊ အမှတ် (၄၁)၊ (၇၃)လမ်း၊ ၂၇ ×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဒေါ်မြင့်မြင့်သန်း၊ အမှတ်(၅၆)၊ (၇၂)လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၅။ ဒေါက်တာသင်းသင်း၊ အမှတ် ( ၃/စီ )၊ မေခလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ဒေါ်ပြုံးသဇင်၊ အမှတ်(၁၇)၊ ဝင်ဆာဂါးဒင်း၊ ရှင်စောပုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ဒေါ်ခင်ညွန့်၊ အမှတ် (၄၆/အီး)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ဒေါ်စန်းစန်းနွဲ့၊ အမှတ်(၃၆/စီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ(၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ဒေါက်တာမြသီတာ၊ အမှတ်(၃၃)၊ နဝဒေးလမ်းနှင့် ဗိုလ်ရာညွန့်လမ်းထောင့်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဒေါ်အေးအေးမာ၊ အမှတ်(၁၂/၁၄)၊ ရွှေဘုံသာလမ်း၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဒေါ်ဝေဝေမွန်၊ အမှတ် (၉၀)၊ အင်းယားလမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဒေါ်မာလာမြင့်၊ အမှတ် (၆၁/ဘီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဒေါ်ချိုသာခင်၊ (၁၈/စီ)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဒေါ်နွေးနွေး၊ အိမ်အမှတ် (ကမတ/၃၀၅)၊ ကောင်းမူးတုံရပ်ကွက်၊ မြို့ပတ်လမ်း၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။

### သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးသန့်စင်၊ သူဌေးကုန်းကျေးရွာ၊ အလယ်သောင်အုပ်စု၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၂။ ဦးခင်ဝင်း၊ အမှတ်(၁၁၃)၊ ကျိုက္ခမီလမ်းမကြီး၊ ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃။ ဦးဝင်းထွန်း(ခ)ဦးသားချို၊ အမှတ်(၄၆)၊ မောင်ကလေးလမ်း၊ အရှေ့ရှမ်းကုန်းရပ်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၄။ ပါမောက္ခဒေါက်တာကြည်စိုး၊ အမှတ်(၅၈/၄)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဦးအောင်သန်းစိန်၊ အမှတ် (၃၉)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ဦးမောင်မောင်လေး၊ အမှတ်(၅၃)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ဦးမြင့်စိုးထွန်း၊ အခန်း (၃၀၁)၊ အမှတ် (၂၄၁/၂၄၃)၊ လမ်း (၄၀) အထက်၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ဦးလှမြင့်၊ အမှတ် (၁၇၇/က)၊ ရန်ပြေ(၁၁) လမ်း၊ ၃/ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ဦးဝေဖြိုး၊ အမှတ်(၁၁၈/စီ)၊ ပြည်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဦးမျိုးမင်းဇော်(ခ)ဦးစိုင်းဘိုဘို၊ အမှတ်(၄)၊ မေတ္တာလမ်း၊ သီရိမဟာရပ်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

### သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်သင်းမျိုးမျိုးအောင်၊ အမှတ် (၄၉၀/၄၉၁)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။

၂။ ဒေါ်သင်းသင်းရီ၊ မိဘဂုဏ်ရည်တိုက်၊ အမှတ် (၁၁၇/ခ)၊ မလွန်ရပ်၊ အကွက်အမှတ် (၅၆၅)၊ (၈၅) လမ်း၊ ၃၂×၃၃ လမ်းကြား၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်ဖြူဖြူ အောင်သပြေခြံ၊ (၅၈)လမ်း၊ ၂၅×၂၆ လမ်းကြား၊ မဟာဇေယျာဘုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဒေါ်တင်တင်ခိုင်၊ အမှတ်(ဟ-၁၂/၆+၁၅)၊ (၆၂)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၅။ ဒေါ်ရွှေလှ၊ ဇေယျသုခခြံ၊ (၂၆)လမ်း၊ ၆၁×၆၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၆။ ဒေါ်မေမျိုးမြတ်၊ အမှတ်(၁၄၆/ခ)၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၇။ ဒေါ်အေးမော်စီ၊ အကွက်အမှတ်(၁၁၂)၊ (၈၉)လမ်း၊ ၂၁×၂၂ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဒေါ်ကြည်ကြည်နွဲ့ (ခ) ဒေါ်စုစုသန်း၊ ချောင်းကြီးကျေးရွာ၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဒေါ်ရွှေဥ ( ခ ) ဒေါ်နုနုဝေ၊ အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ( ၈ ) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဒေါက်တာသန်းသန်းနွဲ့၊ အမှတ်(၃၄)၊ ဗဟိုလမ်း၊ သီရိမင်္ဂလာလမ်းသွယ်(၅)လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဒေါက်တာအေးအေး၊ အမှတ် (၅၈/၆၀)၊ (၄၃)လမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဒေါ်နီနီအောင်၊ အမှတ် ( ၁၀၈ )၊ သုဒဿနလမ်း၊ နန္ဒွင်းကုန်းရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဒေါ်ရီရီဆွေ၊ အမှတ်(၃၁/က)၊ ပုဂံလမ်း၊ အောင်ဇေယျအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဒေါ်နှင်းမြတ်ထွေး၊ အမှတ် (၃)၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ဒေါ်သက်သက်နိုင်၊ အမှတ် (၃၉)၊ ဗဟိုလမ်း၊ သီရိမင်္ဂလာလမ်းသွယ် ( ၆ )လမ်း၊ (၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ဒေါ်ရည်ဝိုင်းဦး၊ အမှတ်(၄၁/က)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ဒေါ်အိသန္တာဘို၊ အမှတ်(၄၃/၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ဒေါ်ခိုင်သက်မွန်၊ တိုက်အမှတ်(၄)၊ ပါရမီအိမ်ရာ(လောကနတ်အိမ်ရာဝင်း)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ဒေါ်သိင်္ဂီလင်း၊ အမှတ်(၄၁/ခ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**( ပုံ ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ချောက်မြို့နယ် ဆူးတောကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

**(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော် ဓာတ်အားလိုင်းမှ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြေပဒုံကျေးရွာအုပ်စု ဆူးတောကျေးရွာသို့ လျှပ်စစ်ဓာတ်အားရောက်ရှိဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဆူးတောကျေးရွာတွင်ကျင်းပသည်။** (အောက်ပုံ)



အဆိုပါအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီးဝန်ကြီး ဦးနေရှင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ အငြိမ်းစား ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးပိုက်ထွေးနှင့် ဒေါက်တာ မောင်မောင်ဌေး၊ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ချောက်-လမ်းရွာ ရေနံမြေမှ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်နှင့် တိုင်းဒေသကြီးလျှပ်စစ် ဒုတိယအင်ဂျင်နီယာ ဦးထွားစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က ကျေးရွာလျှပ်စစ် မီးလင်းရေးအတွက်ခလုတ်များနှိပ်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် လူမှုရေးတာဝန်ယူမှု (CSR) လုပ်ငန်း အစီအစဉ်အဖြစ် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်း ချောက်-လမ်းရွာ ရေနံမြေ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြေပဒုံကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီနှင့် KST ကုမ္ပဏီတို့မှ ပူးပေါင်း၍ ဆောင်ရွက်ပေးနေမှုနှင့် လျှပ်စစ်မီးရရှိပါက လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ် ဒုတိယအင်ဂျင်နီယာက လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များကိုလည်းကောင်း၊ ရေနံမြေ အထွေထွေမန်နေဂျာနှင့် KST ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးရဲညွှန့်တို့က မီးလင်းရေးဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူတို့က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ထံ လျှပ်စစ်မီးလင်းရေးဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ချောက်-လမ်းရွာ ရေနံမြေမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း CSR လုပ်ငန်းများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအထွေထွေလုပ်ငန်းများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၄) ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဂါလန် ၅၀၀၀၀ ဆံ့ အုတ်ရေကန်ပြုလုပ်ပေးခြင်း၊ အခြေခံပညာကျောင်းပေါင်း ၄၀ တို့အတွက် ကျောင်းဆောင်နှင့် အိမ်သာများ ပြုပြင်ဆောက်လုပ်ပေးခြင်း၊ စာသင်ခုံများ လှူဒါန်းခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအား ရေသန့်စက်တပ်ဆင်ပေးခြင်း၊ ကျောက်ကပ်ဆေးစက်လှူဒါန်းခြင်း၊ ချောက်မြို့နယ်တွင်းရှိ ၃၁ ရွာအတွက် လျှပ်စစ်ထရန်စဖော်မာ ၃၁ လုံးကို ရာနှုန်းပြည့်ပေးလှူပြီး ယခု ဆူးတောကျေးရွာ လျှပ်စစ်မီးရရှိရေးတွင် ဓာတ်တိုင် ၄၅၀ ရှိသည့်အနက် မီးတိုင် ၂၀၀ ကျော်နှင့် မီးကြိုးများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြေပဒုံကျေးရွာအုပ်စု ဆူးတောကျေးရွာမီးလင်းရေးအတွက် ကုန်ကျငွေ ကျပ်သိန်းပေါင်း ၈၀၀၀ က ချောက်-လမ်းရွာရေနံမြေ၏ CSR လုပ်ငန်းရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေနှင့် KST ကုမ္ပဏီတို့မှ လှူဒါန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု မြေပဒုံကျေးရွာအုပ်စု ဆူးတောကျေးရွာသို့ သွယ်တန်းသည့် ၁၁ မိုင် အရှည်ဓာတ်အားလိုင်းမှ ရွာအနီးပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာသို့ မကြာမီဆက်လက်သွယ်တန်းဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တစ်ပြည်လုံး အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့ ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့အများအားဖြင့်သာယာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

**(မိုး/ဇလ)**

# ရွှေသဘာဝဓာတ်ငွေ့သိုက်မှစ၍ ဘင်္ဂလားပင်လယ်အော် ကမ်းလွန်အလယ်ပိုင်းနှင့် တောင်ပိုင်းလုပ်ကွက်များအထိ သဘာဝဓာတ်ငွေ့ခိုအောင်းဖြစ်တည်မှု အတည်ပြု

နေပြည်တော် ဇန်နဝါရီ ၃

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသော MPRL ကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် Woodside Energy (Myanmar) Pte.Ltd နှင့် Total E & P Myanmar တို့နှင့် ပူးပေါင်း၍ ''ရွှေရည်ထွန်း'' တွင်းအမှတ်(၁)ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ တူးဖော်ခဲ့ရာ ယနေ့အထိ အနက် ၅၃၀၆ မီတာထိ အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီဖြစ်သည်။**

အဆိုပါတွင်း၏ တူးဖော်ပြီးစီးမှုနှင့် တိုင်းတာတွေ့ရှိချက်များကို ကြည့်ရှုစစ်ဆေးရန်အတွက် တူးဖော်ရေးသင်္ဘော Deepwater Millennium ပေါ်သို့ ယနေ့ နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ တူးဖော်ရေးသင်္ဘောပေါ်ရှိ ရှင်းလင်းခန်းမ၌ Woodside ကုမ္ပဏီမှ Vice President, Mr. Mark Thompsonက တွင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် သဲကြောတိုင်းတာစစ်ဆေးတွေ့ရှိချက်များကို လည်းကောင်း၊ MPRL ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အစုရှယ်ယာဝင်ကုမ္ပဏီများ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုရရှိသည်အထိ ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ကွက်အမှတ် A-6 ၏ စီးပွားဖြစ်ရှာဖွေဖော်ထုတ်နိုင်သည်အထိ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ယခုတိုင်းတာတွေ့ရှိချက်များကို အတည်ပြုလုပ်ငန်းများဆောင်ရွက်ပြီး အောင်မြင်မှုရရှိအောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ တူးဖော်ရေးသင်္ဘောပေါ်ရှိ ပညာရှင်များကို သစ်သီးခြင်းလက်ဆောင်များပေးအပ်ကြသည်။ **(ယာပုံ)**





မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်စမ်းသပ်တိုင်းတာမှုများကို တွေ့ရစဉ်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွင်းတူးစက်ပေါ်သို့ လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။


"ရွှေရည်ထွန်း" အမှတ်(၁)တွင်းသည် ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်၊ ငွေဆောင်ကမ်းခြေမှ မိုင် ၃၀ ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေအနက် ၂၀၃၃ မီတာနေရာ၌တည်ရှိပြီး ယင်းမှ ပင်လယ်ကြမ်းပြင်အောက် အနက် မီတာ ၅၀၀၀ ခန့်ရှိ Saung အမည်ရ လွှာတွန့်ခုံး (Anticline Structure)အတွင်း ဘူမိသက်တမ်း(Pliocene) သက်တမ်းရှိ သဲကျောက်လွှာများအထိ တူးဖော်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က သဲကြောစမ်းသပ်တိုင်းတာခြင်း (Wireline Log) ဆောင်ရွက်ခဲ့ရာ အနက် ၄၂၉၇ မီတာ၊ အနက် ၄၃၅၆ မီတာနှင့် အနက် မီတာ ၄၄၀၀ရှိ သဲကြောသုံးခုအတွင်း သဘာဝဓာတ်ငွေ့များ ခိုအောင်း ဖြစ်တည်နေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်။

အဆိုပါ တိုင်းတာတွေ့ရှိမှုများအရ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ ကမ်းလွန်လုပ်ကွက်များအတွင်း ဒေသမြောက်ဖျားပိုင်း ရွှေသဘာဝဓာတ်ငွေ့သိုက်မှစ၍ ဘင်္ဂလားပင်လယ်အော် ကမ်းလွန်အလယ်ပိုင်းနှင့် တောင်ပိုင်းလုပ်ကွက်များအထိ သဘာဝဓာတ်ငွေ့ခိုအောင်းဖြစ်တည်မှုရှိနိုင်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

စမ်းသပ်တိုင်းတာမှုများအပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် အကဲဖြတ်တွင်းများ တူးဖော်ခြင်းနှင့် အသေးစိတ်တိုင်းတာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသောအချက်အလက်များအရ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုအခြေအနေကို ဆက်လက်ဖော်ထုတ်အတည်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)၊ ဓာတ်ပုံ-စွမ်းအင်**




○ ကျော်ဖုံးမှ

တစ်ဖွဲ့တည်း ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စတင်ခဲ့သည်ဟု ဆိုသည်။

MPRL E & P ၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က "ကျွန်တော့်အနေနဲ့ အခု အောင်မြင်မှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မြန်မာအမျိုးသားများ ဦးဆောင်တဲ့ ရေနံကုမ္ပဏီဖြစ်တဲ့ MPRL E & P အနေနဲ့ နည်းပညာ၊ ငွေကြေးအခက်အခဲများစွာကနေ ရခိုင်ကမ်းလွန်တောင်ဘက်ပိုင်းမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့ တည်ရှိနိုင်မှု (Petroleum Play) ကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ပြီး နိုင်ငံတကာ ကုမ္ပဏီကြီးတွေ စိတ်ဝင်စားမှုကို ရရှိစေခဲ့ပါတယ်။

"အခု ရှာဖွေတွေ့ရှိမှုဟာ ကမ္ဘာ့အဆင့် ကြီးမားတဲ့ဓာတ်ငွေ့သိုက်တစ်ခုကို ရှာဖွေတွေ့ရှိမှုအစဖြစ်နိုင်ပြီး MPRL E & P အနေနဲ့ အခုရှာဖွေတွေ့ရှိမှုကို အဆင့်မြှင့်တင်သွားဖို့အတွက် Woodside၊ Total E & P တို့နဲ့အတူ ဆက်လက်ရှာဖွေတူးဖော်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီရှာဖွေတွေ့ရှိမှုဟာ အဲဒီလုပ်ကွက်မှာ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းတွေအားလုံး အထူးသဖြင့် မြေအောက်သယံဇာတများရဲ့ အဓိကပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်နဲ့ ပြည်သူပြည်သားအားလုံးကို အကျိုးဖြစ်ထွန်းစေမယ့် အောင်မြင်မှုဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)၊ ဓာတ်ပုံ-စွမ်းအင်**

# ရေစကြိုမြို့နယ် ကျောက်လှေခါး-ဆင်ကြို့-လိုတရ သရက္ခန်ရွှေဂူဘုရား ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၃**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောက်လှေခါး- ဆင်ကြို့- လိုတရ သရက္ခန်ရွှေဂူဘုရား ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျောက်လှေခါးကျေးရွာ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တက်ရောက်ပြီး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက ကတ္တရာလမ်းသစ်ဖောက်လုပ်ရခြင်းရည်ရွယ်ချက်နှင့် လမ်းပိုင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိမှ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးကို အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တည်ငြိမ်အေးချမ်းမှုရရှိပြီးဖြစ်သည့် ရေစကြိုမြို့နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဗဟုသုတများ တိုးပွားအောင် လေ့လာဆည်းပူးကြရန်နှင့် တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှုမှ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံတော်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ကျောက်လှေခါး-ဆင် ကြို့-လိုတရ သရက္ခန်ရွှေဂူဘုရား ကတ္တရာလမ်းသစ်သည် အရှည်သုံးမိုင် လေးဖာလုံ၊ လမ်းအကျယ်





၁၈ ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၅၀ ဒသမ ၂၅ သန်း အကုန်အကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျောက်လှေခါး-ဆင်ကြို့-လိုတရ သရက္ခန်ရွှေဂူဘုရားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သဖြင့် လိုတရ သရက္ခန်ရွှေဂူဘုရားသို့ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသည့် ဆင်ကြို့ရွာ အမှတ်(၁၃၆) အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောင်းဆောင်ကို ပြန်လည်ပြုပြင်တည်ဆောက်ထားမှု၊ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ အာစီ ကွန်ကရစ်တစ်ထပ်ဆောင်ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်တည်ဆောက်နေသည့် လမ်းအရှည် သုံးမိုင်သုံးဖာလုံရှိသည့် ပခန်းကြီး၊ ပခန်းငယ် ကုန်ထုတ်လမ်းမွမ်းမံပြင်ဆင်နေမှုအခြေအနေနှင့် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့်ပျက်စီးသွားသည့် လမ်းပိုင်းနှင့်တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း၊ လမ်းအရှည် နှစ်မိုင်ရှိသည့် ဆင်ချောင်း-ဇီးကုန်း ကုန်ထုတ်လမ်း ကြံ့ခိုင်မှုအခြေအနေနှင့် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် လမ်းပိုင်းနှင့် တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

# ခေတ်သစ်ကျေးကျွန် သို့မဟုတ် လူကုန်ကူးမှုဘယ်ကစခဲ့တာလဲ

**ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လုပ်သားအင်အားများလည်း လိုအပ်လာကြသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံများသို့ အလုပ်အကိုင်အခွင့်အလမ်းအတွက် ရွှေ့ပြောင်းလုပ်သားများကလည်း သွားရောက်အလုပ်လုပ်ကိုင်လိုကြသည်။ ဤကဲ့သို့ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ မိမိတို့နိုင်ငံအတွင်း ရိုးသားမှု၊ ဆင်းရဲနွမ်းပါးမှု၊ ဗဟုသုတနည်းပါးမှုကိုအခွင့်ကောင်းယူ၍ လူပွဲစားများ၏ မာယာထောင်ချောက်ထဲကျရောက်ပြီး လူကုန်ကူးမှုခံရခြင်းစသောအကြောင်းများကြောင့် ခေတ်သစ်ကျွန်အဖြစ် လူကုန်ကူးခံရခြင်း ဖြစ်သည်။**

လူကုန်ကူးခြင်း၏ နောက်ခံသမိုင်းရပ်မှာ လူကုန်ကူးခြင်းသည် ရာစုနှစ်များစွာကပင် ကမ္ဘာတစ်ဝန်းပေါ်ပေါက်ခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းရောက်မှသာ နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်လာခြင်းဖြစ်သည်။ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများနှင့် အာရှဒေသတို့တွင် လူများကို ကျေးကျွန်သဖွယ်ပြုခဲ့သည့် ဖြစ်ရပ်များသည် သမိုင်းတွင် သာဓကများစွာရှိခဲ့သည်။ လူကုန်ကူးခြင်း(သို့) ခေတ်သစ်ကျွန်စနစ်ဟူ၍ ပြန်လည်ရှင်သန်လာသည်မှာ နှစ် ၂၀ ကျော်ရှိပြီဖြစ်သည်။

၁၉၈၀ နှောင်းပိုင်းနှင့် ၁၉၉၀ နှစ်ဦးပိုင်းများ၌ ကမ္ဘာ့နိုင်ငံရေးတွင် ကြီးမားစွာပြောင်းလဲခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးကာလမှ စတင်ပေါ်ပေါက်လာခဲ့သောအရှေ့အုပ်စုနှင့် အနောက်အုပ်စု၊ အရင်းရှင်စနစ်၊ ကွန်မြူနစ်စနစ်တို့သည် ၁၉၈၀ နှောင်းပိုင်း ဆိုဗီယက်ပြည်ထောင်စုနှင့်အတူ ပြိုလဲသွားသည်။ အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့ခြားထားသော သံမဏိတံတိုင်းပြိုပျက်မှုကြောင့် အရှေ့အုပ်စုဝင်၊ အနောက်အုပ်စုဝင်နိုင်ငံများအကြား အတားအဆီးများလျော့ကျလာခဲ့သည်။

နိုင်ငံများအကြား အတားအဆီးများလျော့ကျခြင်းနှင့် ကူးသန်းဆက်သွယ်မှု များလာခြင်းကြောင့် ဆင်းရဲနွမ်းပါးသည့် နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးတောင့်တင်းခိုင်မာခြင်းမှရရှိသည့် အကျိုးတရားများကို လိုလားတောင့်တလာကြသည်။

ဖွံ့ဖြိုးတိုးတက်မှု မညီမျှသော၊ ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားမှုမရှိသောအခြေအနေနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသို့မဟုတ် နိုင်ငံတစ်ခုတည်းအတွင်းရှိ ကြွယ်ဝချမ်းသာသောဒေသနိုင်ငံများနှင့် လက်လှမ်းမီသိရှိနိုင်ခြင်းတို့သည် မိမိဘဝကို လက်ရှိအနေအထားထက် မြင့်မားလိုသူများ၊ ဘဝသစ်ထူထောင်လိုသူများအတွက် မျှော်လင့်ချက်များ ပေါ်ပေါက်စေသည်။ ထိုကဲ့သို့ အခြေအနေအကြောင်းအခြင်းအရာများကြောင့် တိမ်ကောပပျောက်သွားပြီဖြစ်သော ကျွန်ပြုခြင်းအလေ့အထများ ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။

လူကုန်ကူးမှု အထမြောက်ခြင်း အမျိုးမျိုးရှိသည်။ ယင်းမှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲမှုကို အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်ရန်ငွေကြေး/အကျိုးအမြတ်ပေးခြင်း/ လက်ခံခြင်းတစ်ရပ်ရပ်ကိုပြုလုပ်ပြီး သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်။ လူမှောင်ခိုခြင်းဆိုသည်မှာ ငွေကြေး သို့မဟုတ် အခြားသောပစ္စည်း အကျိုးအမြတ်တစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူရန်အလို့ငှာ နိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူတစ်ဦးကို နိုင်ငံတစ်ခုအတွင်းသို့ တရားမဝင်ပို့ဆောင်ပေးခြင်း သို့မဟုတ် ဝင်ရောက်စေခြင်းကို ဆိုလိုသည်။

လူကုန်ကူးမှုခံရသူနှစ်မျိုးရှိသည်။ ယင်းမှာ ကယ်တင်ထားသော လူကုန်ကူးခံရသူများ၊ လမ်းခရီးတွင် တားဆီးခံရသည့် လူကုန်ကူးခံရသူများဟူ၍ ဖြစ်သည်။

ကယ်တင်ထားသော လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများလက်ထဲမှ ကယ်တင်ခံရသူ သို့မဟုတ် တစ်နည်းအားဖြင့် လွတ်မြောက်လာသူများဖြစ်သည်။ ၎င်းတို့မှာ လူကုန်ကူးသူများ၏ လက်ထဲတွင် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်ခြင်းခံရပြီးသူများဖြစ်သည်။

လူကုန်ကူးခြင်းခံရသူများအား ထားရှိသည့်နေရာ အဆောက်အအုံပုံစံနှင့် အခြေအနေ(ဥပမာ- အုတ်တံတိုင်းအမြင့် ကာရံထားခြင်း၊ ဝင်ထွက်ရန်ခက်ခဲခြင်း)ရှိပါက လူကုန်ကူးမှုဖြစ်နိုင်သည်။ ထို့အပြင် အဆောက်အအုံပြင်ပသို့ တစ်ဦးချင်း လွတ်လပ်စွာ သွားလာခွင့်ပြုခြင်း ရှိမရှိ၊ ခရီးသွားစာရွက်စာတမ်း၊ နိုင်ငံကူးလက်မှတ်နှင့် မှတ်ပုံတင်များ လက်ဝယ်ကိုင်ဆောင်ခွင့် ရှိမရှိ ပြင်ပသို့ တယ်လီဖုန်းအပါအဝင် လွတ်လပ်စွာ ဆက်သွယ်ခွင့် ရှိမရှိ၊ ယင်းအခြေအနေများမရှိပါက လူကုန်ကူးခံရခြင်းဖြစ်နိုင်သည်။ လုပ်အားခ ရရှိမှု ရှိမရှိ၊ အကြွေးဖြင့်ချည်နှောင်သည့် အခြေအနေ ရှိမရှိ၊ အလုပ်ချိန် နာရီပေါင်းများစွာလုပ်ကိုင်ရမှု ရှိမရှိ၊ နှိပ်စက်ညှင်းဆဲမှုကြောင့် ခန္ဓာကိုယ်တွင် ဒဏ်ရာအမာရွတ် ရှိမရှိ၊ ကူးစက်ရောဂါ ရှိမရှိ၊ ရှိပါက လူကုန်ကူးမှုခံရခြင်းဖြစ်နိုင်သည်။ ထို့အပြင် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာလုပ်ငန်း ဖျော်ဖြေရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြောင်းတွေ့ရှိရပါက လူကုန်ကူးခံရသူဖြစ်နိုင်သည်။ အလုပ်လုပ်ကိုင်သည့်နေရာဒေသ၏ ဘာသာစကား၊ ယဉ်ကျေးမှုကို နားလည်ခြင်း ရှိ မရှိ၊ အလုပ်လုပ်ကိုင်သည့်နေရာ၏ အခြေအနေ၊ ခရီးစရိတ်ကို တစ်စုံတစ်ဦးက စိုက်ထုတ်ပေးခြင်း ရှိ မရှိ၊ Victim များကို အခြားတစ်ဦးထံ လက်ဆင့်ကမ်းလွှဲပြောင်းမှု ရှိ မရှိ ယင်းကိစ္စများရှိပါက လူကုန်ကူးမှုခံရခြင်းဖြစ်နိုင်သည်။

လမ်းခရီးတွင် တားဆီးခဲ့သည့် လူကုန်ကူးခံရသူများမှာ လူကုန်ကူးသူများက သွေးဆောင်ဖြားယောင်းပြီး သယ်ယူပို့ဆောင်စဉ် လမ်းခရီးတွင် တားဆီးခံရသူများဖြစ်သည်။ လူကုန်ကူးရန် ကြိုးပမ်းအားထုတ်သည့် အဆင့်တွင် တားဆီးပြီး ကယ်တင်ခံရသူများမှာ ခရီးသွားစာရွက်စာတမ်း၊ မှတ်ပုံတင်အတုများပါရှိခြင်း၊ အလုပ်ခန့်စာအတုများပါခြင်း၊ ၎င်းတို့ကိုယ်တိုင် စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုကို မနှစ်မြို့သည့်လက္ခဏာပြခြင်း၊ လူကုန်ကူးသူများကို ကျေးဇူးရှင်ဟု ယူဆယုံကြည်နေခြင်း၊ စိတ်အားထက်သန်မှု အမူအရာတွေ့ရှိခြင်း၊ တစ်ရံတစ်ခါ ထိတ်လန့်သည့်အမူအရာတွေ့ရှိခြင်း၊ အကြွေးတင်မည့်ကိစ္စကို စိတ်ပူပင်သောကရှိခြင်း၊ ဇာတ်တိုက်ထားသောစိတ်ကူး၊ လိမ်လည်ပြောရမည့်စကားလုံးများ သင်ကြားထားခြင်း၊ အုပ်စုတစ်စုတည်းတွင် တစ်ဦးနှင့်တစ်ဦး မသိမရင်းနှီးသော အမျိုးသမီးများ၊ ကလေးများပါဝင်ခြင်း၊ မူလပြောထားသောခရီးစဉ်မှ ရုတ်တရက်ခရီးစဉ်ပြောင်းလဲခြင်း၊ လက်ဆင့်ကမ်းလွှဲပြောင်းခြင်း ရှိမရှိ၊ ရေရာသောရည်မှန်းချက် မဖော်ပြနိုင်ခြင်းတို့ဖြစ်သည်။

လူကုန်ကူးမှု၊ လူမှောင်ခိုမှုများကို နိုင်ငံတော်က လူကုန်ကူးမှုတားဆီးရေးအဖွဲ့များဖွဲ့စည်း၍ အမျိုးသားရေးအသွင်ဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မည်သို့ပင် ဖမ်းဆီးအရေးယူဆောင်ရွက်နေစေကာမူ ဝိသမစီးပွားရေးသမားများ၏ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် စိတ်ဓာတ်နှင့် လူကုန်ကူးမှုလုပ်ငန်းများကို ဆက်လက်ကျူးလွန်နေကြသည်။ သို့ဖြစ်၍ လူတိုင်းကိုယ်စီသတိ၊ အသိတရားနှင့်ယှဉ်ပြီး ယနေ့ခေတ်သစ်ကျေးကျွန် လူကုန်ကူးခြင်းမှ ကင်းဝေးကြစေသော်-----။

**သန်းဦး(လေးမျက်နှာ)**

## ကံမ၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရှင်ပွဲများ ကျင်းပ

**ကံမ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့အားကစားကွင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရှင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပရာ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စီစဉ်ဆောင်ရွက်သော ကလေးပြပွဲ ပြိုင်ပွဲများပါဝင်ပြီး ဇာတ်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသောဈေးဆိုင်ခန်းများ၌ ကံမမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# MFF ချာရတီဖလားပြိုင်ပွဲ၌ ရန်ကုန်အသင်းဗိုလ်စွဲ

၂၀၁၆ ရာသီ MFF ချာရတီဖလားပြိုင်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ ရန်ကုန်အသင်းက ဧရာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ရန်ကုန် - တစ်ဂိုး**
**ဧရာဝတီ - ဂိုးမရှိ**

၂၀၁၆ ရာသီ၏ ပထမဆုံးပြိုင်ပွဲဖြစ်သည့် ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်အသင်းက တိုက်စစ်မှူး အက်ဒီဆင်၏ဂိုးဖြင့် ဗိုလ်စွဲသွားသည်။ ယင်းအတွက်ကြောင့် ရန်ကုန်အသင်းမှာ ချာရတီဖလားကို ဒုတိယအကြိမ်မြောက်ရယူကာ ဧရာဝတီအသင်းနှင့်အတူ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ရန်ကုန်အသင်းမှာ အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားများအနက် ဒဏ်ရာရနေသည့် မာဆယ်လိုကလွဲ၍ အက်ဒီဆင်၊ ဖာနန်ဒို၊ ယာမာတိုရှိတို့ အပါအဝင် ပြည်တွင်းကစားသမား အစုံအလင် ပါဝင်ခဲ့ပြီး ဧရာဝတီအသင်းမှာလည်း ပြည်တွင်း၊ ပြည်ပကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်း ခြေပိုသာခဲ့ပြီး ကြည်လင်းသည် ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့သည်။ ၃၁ မိနစ်တွင် ရန်ကုန်အသင်းဂိုးစရခဲ့ပြီး ကြည်လင်း၏ဖြတ်တင်ဘောမှတစ်ဆင့် အက်ဒီဆင်က သွင်းယူခဲ့သည်။ ဧရာဝတီအသင်းသည် ရံဖန်ရံခါ ထိုးဖောက်နိုင်ခဲ့သော်လည်း ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့ပြီး ရန်ကုန်ဂိုးသမား ဖာနန်ဒိုကာကွယ်နိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ရန်ကုန်အသင်းမှ ကျော်ကိုကိုတစ်ကိုယ်တော် ထိုးဖောက်မှုများနေ၍ အခွင့်အရေးများဆုံးရှုံးခဲ့ပြီး ဧရာဝတီအသင်းမှာလည်း ချေပဂိုး ရရှိနိုင်သည့်အခွင့်အရေးများကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ရန်ကုန်အသင်းမှာ အက်ဒီဆင်၏ဂိုးဖြင့် ချာရတီဖလားကို ထပ်မံရယူသွားခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ကျပ်သိန်း ၃၀ နှင့် ဘောလုံးအလုံး ၃၀ လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက အနိုင်ရရှိခဲ့သည့် ရန်ကုန်အသင်းအား ချန်ပီယံဆုဖလား ပေးအပ်သည်။ **(အပေါ်ပုံ)**

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



# ချောင်းသာကြီးဝိုင်းအတွင်း တောဆင်ရိုင်းသတ်ဖြတ်သူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုကို အရှိန်အဟုန်မြှင့် ဖမ်းဆီးလျက်ရှိရာ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့နယ် ချောင်းသာကြီးဝိုင်း အကွက်အမှတ် (၅၂) ကျောက်ပုံတောတွင်းစခန်းအနီးတွင် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ (DAYAM) အမျိုးအစား ဆိုင်ကယ်ပေါ်တွင် ဆင်မြီး၊ ဆင်နှာမောင်းအကွင်းခြောက် ၆၆ ခုနှင့် ဆင်အရေခွံခြောက် ပိဿာအိတ်နှစ်လုံး၊ အရှည် ၁၃ လက်မရှိ သားလှီးဓားတို့နှင့်အတူ ပြစ်မှုကျူးလွန်သူ မောင်ဖိုး ငဖြူကြီးရွာ ငဖဲမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။



သတ်ဖြတ်ခံရသည့် တောဆင်ရိုင်းအထီးတစ်ကောင်အား တွေ့ရစဉ်။

ယင်းနောက် သတင်းကွင်းဆက်ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ကျောက်ပုံတောတွင်းစခန်းနှင့် တစ်မိုင်ခန့်အကွာတွင်ရပ်ထားသော (KENBO)အမျိုးအစား ဆိုင်ကယ်ကိုတွေ့ရှိ၍ စစ်ဆေးရာတွင် ဆင်မြီး၊ ဆင်နှာမောင်းအကွင်းခြောက် ပိဿာအိတ်တစ်လုံး၊ ဆင်အရေခွံခြောက် ပိဿာအိတ်နှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ တောတွင်းဝင်ရောက်စစ်ဆေးရာမှ ချောင်းသာကြီးဝိုင်း၊ အကွက်အမှတ်(၅၂) ရေသိုးချောင်းလက်တက်အတွင်းတွင် အရေခွံလှီးဖြတ်ထားသည့် ဆင်သေတစ်ကောင်အားတွေ့ရှိခဲ့ပြီး တိုင်းတာချက်အရ အရပ်အမြင့် ရှစ်ပေခြောက်လက်မ၊ လုံးပတ်၁၄ ပေ၊ အလျား ၁၂ ပေ၊ ခန့်မှန်းအသက်(၃၂ နှစ်)ရှိသော တောဆင်ရိုင်းအထီးဖြစ်ကြောင်းနှင့် ဆင်သေအနီး ကိုက် ၅၀ ခန့်အကွာတွင် ဆင်သားရေများအား ကြပ်တိုက်သည့်စင်ကို တွေ့ရှိခဲ့ကြောင်း။

ထို့နောက် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးရှာဖွေရာ ရေသိုးကြီးဆင်စခန်းအနီးနှင့် ရေသိုးရွာအကြားတွင် မသင်္ကာဖွယ်လူတစ်ဦးတွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ မောင်ချောက် မင်းလွင်ရွာ ငဖဲမြို့နယ်နေသူထံမှ ဆင်မြီးအမွှာအချောင်း ၃၀၊ ဆင်ပစ်ခတ်ရာတွင် အဆိပ်အဖြစ်အသုံးပြုသောဆေးဒန်းကြီးတစ်ထုပ်၊ ဆေးထိုးအပ်တစ်ချောင်း၊ ဖော်စပ်ပြီး အဆိပ်နှစ်ကျပ်သားခန့်တစ်ထုပ် သိမ်းဆည်းရရှိသဖြင့် ၎င်းအား ဖမ်းဆီးခဲ့သည်။

ဆင်သတ်ဖြတ်မှု၌ ဖမ်းဆီးရမိသည့် မောင်ဖိုးနှင့် မောင်ချောက်တို့အား အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

■ ***ကျောဖုံးမှ***

ရတဲ့ငါးက ဈေးကောင်းတယ်။ ဈေးကောင်းတော့ စီးပွားရေးအရ တွက်ခြေကိုက်ချင်ကိုက်မယ်၊ ထုတ်လုပ်မှုကတော့ ကျသွားပြီ။ ပင်လယ်ငါးဖမ်းလုပ်ငန်းလည်း ဒီနှစ်အတွင်းမှာ တိုးဖမ်းနိုင်တာမဟုတ်ဘူး။ ဒါပေမယ့် ဖမ်းလို့ရတဲ့ ငါးက ဈေးကောင်းနေတာကြောင့် ရပ်တည်လို့ရနေတာ။ မွေးမြူရေးက ပိုဆိုးတယ်။ ဒီနှစ်မှာ ရေကြီးရေနစ်ဖြစ်ခဲ့တာရယ်၊ အစာဈေးတွေကြီးတာကြောင့် အထွက်နှုန်းသိသိသာသာ လျော့နည်းသွားတယ်။ ငါးထုတ်လုပ်မှုလျော့နည်းခဲ့သလို ပြည်ပပို့ကုန်အနေနဲ့လည်း အမှန်တကယ်လျော့နည်းတဲ့နှစ်လို့ ပြောရမှာဖြစ်တယ်။ ဒါပေမယ့် နောင်နှစ်မှာ တိုးအောင်လုပ်ဖို့ကတော့ ဒီအခြေခံတွေပေါ်မှာ ဘယ်လိုဟာတွေကို ပြုပြင်မလဲ၊ တည်ဆောက်မလဲ အစိုးရကိုတင်ပြမယ်။ အစိုးရရဲ့ ဦးဆောင်မှုနဲ့ အကောင်အထည်ဖော်လာရင် ပြန်တိုးတက်ဖို့ အလားအလာရှိပါတယ်။ အမြန်ဆုံးပြန်တိုးတက်လာဖို့ အလားအလာရှိတယ်" ဟု ယနေ့ပြုလုပ်သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငါးမွေးမြူရေးကဏ္ဍမှ ပြည်ပသို့ ငါးသယံဇာတ ၇၄၂၅၉ ဒသမ ၁၇၈ မက်ထရစ်တန် တင်ပို့ရောင်းချနိုင်ခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၉၆၇ သန်း ပြည်ပဝင်ငွေအဖြစ် ရရှိခဲ့သည်။ အဆိုပါဝင်ငွေအနက်မှ ငါးမြစ်ချင်းတင်ပို့ရောင်းချမှုမှာ ၆၄၀၁၆ ဒသမ ၅၅ မက်ထရစ်တန်ကို တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၃၃၅ သန်းရရှိခဲ့ခြင်းကြောင့် ပြည်တွင်းငါးမြစ်ချင်းထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ အမြောက်အမြားရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လယ်တီကွင်းရပ်ကွက် ဗျစ်အင်းရွာမှ ကိုယ်တိုင်ငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေသည့် ဦးစံဝင်းက "ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့သုံးနှစ်အတွင်းမှာ သိသိသာသာ သတိထားမိတာကတော့ ပြည်တွင်းတိုင်းရင်းငါးမျိုးတွေဖြစ်တဲ့ ငါးကျည်း၊ ငါးခူ၊ ငါးမြွေထိုး၊ ငါးပြေမစတဲ့ သဘာဝငါးမျိုးစိတ်တွေ ရှားပါးလာတာတွေ့ရတယ်။ ဒီနှစ်ဆိုဧရာဝတီမြစ်၊ ဝေါမြစ်အပါအဝင် မြန်မာနိုင်ငံမြစ်၊ ချောင်း၊ အင်း၊ အိုင်တွေမှာရေကြီးရေလျှံမှုကြောင့် တောင်ပေါ်က ရေနောက်ကြီးတွေကျလာတယ်။ နုန်းတွေက ဒူးခေါင်း၊ ပေါင်လယ်လောက်ထိဖြစ်ကုန်တယ်။ ဒါကြောင့် ဒီမြစ်ချောင်း၊ အင်းအိုင်၊ ငါးမွေကန်တွေထဲမှာ ငါးတွေမနေနိုင်ဘူး။ သေတယ်။ အင်းတွေ အခုဆိုရင် အဆိုးဆုံးမဖြစ်အောင် ပြန်လည်မွေးမြူမှုတွေ လုပ်ထားတယ်။ အင်းအိုင်တွေမှာ ပြီးခဲ့တဲ့နှစ်က တန်ချိန် တစ်သောင်းရရင် ခုနှစ်မှာတန်ချိန် ခုနစ်သောင်းလောက်ပဲရတော့တယ်။ ဈေးနှုန်းကတက်ပေမယ့် ကုန်ချိန်မလိုက်တော့ မကိုက်ဘူး။ ခုကတော့ ငါးမြစ်ချင်းခေါင်းပွ မွေးတာများပါတယ်။ ရေသယံဇာတဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့ဆိုရင် ဘယ်အစိုးရပဲတက်တက် ကူညီဖို့လိုမယ်။ ပြီးတော့ တရားဥပဒေစိုးမိုးဖို့လိုမယ်။ ခုနောက်ပိုင်းဆို ငါးခိုးဖမ်းတဲ့သူတွေက မရှိဆင်းရဲလို့ဆိုပြီး ပိုပိုများလာတယ်" ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် မြန်မာနိုင်ငံအနှံ့အပြား၌ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော ရေကြီးနစ်မြုပ်မှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငါးမွေးမြူရေးကန်ဧကပေါင်း ၁၆၀၀၀ ကျော်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဧကတစ်သောင်းကျော်၊ ပဲခူးတိုင်းဒေသကြီးတွင် ဧကခုနစ်ထောင်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ၄၅၀ ကျော်၊ မကွေးတိုင်းဒေသကြီးတွင် ၂၅ ဧက စုစုပေါင်းဧက ၃၄၀၀၀ ကျော် ရေကြီးနစ်မြုပ်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ငါးသယံဇာတအထွက်နှုန်းများလည်း သိသိသာသာလျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းများနှင့် အင်း၊ အိုင် ငါးဖမ်းလုပ်ငန်းများကလည်း ငါးသယံဇာတရရှိမှုမှာ နိုင်ငံတကာနည်းတူ လျော့နည်းလျက်ရှိသည်။

"အခုလို ငါးသယံဇာတကျဆင်းလာတဲ့အပိုင်းက အကြောင်းအရင်းနှစ်ခုရှိပါတယ်။ တစ်ခုကတော့ ဖမ်းဆီးရေးပိုင်းပါ။ ဖမ်းဆီးရေးအပိုင်းကတော့ ဒီနိုင်ငံတကာမှာ ဖြစ်ခဲ့တဲ့အတွေ့အကြုံအရ သဘာဝသယံဇာတအပေါ်မှာ အခြေခံတဲ့ဖမ်းဆီးရေးကတော့ ကျတာပဲ။ နိုင်ငံတိုင်းမှာလည်း ကျတယ်။ မြစ်ချောင်း၊ အင်းအိုင်တွေမှာရှိတဲ့ ငါးသယံဇာတတွေက အရင်လို မရှိတော့ဘူး။ အရင်လိုမပေါတော့ဘူး။ အကြောင်းတွေကအများကြီးရှိတယ်။ ပင်လယ်ပြင်မှာလည်း အဲဒီလိုပဲ လျော့သွားတာပဲ။ လျော့သွားတော့ ဖမ်းဆီးရေးဘက်မှာ ဥပဒေတွေနဲ့ ပညာပေးမှုတွေနဲ့ ငါးအလွန်အကျွံမဖမ်းအောင်၊ ငါးသယံဇာတတွေ လွယ်လွယ်ကူကူနဲ့ လျော့မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ဖမ်းရင် ချက်ချင်းမပျောက်သွားဘဲနဲ့ ထိန်းသိမ်းထားလို့ရတယ်။

ဒါ့အပြင် အဓိကကတော့ မွေးမြူရေးကိုတိုးချဲ့ရမယ်။ မွေးမြူရေးကိုတိုးချဲ့ရင် မြန်မာနိုင်ငံရဲ့ ရေလုပ်ငန်းပိုင်းဆိုင်ရာတိုးတက်နိုင်တယ်။ ငါးလုပ်ငန်းဆိုင်ရာကျဆင်းမှုက ဘာကြောင့်လဲဆိုရင် တစ်ဖက်က ဖမ်းဆီးရေးပိုင်းကလည်း ကျနေတယ်။ တစ်ဖက်ကမွေးမြူကာ မများလာတဲ့အပြင် လျော့နည်းသွားတယ်။ ဘာဖြစ်လို့ကျနေလဲ၊ လျော့နည်းနေလဲဆိုရင် အရင်းအနှီးတွေနည်းတယ်၊ နည်းပညာနည်းတယ်။ ပံ့ပိုးကူညီမှုတွေ နည်းတယ်။ အဲဒါတွေကြောင့် ငါးသယံဇာတက သိသိသာသာကျဆင်းသွားတာဖြစ်တယ်" ဟု ဦးဝင်းကြိုင်က ဆိုသည်။

ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏တာဝန်ပေးမှုအရ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၁၂၀ ကျော် ရရှိရေးကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ သို့ရာတွင် အခက်အခဲအမျိုးမျိုးတို့ကြောင့် လျာထားချက် ပြည့်မီနိုင်ရေးအတွက် ယခင်နှစ်ထက်များစွာ ပိုမိုရုန်းကန်ရမည့်အခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တော်ဝိကျေးရွာအနီး ဆီဘောက်ဆာယာဉ်တိမ်းမှောက်

**ညောင်လေးပင် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာအနီး ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က ဆီတင်ဘောက်ဆာယာဉ် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**



ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်း မိုင်တိုင်အမှတ် (၁၀၃/၀)နှင့် (၁၀၃/၁) အကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းဇော်ဇော်ဝင်း (၃၁ နှစ်) ဟသ်ာတမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသူ ကျော်လင်းထက် (၃၀ နှစ်) မှော်ဘီမြို့နယ်နေသူတို့ မောင်းနှင်လာသော ဟွန်ဒိုင်းအမျိုးအစား ဖြူနီကြားဆီဘောက်ဆာ ၁၀ ဘီးယာဉ်သည် အောက်တိန်းဆီများ တင်ဆောင်လာစဉ် လမ်း၏ ဘယ်ဘက်ခြမ်းသို့ တိမ်းမှောက်သွားရာ ယာဉ်ပေါ်လိုက်ပါလာသူ ကျော်လင်းထက်တွင် ဒဏ်ရာများရရှိသဖြင့် ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ဇော်ဇော်ဝင်းအား မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ဘက်ထရီရှော့တိုက်ငါးဖမ်းရာမှ ငါးဖမ်းသူ ဓာတ်လိုက်သေဆုံး

**အောင်လံ ဇန်နဝါရီ ၃**

အောင်လံမြို့နယ် ဘွတ်ကြီးချောင်းအတွင်း အမျိုးသားတစ်ဦးငါးရှော့တိုက်ဖမ်းရာမှ ဓာတ်လိုက်သေဆုံးမှု ဇန်နဝါရီ ၂ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက ဘွတ်ကြီးချောင်းအတွင်း လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ အောင်လံမြို့နယ် ကျောက်ပန်းတောင်းရဲကင်းစခန်းမှူး ရဲအုပ်နေလင်းက သွားရောက်စစ်ဆေးခဲ့သည်။ အောင်လံမြို့နယ် ရွာမထုံးကျေးရွာနေ အောင်ဌေးမြင့် (၃၄ နှစ်)သည် ဘွတ်ကြီးချောင်းအတွင်း ကျဉ်စက်ဖြင့် ငါးရှော့တိုက်ဖမ်းရာမှ ဓာတ်လိုက်၍ ဒဏ်ရာများရရှိ သေဆုံးနေကြောင်း အမှုစစ်၏စစ်ဆေးချက်အရ သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# စလင်းမြို့ စာစီကျောင်းရွာတွင် မီးလောင်မှုဖြစ်ပွား

**စလင်း ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့စာစီကျောင်းရွာ ရွက်စိမ်းဆေးချက်ဂိုဒေါင်၌ ဇန်နဝါရီ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါဆေးချက်ရုံမှလုပ်သားအောင်မင်း (၂၁ နှစ်)ဆေးချက်လုပ်ရာ ဖွဲမီးဖိုမှမီးပွားလွင့်စဉ်ပြီး စတင်လောင်ကျွမ်းခဲ့သည်။**(ယာပုံ)**



နံနက် ၂ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့ရာ မီးလောင်မှုကြောင့် ဆေးချက်အလုပ်ရုံဂိုဒေါင်တစ်လုံးပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးမှူးဦးဌေးမော်နှင့် မီးသတ်သန္ဓေတပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ်လေးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်းနှင့် မီးပေါ့ဆသုံးစွဲသူ အောင်မင်းအား စလင်းရဲစခန်းကအမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပင်လည်ဘူးမြို့နယ်တွင် ခြောက်ဘီးယာဉ်တစ်စီးနှင့် တမလန်းသစ် ၁၀ တန်ကျော် ပိုင်ရှင်မဲ့ဖမ်းမိ

**ကသာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်၌ ဇန်နဝါရီ ၁ ရက်က ဝါးဘိုးကြိုးဝိုင်း အကွက်အမှတ်(၁၄၅) ဝါးပိုးချောင်းကျေးရွာ၏ အနောက်မြောက်ဘက် ငါးဖာလုံခန့်အကွာနေရာ၌ ယာဉ်အမှတ် ၂ခ/---- နီဆန်းအမျိုးအစား ခြောက်ဘီးယာဉ်တစ်စီးနှင့် ယာဉ်ပေါ်တွင် တမလန်းသစ် ၃၄ တုံး၊ ၆ ဒသမ ၃၄၈၅ တန်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၈၇၁၂၅ တို့နှင့်အတူ ယင်းယာဉ်အနီးရှိ မြေပြင်ပေါ်တွင် တမလန်းသစ် ၁၉ တုံး ၄ ဒသမ ၀၃၂ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၈၀၀၀၀ တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**အင်းတော် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နောင်မိုးကျေးရွာတွင် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီခွဲခန့်က အင်းတော် ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ် သူရအောင်နှင့်အဖွဲ့သည် အင်းတော်မြို့နယ် နောင်မိုးကျေးရွာရှိ သန်းထွန်း၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် သန်းထွန်းဝတ်ထားသောအင်္ကျီအတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၂ ဂရမ်၊ ခိုင်ထူးဝတ်ဆင်ထားသော အင်္ကျီအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၄၅ ပြားတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိသည်။

ယင်းဖြစ်စဉ်ကြောင့် သန်းထွန်းပါနှစ်ဦးအား ဖမ်းဆီးစစ်ဆေးခြင်းနှင့် ကွင်းဆက်တရားခံ ဖော်ထုတ်ဖမ်းမိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဆိုင်ကယ်နှင့် ခရီးသည်တင်ယာဉ် တိုက်မိ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြောက်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းတွင် ဒီဇင်ဘာ ၃၁ ရက် ည ၁၀ နာရီခန့်က ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ နေရာတွင်သေဆုံး၍ နောက်မှလိုက်ပါလာသူမှာ စိုးရိမ်ဖွယ်ဒဏ်ရာများရရှိသွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၁၂/၆ နှင့် ၇ အကြားတွင် တောင်မှမြောက်သို့ ဝင်းသူ(၃၅နှစ်)မျက်နှာပြင် ကျေးရွာနေသူ မောင်းနှင်ပြီး နောက်တွင် ဖြိုးဇော်(၂၁နှစ်)(၂၃)ရပ်ကွက် တောင်ငူမြို့နေသူ လိုက်ပါစီးနင်းလာသော ကန်တာ ၁၁၀ ၂၂ယ/------ ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှနေ၍ မင်းအောင် (၃၁နှစ်) အမှတ်(၂)ရပ်ကွက် တောင်ငူ မြို့နေသူမောင်းနှင်လာသော 5C/------HYUNDAI BUS (စေတမန်)ခရီးသည်တင်ယာဉ်၏ ရှေ့ဝဲဘက်ခြမ်းဘန်ဘာကို ဝင်ရောက်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဝင်းသူမှာရရှိထားသော ဒဏ်ရာများဖြင့် နေရာ၌သေဆုံးခဲ့ပြီး နောက်မှစီးနင်းသူ ဖြိုးဇော်မှာ စိုးရိမ်ဖွယ်ဒဏ်ရာများရရှိခဲ့၍ မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


## ကွန်ဒိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(C)၊ အခန်းအမှတ် ၅၀၃ ခုနစ်လွှာ၊ အကျယ် ၂၃၈၀ စတုရန်းပေရှိ ရေ၊ မီး၊ ပရိဘောဂပစ္စည်းများ အစုံအလင်ပါရှိသော ကွန်ဒိုတိုက်ခန်းအားဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသူ ဦးညီညီအောင်၁၂/ဗတထ (နိုင်)၀၁၀၇၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထက်အောင်က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အတိအလင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူပေါ်ပေါက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်ထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(ခ)ဒေါ်ဝေဝေထွန်း(LL.B)တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၉၉၈)ဥပဒေဆိုင်ရာကုမ္ပဏီအကြံပေးရှေ့နေ**
**ဖုန်း-၀၉-၇၃၁၆၇၃၁၉၊၀၁-၉၄၁၀၀၉၉၊ ၀၁-၆၁၈၃၀၂**

## ဘားအံတက္ကသိုလ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဘားအံတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း၊ အစမ်းလေ့ကျင့်ခြင်းအစီအစဉ်ကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် နံနက်ပိုင်း၊ စုစုပေါင်း (၃)ကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းလျှောက်ထားလိုသူများသည် အိတ်ဖွင့်စနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၌ ၇-၁-၂၀၁၆ရက်တွင် စတင်ဝယ်ယူနိုင်ပြီး ၁၄-၁-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါစတင်ပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၅၈-၂၃၃၄၃၊ ၀၉-၄၄၀၀၀၄၈၀၄သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဘားအံတက္ကသိုလ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇) ကျောက်တော်မြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မင်းတပ်ခရိုင်အတွင်း ချင်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မတူပီ-ပလက်ဝလမ်းပေါ်ရှိ ဘေလီတံတားလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/သယ်ပို့လိုပါသည်။

၁။ သံချောင်းလုံးရှယ်စုံ(၆၀)တန်
၂။ ဘေလီပစ္စည်းသယ်ယူခြင်း (ရန်ကုန်-ဘေလီတံတား) (၁၈၅)တန်

| | |
|---|---|
| **တင်ဒါပေးသွင်းရမည့်ရက်** | - ၁-၁-၂၀၁၆ ရက်မှ ၈-၁-၂၀၁၆ ရက် |
| **အချိန်** | - ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့် အချိန်** | - ၁၁-၁-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင် |
| **ဖုန်း** | - ၀၄၃-၇၀၂၅၈ |

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး (သို့မဟုတ်) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်တွင် ၁-၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၃စယ/၈၉၅၈၈၊ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသူ ၉/ပဥလ(နိုင်)၀၃၇၉၁၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**



# လှိုင်သာယာမြို့နယ်အတွင်းရှိ လူသုံးများသော ရေတွင်း၊ ရေကန်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး ဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၃**

လူနေသိပ်သည်းမှုများလာသော လှိုင်သာယာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများ၌ အသုံးပြုနေသော သောက်သုံးရေကန်များအား တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်အတွင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ဆရာဝန်ကြီး ဒေါက်တာခင်ရူပစိုးက ပြောကြားသည်။

မြို့နယ်အတွင်း အိမ်တိုင်းတွင် ရေတံုကင်များရှိသော်လည်း သောက်ရေအဖြစ် သုံးစွဲရန်အဆင်မပြေသောကြောင့် သောက်ရေသန့်နှင့် သောက်ရေကန်များကိုသာ အားပြုသောက်သုံးလျက်ရှိသည်။ **(အပေါ်ပုံ)**

ယခုအခါရပ်ကွက်၊ ကျေးရွာများရှိ သောက်ရေကန်များအနီးတွင် လူနေထိုင်မှု သိပ်သည်းလာသည့်အတွက် ရေကန်အတွင်းအနီးဝန်းကျင်မှ စွန့်ပစ်ရေများ၊ မိုးရာသီတွင် ရေမြောင်းများလျှံကျရာမှစွန့်ပစ်ရေများ စီးဝင်တတ်သည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသုံးစွဲနိုင်ရန် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ခြင်းဖြစ်သည်။

ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာပေါင်းကိုးရွာရှိ၍ သောက်သုံးရေကန်များကိုလည်း မီးဘေးကာကွယ်ရေးအဖြစ် မီးသတ်ရေကန်အချို့သတ်မှတ်ထားရာ မြို့နယ်အတွင်း ရေကန်ပေါင်း ၂၂ ကန်ရှိပြီး ၁၆ ကန်ကို စစ်ဆေးသွားမည်ဖြစ်၍ လူဦးရေအများဆုံးဖြစ်သော အမှတ်(၇)ရပ်ကွက်ရှိ ရေကန်ခြောက်ကန်ကို အဓိကထား စစ်ဆေးသွားမည် ဖြစ်ကြောင်း၊ ရပ်ကွက်တစ်ခုလျှင် သောက်ရေအဖြစ်အသုံးပြုနိုင်သော ရေတံုကင် အနည်းငယ်သာရှိကြောင်း သိရသည်။

မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် နေ့စဉ်သုံးစွဲပြီး စွန့်ပစ်သောရေများ မြစ်ချောင်းများအတွင်း ကုန်စင်အောင် မစီးဆင်းနိုင်သောကြောင့် နှစ်ချီကြာမြင့်နေခြင်း၊ မြေလွတ်၊ မြေရိုင်းရှိသော ရေကန်အနီးတွင် ရွှေ့ပြောင်းနေထိုင်သူ သိပ်သည်းလာခြင်းတို့ကြောင့် သောက်ရေကန်များမှ သောက်ရေအတွက် သုံးစွဲရာတွင် ကျန်းမာရေးနှင့်မညီညွတ်၍ စိုးရိမ်လျက်ရှိနေရာမှ ယခုကဲ့သို့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းသုတေသနပြုစစ်ဆေးမှုသတင်းကို ကြား၍ စစ်ဆေးမှုအား မြို့ခံပြည်သူများက ဝမ်းမြောက် ကြိုဆိုလျက်ရှိကြောင်း သိရသည်။

(၁၆၄)

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၇)ကြိမ်မြောက် အာစရိယပူဇော်

**ရန်ကုန် ဇန်နဝါရီ ၃**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ်ဝင်း ဗဟိုဆောင်တရားထိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများ၊ သံဃာတော်အရှင်သူမြတ်များက ဩကာသကန်တော့ချီးဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နန္ဒမာလာဘိဝံသ အမှူးပြုသော သင်ကြားရေးဆရာတော်များအား ပူဇော်ကန်တော့ကြသည်။

အဆိုပါ တက္ကသိုလ်တွင် ပြည်ပနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ရုရှား၊ ကိုရီးယား၊ ဆားဗီးယား၊ ဗြိတိန်နိုင်ငံတို့မှ တက်ရောက်သူများရှိကြပြီး အရှေ့တောင်အာရှနိုင်ငံများမှ တက်ရောက်သူ ပိုမိုများပြားကြောင်း သိရသည်။ အာစရိယပူဇော်ပွဲကျင်းပရခြင်းသည် လူမျိုးချင်း၊ နိုင်ငံချင်းမတူသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စည်းလုံးညီညွတ်မှုဖြင့် ခံယူချက်တူသည့် ဂါရဝတရားကို ဖော်ပြလို၍ ဖြစ်သည်။

**(သတင်းစဉ်)**

## လိပ်ကျွန်းအမှု မြန်မာသံအမတ် ထိုင်းရှေ့နေများကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံ

**ဗန်ကောက် ဇန်နဝါရီ ၃**

ထိုင်းနိုင်ငံတောင်ပိုင်း လိပ်ကျွန်းလူသတ်မှုအား ထိုင်းအခြေခံတရားစီရင်ရေးရုံးမှ မြန်မာလူငယ်နှစ်ဦးကို သေဒဏ်ချမှတ်လိုက်သောကြောင့် မြန်မာနိုင်ငံ နေရာအနှံ့ပြည်သူများဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ထိုင်းနိုင်ငံတရားစီရင်ရေးအဆင့်ဆင့်ကို မြန်မာပြည်သူများနားလည်သဘောပေါက်ရန်အတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ဦးဝင်းမောင်က ထိုင်းရှေ့နေများကောင်စီဥက္ကဋ္ဌ မစ္စတာ ဒေ့ချ်ဥဒုံကရိုင်ကရစ်နှင့် ဇန်နဝါရီ ၁ ရက်တွင် တွေ့ဆုံခဲ့ကြကြောင်း ထိုင်းသတင်းအေဂျင်စီတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါသတင်းအေဂျင်စီမှ ဆက်လက်ဖော်ပြရာတွင် မြန်မာပြည်သူများ နားလည်သိရှိစေရေးမြန်မာဘာသာဖြင့် ထုတ်ပြန်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားမှုအား ထိုင်းနိုင်ငံထုတ် သတင်းစာများမှတစ်ဆင့် သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## အကြိုလုပ်ငန်း ညှိနှိုင်းစည်းဝေး

**သီပေါ ဇန်နဝါရီ ၃**

ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ (နဝမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွက် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် တောင်ကြီးခရိုင် မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများ၏ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ ရက်က ရှမ်းပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က တရားလွှတ်တော်၏ ငါးနှစ်အတွင်းဆောင်ရွက်ချက်များ၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အရည်အချင်းမြင့်မားသည့် ကိုယ်ကျင့်တရား ကောင်းမွန်သောမျိုးဆက်သစ်များ မွေးထုတ်ရန် လိုအပ်ချက်များ၊ တရားရုံးများမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်ဆွေးနွေးရာတွင် တင်ပြရမည့်အချက်များအား မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အခြေခံဆိုင်ကယ်ပြုပြင်နည်းသင်တန်း ဖွင့်မည်

**ပုသိမ် ဇန်နဝါရီ ၃**

သမဝါယမဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပုသိမ်မြို့တွင် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းကို ဇန်နဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်သွားမည်ဟု သိရသည်။

ယင်းကဲ့သို့ဖွင့်လှစ်ရခြင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်အသင်းများ ပေါ်ထွက်လာရေး၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာတတ်လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ ဆင်းရဲမှုလျှော့ချရန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်း တက်ရောက်သူများအား ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ လိုအပ်သည်များကို ယင်းဦးစီးဌာနပညာရှင်များက ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ သင်တန်းဆင်းလက်မှတ်ရရှိပါက လုပ်ငန်းမှတ်ပုံတင်လျှောက်ထားနိုင်ကြောင်းသိရပြီး သင်တန်းသားဦးရေကန့်သတ်ထားကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**


### မွေးသက္ကရာဇ်အမှန်

ကျိုက်မရောမြို့နယ်၊ ဖာသိမ်ကျေးရွာနေ ဦးအောင်ကျော်သိန်း၊ ဒေါ်နန်းဖော်ငြိမ်း တို့၏သား စောနေလင်းကျော် ၁၀/ကမရ(နိုင်)၁၁၆၂၄၄၏ မွေးသက္ကရာဇ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် ၃-၁၀-၁၉၉၅ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် မွေးသက္ကရာဇ်မှာ ၃-၁၀-၁၉၉၄ ဖြစ်နေပါသည်။ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ရှိ ၃-၁၀-၁၉၉၅ဖြစ်ကြောင်း ဝန်ခံပါသည်။

**စောနေလင်းကျော် ၁၀/ကမရ(နိုင်)၁၁၆၂၄၄**

### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းငွေစာရင်းဦးစီး အငြိမ်းစားများတွေ့ဆုံပွဲ

၁၉၆၅ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငွေစာရင်းဦးစီးတွင် အတူလက်တွဲတာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားများတွေ့ဆုံပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။ ၁၇-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ ။ ၁၃း၀၀ နာရီ
**နေရာ** ။ ။ မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။ (မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ခွဲအနီး)

**ဆက်သွယ်ရန်**

၁။ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၄၃၁၇၉၇၈၉ ၂။ ဦးဖုန်းမြင့် ဖုန်း-၀၉-၃၁၅၈၉၃၁၀
၃။ ဦးဝေနု ဖုန်း-၀၉-၅၆၈၀၅၅၇ ၄။ ဒေါ်မိအင်လွှမ်း ဖုန်း-၀၁-၆၂၉၁၈၃
၅။ ဒေါ်အုန်းကျင် ဖုန်း-၀၉-၇၃၀၆၄၈၀၅

### အိုးသည်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) အိုးသည်ကုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၇ ရက် နံနက် ၉း၀၀ နာရီတွင် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို အိုးသည်ကုန်းမြို့နေ ဦးအေးကို ဖုန်း-၀၉-၅၃၇၃၂၇၉၊ ဦးဝင်းကို ဖုန်း-၀၉-၅၁၉၃၉၃၂၊ ရန်ကုန်မြို့နေ ဦးခင်ဇော် ဖုန်း-၀၉-၈၆၂၀၉၁၆၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၀၉-၃၀၀၉၄၇၀၃၊ ဦးမြင့်စိုး ဖုန်း-၀၉-၄၂၀၃၉၄၇၅၊ ဦးမြသန်း ၀၉-၂၅၄၈၈၁၁၁၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ ၁၇-၁-၂၀၁၆ ရက် နံနက် ၅း၀၀ နာရီ သခင်မြပန်းခြံ၊ ရွှေသရဖီကားဂိတ်မှ ထွက်ခွာပါမည်။

ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/9539၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8018၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

ကျွန်မ မအေးဖြိုးသွင် ၁၂/တမန(နိုင်)၁၁၄၈၀၁၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၈၂၁၁၀၉**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ တိုက် ၅(က/ခ)၊ ခြောက်ထပ်၊ လေးခန်းတွဲအဆောက်အအုံမှ မြေညီထပ်၊ အခန်း ၁၊ မြောက်ဘက်ခြမ်း ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်လတ် J/RGN-၀၃၄၁၇၃၊ ဦးတင်စိုး MTNT-၀၂၉၇၅၇ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၀ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၄၈၆၆၊၀၉-၅၀၁၇၀၄၄၊ ၀၉-၉၇၅၀၁၇၀၄၄**



# ကျွန်တော်နဲ့ မိုးယွန်းကြီးအင်း



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

မိုးယွန်းကြီးအင်းကို ကျွန်တော် ရောက်ချင်တာ ကြာခဲ့ပါပြီ။ အကြောင်းမတိုက်ဆိုင်ဘဲ လွဲခဲ့တယ်။ ကြိုးစားခဲ့ပေမယ့် မဖြစ်ခဲ့ဘူး။ ဒါပေမယ့် တစ်နေ့ကတော့ မထင်မှတ်ဘဲ ရောက်သွားခဲ့တယ်။

လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်တော် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်မှာ ဟောပြောပွဲတစ်ခု လုပ်ပေးခဲ့တယ်။ အကူအညီတောင်းတဲ့သူက အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသက်။ သူ့ရဲ့သားကိုဥက္ကာက နာမည်ကြီးအာလီဘာဘာ ကုမ္ပဏီရဲ့ e- Commerce အရောင်းအဝယ်လုပ်ငန်းကို မြန်မာနိုင်ငံမှာ မိတ်ဆက်တဲ့ပွဲဖြစ်တယ်။ ကျွန်တော့်ကို e-Commerce အကြောင်း ဟောပြောစေပါတယ်။

အမှန်တော့ e-Commerce ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ထွက်ပေါက်ဖြစ်ပါတယ်။ ကျွန်တော်နားလည်တာက အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံလေးရပ် လိုအပ်ပါတယ်။ ပထမလိုအပ်ချက်က ဘဏ္ဍာရေးအထောက်အပံ့ဖြစ်တယ်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ငွေကိုအတိုးနှုန်း သင့်သင့်တင့်တင့်နဲ့ ချေးနိုင်စွမ်းရှိဖို့လိုအပ်ပါတယ်။

လက်ရှိ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းနဲ့ ငွေချေးရင် တွက်ခြေ ကိုက်မှာမဟုတ်ဘဲ ခက်ခဲလှပါတယ်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ပုံစံတစ်မျိုးနဲ့စဉ်းစားပေးသင့်ပါတယ်။ ဒုတိယ လိုအပ်ချက်က နည်းပညာဖြစ်တယ်။ အသေးစား၊ အလတ်စား လုပ်ငန်းတွေဟာ မိရိုးဖလာလုပ်ငန်းတွေဖြစ်ကြပြီး နည်းပညာပိုင်းဆိုင်ရာမှာ အားနည်းပါတယ်။ တတိယ လိုအပ်ချက်က ဈေးကွက်ဖြစ်တယ်။ နောက်ဆုံးကတော့ စီမံခန့်ခွဲမှုပဲ ဖြစ်ပါတယ်။ e-Commerce လို့ခေါ်တဲ့ ခေတ်မီကုန်သွယ်မှုလုပ်ငန်းဟာ ဈေးကွက်ကို ဖော်ထုတ်ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဈေးကွက်လို့ပြောရင် သာမန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာတည်နေရာ သတ်မှတ်ချက်ရှိတယ်လို့မြင်ကြတယ်။ ပစ္စည်းအရောင်း အဝယ်လုပ်ဖို့ ဆိုင်ဖွင့်မှရတယ်လို့ လက်ခံနေကြတယ်။ အခုခေတ်ဈေးကွက်ဟာ ဒီလိုမဟုတ်တော့ပါဘူး။ နေရာဒေသအပေါ် အခြေခံတာမဟုတ်ဘဲ အချိန်မရွေး၊ နေရာမရွေး ရောင်းဝယ်နိုင်ပါတယ်။ ဒါကတော့ အင်တာနက်ရဲ့တန်ခိုးကြောင့်ပဲဖြစ်တယ်။ အင်တာနက်ကနေတစ်ဆင့် ရောင်းသူဝယ်သူတွေကို ချိတ်ပေးနိုင်စွမ်း ရှိတယ်။

ရောင်းသူက ဘယ်မှာရှိရှိ၊ ဝယ်သူကလည်း ဘယ်နေရာမှာနေနေ အရောင်းအဝယ်ဖြစ်နိုင်တယ်။ ဆိုင်ဖွင့်ချိန်ကို သတ်မှတ်စရာမလိုတော့ဘဲ ၂၄/၇ လို့ခေါ်တဲ့ တစ်ပတ်မှာ ခုနစ်ရက်၊ တစ်ရက်မှာ ၂၄ နာရီ လုပ်ငန်းတွေ လုပ်နိုင်မှာဖြစ်တယ်။ ဒီ e- Commerce လုပ်ငန်းမှာ နာမည်အကြီးဆုံး ကုမ္ပဏီတစ်ခုက တရုတ်နိုင်ငံမှ ဂျက်မာလို့ခေါ်တဲ့သူ တည်ထောင်ထားတဲ့ alibaba.com ပဲဖြစ်တယ်။ ဒီလုပ်ငန်းကိုဖော်ထုတ်ခဲ့တဲ့ ဂျက်မာဟာ တရုတ်နိုင်ငံမှာ အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းဝင်ဖြစ်နေတာ တွေ့ရတယ်။ သူ့ရဲ့ဝန်ဆောင်မှုက ဝယ်သူနဲ့ရောင်းသူကို အင်တာနက်က ချိတ်ဆက်ပေးပြီး စီးပွားရေး အဆင်ပြေချောမွေ့အောင် လုပ်နိုင်တယ်။ သူ့အကြောင်းကိုတော့ စီးပွားရေးလောကမှာ မသိတဲ့သူမရှိပါဘူး။ အပြောအဆို ကောင်းသူ၊ လူတွေကို ဆွဲဆောင်နိုင်သူဖြစ်တယ်။

ကျွန်တော်က အခုလို မြန်မာနိုင်ငံ alibaba.com နဲ့ မိတ်ဆက်ပွဲမှာ တင်ပြခွင့်ရတာကို ကျေနပ်နေမိတယ်။ ခေါ်လာတဲ့ လူငယ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အခုလို ဆောင်ရွက်တာဟာ ကုမ္ပဏီတစ်ခုကို မိတ်ဆက်ရုံသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအတွက် မျှော်လင့်ချက်တစ်ခုအနေနဲ့ သုံးသပ်ပြီးကြိုဆိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် အသေးစား၊ အလတ်စား လုပ်ငန်းတွေကို အားကိုးရမှာဖြစ်တယ်။ သူတို့အခြေအနေကောင်းအောင် ဝိုင်းစဉ်းစားကြရမှာဖြစ်တယ်။ ဒီ e- Commerce ဟာ အလွန်လိုအပ်တဲ့ လှုပ်ရှားမှုသာဖြစ်တယ်။ မိတ်ဆက်ပေးတဲ့သူတွေနဲ့ပြောဆိုရင်း ကျွန်တော့်ခေါင်းထဲ တစ်ခုဝင်လာခဲ့လို့ သူတို့ကို အကြံပြုခဲ့တယ်။ ကုမ္ပဏီတွေမှာ Brand Ambassador လို့ခေါ်တဲ့ ကုမ္ပဏီကို ကိုယ်စားပြုတဲ့ ပြောရေးဆိုခွင့်ရှိသူတွေကို ရွေးချယ်ခန့်ထားလေ့ရှိတယ်။ ကျွန်တော်က alibaba.com အတွက် မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးသူဟာ ဟာသမင်းသား ဇေလုဝဖြစ်ကြောင်း ပြောဖြစ်ခဲ့တယ်။ သူနဲ့ဂျက်မာဟာ ချွတ်စွပ်တူတယ်။ မျက်နှာကျပုံက အတူတူပဲ။ ကျွန်တော့်အကြံပြုချက်ကို တာဝန်ရှိသူတွေက သဘောကျသွားကြတယ်။ ဆက်သွယ်မယ်လို့လည်း ကတိပေးခဲ့ပါတယ်။

> **“ ဆောင်းခိုငှက်တွေပျံတဲ့အခါ ကျယ်လောင်တဲ့ အသံတွေကြားရတယ်။ ဒီအသံတွေက နောက်က ပျံနေတဲ့ငှက်တွေဟာ အရှေ့က ငှက်တွေကို အားပေးနေတာကြောင့် ဖြစ်တယ်။ ဒီသင်ခန်းစာကို ကျွန်တော် သိပ်နှစ်သက်ပါတယ်။ အရှေ့က အပင်ပန်းခံနေသူတွေကို အနောက်က လူတွေက အားပေးဖို့ အလွန်အရေးပါလှပါတယ်။ ”**

ဒီမိတ်ဆက်ပွဲမှာ ကုန်သည်စက်မှုအသင်းချုပ်ရဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က နှုတ်ခွန်းဆက်စကားပြောပါတယ်။ သူနဲ့စကားပြောရင်း မိုးယွန်းကြီးအင်းကိုအလည်လာဖို့ ကျွန်တော့်ကို ဖိတ်ကြားခဲ့ပါတယ်။ ရောက်ဖူးချင်တဲ့နေရာမို့ ကျွန်တော်က လက်ခံမိပါတယ်။ မိုးယွန်းအင်းက ရန်ကုန်ကနေ မော်တော်ယာဉ်နဲ့ နှစ်နာရီလောက်ပဲကြာတယ်။ အမြန်လမ်းကတစ်ဆင့် ဘုရားကြီး၊ ပြီးတော့ ပြွန်တန်ဆာအလွန် လက်ယာဘက်ချိုးလိုက်ရင် ရောက်ရော၊ မိုးယွန်းအင်းရောက်တော့ အဝင်ဝမှာ ရမ်ဇာတည်နေရာဆိုပြီး ကြော်ငြာသင်ပုံးကြီးမှာ အမှတ်အသားအဖြစ် ဖော်ပြထားတာ တွေ့ရတယ်။

ရမ်ဇာဆိုတာဘာလဲလို့မေးတော့ အီရန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ သဘာဝအမွေ အနှစ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးညီလာခံ ကျင်းပခဲ့တဲ့မြို့ကို ကိုယ်စားပြုပြီး ခေါ်တဲ့အကြောင်း ဒေါက်တာမျိုးသက်က ရှင်းပြပါတယ်။ စခန်းမှာခဏနားပြီး ကျွန်တော်တို့အဖွဲ့ အင်းထဲကို ပဲ့ထောင်စက်လှေနဲ့ သွားခဲ့ကြတယ်။ မိုးယွန်းအင်းဟာ မြန်မာနိုင်ငံမှာ အင်းတော်ကြီးနဲ့ အင်းလေးပြီးရင် တတိယအကြီးဆုံး သဘာဝအင်းကြီးတစ်ခုဖြစ်တယ်။

ထူးဆန်းတာက ဒီအင်းကြီးဟာ အကျယ် အဝန်းဧက ၂၀၀၀၀ ကျော်ရှိပြီး ရေအနက်က လေးပေကျော်ပဲရှိတယ်။ ဒီအင်းရဲ့ထူးခြားချက်က ဆောင်းခိုငှက် တွေနားတဲ့နေရာဖြစ်နေတယ်။ ဒါကြောင့် မိုးယွန်းကြီးအင်းကို လာတဲ့ငှက်တွေကို ဆောင်းခိုရေပျော်ငှက်တွေလို့ ခေါ်ဝေါ်တာ သိခွင့်ရခဲ့တယ်။ အင်းရဲ့ရေပြင်ကြီးက ကျယ်ဝန်းလှပါတယ်။ ကြာပန်းတွေကလည်း အရောင်စုံ၊ ကျွန်တော်နဲ့သမီးကတော့ ဆောင်းခိုရေပျော်ငှက်တွေကို မှန်ဘီလူးနဲ့ကြည့်မဝအောင်ဘဲ။ ငှက်ကြီးတွေက အကြီး ကြီးတွေ၊ ရောင်စုံသိပ်လှတာ တွေ့ရတယ်။ ဆောင်းခိုငှက် နဲ့ပတ်သက်ပြီး ကျွန်တော်က စီမံခန့်ခွဲမှုပညာကို သင်ကြားတဲ့အခါတိုင်း ဥပမာပေးခဲ့ပါတယ်။ ဆောင်းခိုငှက်တွေကို လေ့လာပြီး စီမံခန့်ခွဲမှုသင်ခန်းစာ လေးခုရနိုင်ကြောင်း အခွင့်အရေးရတိုင်း ဖော်ပြခဲ့ပါတယ်။

ပထမသင်ခန်းစာက ဆောင်းခိုငှက်တွေပျံတဲ့ပုံစံဖြစ်တယ်။ ခရီးအဝေးကြီးပျံသန်းရတဲ့အခါ ငှက်တွေဟာ ရင်ပေါင်တန်းပြီး မပျံကြဘဲ မြားဦးပုံစံနဲ့ ပျံတာတွေ့ရတယ်။ တစ်ကောင်က အရှေ့ကနေပြီး ကျန်တဲ့အကောင်တွေက တစ်ဆင့်ဆီနောက်မှာနေကြတဲ့အတွက် မြားဦးပုံစံ ဖြစ်နေတယ်။ ဘာကြောင့် ဒီလိုလုပ်ကြသလဲ၊ အရှေ့က ဦးဆောင်တဲ့ငှက်က အပင်ပန်းခံပြီး အတောင်ပံတွေကိုနာနာခပ်ရင်း နောက်ကငှက်တွေက သက်သာတာ။ လေကိုတိုးတဲ့နေရာမှာ ပိုပြီးချောမွေ့တယ်။ အရှေ့ကငှက်က ကြိုးစားအားထုတ်မှုများလေလေ နောက်ကငှက်တွေအတွက် သက်သာလေလေဖြစ်ပါတယ်။ ဒါကြောင့် ခေါင်းဆောင်ဆိုတာ အရှေ့က နေရမယ်၊ အပင်ပန်းခံရမယ်၊ အနစ်နာခံရမယ်။ သူက အပင်ပန်းခံလေလေ၊ အနစ်နာခံလေလေ နောက်လိုက်သူတွေအတွက် သက်သာလေလေသာဖြစ်တယ်။ ဒါက သင်ခန်းစာနံပါတ်(၁)ဖြစ်ပါတယ်။

ဒုတိယသင်ခန်းစာက အခုလို ခရီးအကွာအဝေး မိုင်ပေါင်းထောင်နဲ့ချီပြီးပျံသန်းတဲ့အခါ ငှက်တစ်ကောင်တည်းက အရှေ့ကမနေဘဲ အလှည့်နဲ့ငှက်တစ်ကောင်ချင်း အစားထိုးနေရာ လဲပါတယ်။ ဆိုလိုတာက ခေါင်းဆောင်မှုကို တစ်ဦးတည်း၊ တစ်ယောက်တည်း တာဝန် ယူတာမျိုးမဟုတ်ဘဲ အင်အားရှိတဲ့သူက အစားထိုးပြီး တာဝန်ယူတတ်ဖို့လိုအပ်ပါတယ်။

တတိယသင်ခန်းစာက အခုလို ပျံသန်းလာတဲ့အခါ ငှက်တစ်ကောင်က တစ်ခုခုဖြစ်ပြီး ဆက်ပြီး မပျံတဲ့အခါ အဖွဲ့နဲ့ချီပြီး အောက်ကိုဆင်းရင် တစ်ကောင်တည်း မထားခဲ့ဘဲ အဖော်အဖြစ် ကျန်တဲ့ ငှက်နှစ်ကောင်၊ သုံးကောင်က အဖော်လုပ်ပြီး ပြန်အခြေအနေကောင်းလာတဲ့အထိ စောင့်ရှောက်ပေးတယ်။ မူလအခြေအနေရောက်လာမှ နဂိုအုပ်စုနဲ့ပူးပေါင်းတာ တွေ့ရပါတယ်။

နောက်ဆုံး သင်ခန်းစာကတော့ အခုလိုဆောင်းခိုငှက်တွေပျံတဲ့အခါ ကျယ်လောင်တဲ့ အသံတွေကြားရတယ်။ ဒီအသံတွေက နောက်က ပျံနေတဲ့ငှက်တွေဟာ အရှေ့က ငှက်တွေကို အားပေးနေတာကြောင့်ဖြစ်တယ်။ ဒီသင်ခန်းစာကို ကျွန်တော် သိပ်နှစ်သက်ပါတယ်။ အရှေ့က အပင်ပန်းခံနေသူတွေကို အနောက်က လူတွေက အားပေးဖို့အလွန်အရေးပါလှပါတယ်။

အင်းထဲလှေစီးရင်း သာယာလှတဲ့ ရှုခင်းတွေမြင်ရတယ်။ ဒေါက်တာမျိုးသက်က မြေတွေဖော်ပြီး ဧည့်သည်တွေနားနိုင်မယ့် တဲကလေးတွေ ဆောက်ထားတယ်။ တချို့က လှေပုံစံတွေနဲ့ အခုလိုရန်ကုန်နဲ့ သိပ်နီးပြီး အရောက်အပေါက်နည်းတဲ့ မိုးယွန်းအင်းကို ခရီးသွားဧည့်သည်တွေ သွားစေချင်လှတယ်။ ဆောင်းခိုငှက်တွေအပြင် မြန်မာနိုင်ငံမှာ ရှင်သန်တဲ့ငှက်မျိုးစုံကိုလည်း တွေ့မြင်နိုင်မှာ။ ဒေါက်တာမျိုးသက်က သူတတ်နိုင်သရွေ့ ထိန်းသိမ်းထားပေမယ့် ဘက်ထရီအိုးတွေသုံးပြီး ငါးဖမ်းတာ၊ ငှက်တွေထောင်တာတွေ ရှိနေသေးကြောင်းသိရလို့ စိတ်မကောင်းဖြစ်မိတယ်။

ဒီအင်းကြီးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝရတနာတစ်ပါးဖြစ်တယ်။ အထူးသဖြင့် ရှားပါးလှတဲ့ Wetlands လို့ခေါ်တဲ့ ရေစပ်တဲ့သဘာဝမြေကြီး၊ ဒါကို မပျက် စီးအောင် ထိန်းသိမ်းပေးတဲ့ ဒေါက်တာမျိုးသက်ကိုလည်း ကျေးဇူးတင်ရပါတယ်။ အခုလောက် သာယာလှပပြီး သဘာဝကိုထိန်းသိမ်းထားတဲ့နေရာကို ရောက်ဖူးသွားတာကိုလည်း ကျေနပ်မိပါတယ်။

## တဲကြီးကျေးရွာ၏ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း



**ဆိပ်ဖြူ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာသည် ရှေးယခင်ကာလမှ လက်ရှိအချိန်ထိတိုင် ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်းလုပ်ငန်းကို တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်။ **(ဓါတ်ပုံ)**

ဆန်ကော၊ ဆန်ခါကိုရက်လုပ်ရာတွင် ဝါးနှင့်ကြိမ်ကို အဓိကထားအသုံးပြုရသည့်အတွက် ဝါးတစ်လုံးလျှင် ငွေကျပ် ၆၀၀ ဖြင့် ဝယ်ယူရပြီး ကြိမ်ကို မန္တလေးမြို့မှ ဝယ်ယူကြောင်း၊ ကြိမ်တစ်လုံးလျှင် ငွေကျပ် ၁၂၀ မှ ၁၅၀ အထိ ပေးဝယ်ရကြောင်း၊ ဝါးတစ်လုံးလျှင် ဆန်ကော သုံးချပ်ထွက်ရှိကြောင်း၊ တစ်နေ့လျှင် ဆန်ကောငါးချပ်အထိ ရက်လုပ်နိုင်ကာ လူတစ်ဦး၏ ဝင်ငွေအနေဖြင့် ရက်လုပ်ခ ငွေကျပ် ၂၅၀၀ ထိရရှိကြောင်း သိရသည်။

ဈေးကွက်၌ ဆန်ကောတစ်ချပ်လျှင် ငွေကျပ် ၁၂၀၀ မှ ၁၇၀၀ ထိရရှိကြောင်း၊ ကလေးများကိုလည်း ကျောင်းပိတ်ရက်များတွင် လက်ဆင့်ကမ်းအမွေအဖြစ် သင်ကြားပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကောက်ပဲသီးနှံပေါ်ချိန်ဖြစ်သည့်အတွက် ပဲချဆန်ခါမျိုးစုံကို တွင်ကျယ်စွာ ရက်လုပ်ပေးနေရကြောင်း၊ တဲကြီးကျေးရွာထွက် ဆန်ကော၊ ဆန်ခါသည် သပ်ရပ်ခိုင်မာမှုကြောင့် ဈေးကွက်တွင် ရောင်းအားသွက်လျက်ရှိပြီး မြန်မာပြည်အလယ်ပိုင်းမြို့ကြီးများနှင့် ဘုရားပွဲတော်ဈေးများသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းများ ကြီးကြပ်ဆောင်ရွက်

**ဟိုပုံး ဇန်နဝါရီ ၃**

ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၈ ရွာမှ ပုံချောင်ကျေးရွာ၊ တဖူးတန်၊ နမ့်ပေါ်ဟွန်း(ဆွန့်)ကျေးရွာ၊ နမ့်ပေါ်ဆွမ့်ကျေးရွာ၊ ဟိုနားကျေးရွာတို့၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၃၁ ရက်က အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်စစ်ဆေးခဲ့ပြီး စာရင်းဇယားပုံစံများ ပြည့်စုံစွာရေးသွင်းနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

သတင်းတိုများ

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကတ္တရာလမ်းဖွင့်

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတားဖွင့်ပွဲကို သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ် (၇) ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

ယခုဖွင့်လှစ်သည့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ငွေကျပ် ၃၀၉ ဒသမ ၂ သိန်းဖြင့် လမ်းအရှည်ပေ ၁၃၀၀ ခန့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၆၁၃ သိန်းဖြင့် လမ်းအရှည်ပေ ၂၂၀၀ နှင့် ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **(ဝ၆၄)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲများကျင်းပ

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ဇန်နဝါရီ ၁ ရက်က လယ်ဝေး အ ထ က (၁) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝေကြည်စန်းအောင်က "လွတ်လပ်ရေး၏ တန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသရာ နံရံကပ်စာစောင်တွင်ပါဝင်သည့် အချက်အလက်များအား ဉာဏ်စမ်းမေးခွန်းများဖြေဆိုစေကာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် နဝမတန်းမှ ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုကို(ရှူပ)**

## သပြေပင်ကျေးရွာ အထက(ခွဲ)ဘော်ဒါဆောင် ဖွင့်လှစ်

သရက်ခရိုင် အောင်လံမြို့နယ် သပြေပင်ကျေးရွာ အ. ထ. က(ခွဲ) ကျောင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောင်းသား ကျောင်းသူများနေထိုင်ရန် ဘော်ဒါဆောင် နှစ်ဆောင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က အဆိုပါ ဘော်ဒါဆောင်ရှေ့၌ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်တို့က အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ဂျပန်သံရုံးမှ ဆေးရုံအား ကွင်းဆင်းကြည့်ရှု

မြန်မာနိုင်ငံအခြေစိုက် ဂျပန်သံရုံး အသေးစားစီမံကိန်းဌာနမှ ဒေါ်အေးသီတာသည် ဂျပန်နိုင်ငံအစိုးရနှင့်ဂျပန်ပြည်သူများ၏ လှူဒါန်းခဲ့သော တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ ဆေးရုံမှ ခွဲစိပ်စက်နှင့် ဆေးရုံသုံးပစ္စည်း ၂၂ မျိုးကို သုံးစွဲမှုနှင့် လိုအပ် ချက်များကို ဒီဇင်ဘာလနောက်ဆုံးပတ်က ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးကျော်သူနှင့်တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(ဝ၄၅)**

## အရန်သားဖွားဆရာမသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင်ပုလဲမြို့၌ အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလနောက်ဆုံးပတ်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရ သည်။

အခမ်းအနားတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိတ်ပါဝင်စားသည့် သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၃၇၅၀၀၀ နှင့် MARIE STOPES INTERNA- TIONAL က ငွေကျပ် ၂၂၅၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ဟောပြော

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာနောက်ဆုံးပတ်ကကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ခရမ်းမြို့နယ်ကျန်းမာရေးမှူးဦးမြသွင်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း တောင်ပိုင်းခရိုင်ရုံးတာဝန်ခံ ဒေါ်သက်မာက အာမခံအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## တက်နေဝန်း ကျေးရွာစာကြည့်တိုက်သစ်ဖွင့်

မာန်အောင်မြို့နယ် သစ်ပုံကျေးရွာ တက်နေဝန်း စာကြည့်တိုက်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ဖွင့်လှစ်ခဲ့သည်။ အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

# ကျဉ်စက်ဖြင့် ငါးဖမ်းဆီးမှုများကြောင့် ငါးမျိုးစိတ်များ မျိုးသုဉ်းမည်စိုး



**မိုးညှင်း ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်ရင်းချောင်း သယံဇာတငါးမျိုးစုံကို ယခုအခါ မိုးညှင်း သားငါးဈေးကွက်များ၌ ယခင်နှစ်ကထက် ထူးထူးခြားခြား ပေါများစွာ တွေ့ရပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အလေးချိန် တစ်ပိဿာကျော်ရှိ ငါးကြင်းရွှေဝါနှင့် တစ်ပိဿာ ငါးဘတ်များ၊ အရွယ်အစားမျိုးစုံ တီလားပီးယား၊ ငါးဖယ်၊ ငါးခူ၊ ငါးရံ့၊ ငါးနုသန်း၊ ငါးပြက်၊ ငါးရှဉ့်၊ ငါးမြွေထိုးများ၊ အမည်မသိ အသားပျော့အိ အဝါရင့်ရောင် ငါးချောများ စသည့် ငါးမျိုးစိတ်ပေါင်း ၁၀ မျိုးကျော်ကို ဒီဇင်ဘာ ၃၀ ရက်က တွေ့မြင်ရသည်။

လတ်ဆတ်သော ငါးများဖြစ်သော်လည်း စားသုံးသူအချို့က ကျဉ်စက်ဖြင့်ဖမ်းဆီးသောငါးဖြစ်ခြင်းကြောင့် ကျန်းမာရေးအတွက် မစားချင်သူများရှိသကဲ့သို့ ဝယ်ယူစားသုံးသူများလည်း ရှိနေသည်။ ဝမ်းရေးအတွက် ငါးဖမ်းဆီးသူများမှာ ပိုက်တန်းဖြင့် လည်းကောင်း၊ ကွန်ဖြင့်လည်းကောင်း ဖမ်းဆီးရနိုင်သော်လည်း ငါးများကို အလွယ်တကူရရှိနိုင်သည့် ကျဉ်စက်ဖြင့်သာ ငါးဖမ်းယူမှုများလာခြင်းကြောင့် မိုးညှင်းနန့်ရင်းချောင်းမှ သယံဇာတမျိုးစိတ်စုံငါးများကို အရောင်းအဝယ်ဈေးကွက်များတွင် မြောက်မြားစွာ တွေ့မြင်ရခြင်းဖြစ်သည်။

ယခုကဲ့သို့ သဘာဝချောင်းပေါက် မြောင်းပေါက် နန့်ရင်းချောင်းတစ်လျှောက်တွင် ကျဉ်စက်ဖြင့် ငါးဖမ်းခြင်းမချုပ်ငြိမ်းလျှင် သယံဇာတငါးမျိုးစိတ်များ မျိုးသုဉ်းနိုင်ဖွယ်ရှိ၍ ငါးမျိုးစိတ်များ ပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းကာကွယ်ရန်လိုအပ်ကြောင်း ဒေသခံများကပြောသည်။ **(ဝ၆၃)**

# အနောက်မြောက်လွင်ပြင်(မုံရွာ)ကဗျာဆုပေးပွဲ ကျင်းပမည်

**မုံရွာ ဇန်နဝါရီ ၃**

"၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိသော မဂ္ဂဇင်းများထဲမှ အနှစ်သက်ဆုံး ကဗျာတစ်ပုဒ်ကိုရွေး၍ မုံရွာမြို့ဝန်းကျင် ကဗျာဆရာများ စုပေါင်းချီးမြှင့်သည့် ၂၀၁၅ ခုနှစ် အနောက်မြောက်လွင်ပြင် (မုံရွာ) ကဗျာဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မုံရွာမြို့နေ ကဗျာဆရာ မင်းဆွေနှစ် (မုံရွာ)ထံမှ သိရသည်။

၂၀၁၅ အနောက်မြောက်လွင်ပြင် (မုံရွာ) ကဗျာဆုကို အိုင်ဒီယာမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော "စာ" ကဗျာကိုရေးသည့် ဆရာခိုင်မြဲ ကျော်စွာကရရှိကြောင်း သိရသည်။

ယခုပေးအပ်ချီးမြှင့်မည့် ၂၀၁၅ အနောက်မြောက်လွင်ပြင် (မုံရွာ) ကဗျာဆုသည် ဒုတိယအကြိမ် ချီးမြှင့်ခြင်းဖြစ်သည်။

ကဗျာဆု ပေးအပ်ရန်အတွက် ကဗျာဆရာကြီးများဖြစ်သော ဆရာကိုသန်းထွန်း၊ ဆရာမောင်ဆေးရိုး၊ ဆရာမင်းဆွေနှစ်၊ ဆရာမောင် ဗိုလ်လူ ဆရာကြည်ဇော်အေးတို့က ၂၀၁၅ ခုနှစ်အတွင်းလစဉ်ထွက်မဂ္ဂဇင်းများထဲမှ ကဗျာများကိုဖတ်၍ ခံစားရမှုအားအပါဆုံးနှင့် ခေတ်ကိုထင်ဟပ်သော အနုပညာမြောက်ကဗျာတစ်ပုဒ်ကို စိတ်တူကိုယ်တူ ရွေးချယ်ကာ မုံရွာမြို့ သလ္လာရပ်ကွက် အရုဏ်ဦးစာကြည့်တိုက် ကော်မတီဝင်များနှင့် ကဗျာချစ်သူ စာချစ်သူတို့ စုပေါင်းပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။

"အရင်က မြန်မာနိုင်ငံနေရာအတော်များများမှာ ကဗျာဆရာ စာရေးဆရာတွေစုပြီး ကဗျာရွတ်ပွဲ စာရွတ်ပွဲတွေကျင်းပခဲ့ကြတာ အခုအတွေးထဲရောက်၊ အခုပျော်စရာပါ။ အဲဒီလို ကဗျာတွေစာတွေနဲ့ အခုခေတ် မျိုးဆက်သစ် ကဗျာဖန်ဆင်းရှင်လေးတွေ ခံစားချက်ကို ကဗျာစပ်ပြီးရွတ်နိုင်အောင် တစ်ဦးနဲ့တစ်ဦး တွေ့ဆုံပြီး အနုပညာအလုပ်တွေ ဖလှယ်ခွင့်ရအောင် ကြိုးစားနေတာပါ"ဟု ဆရာမင်းဆွေနှစ်က ပြောသည်။

**မျိုးဝင်းထွန်း-မုံရွာ**

# မြေပဲအထွက်နှုန်းနည်း၍ အရောင်းအဝယ်လုပ်ငန်းရှင်များ အခက်ကြုံ



**ငါ့သရောက် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သော်လည်း အချို့ကျေးလက်ဒေသများ၌ မြေပဲသီးနှံအထွက်နှုန်းနည်းမှုများနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် တောင်သူများ အကျိုးအမြတ်နည်းကာ မြို့နယ်အတွင်းရှိ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် မြေပဲသီးနှံကို လိုသလောက်ဝယ်မရကြောင်း၊ မြေပဲများဝယ်ယူရာတွင်လည်း ယခင်နှစ်တွေကလို မိမိတို့မြေပဲအရောင်းအဝယ်ပြုလုပ်သည့်ပွဲရုံသို့ လာရောက်ရောင်းချသူနည်းပါးကာ ကျေးရွာများသို့သွားရောက်ပြီး မြေပဲများဝယ်ယူနေရခြင်းကြောင့် ယခုနှစ်တွင် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ မြေပဲရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြသူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ်တွင် မြေပဲအထွက်နှုန်းနည်းသည့်အတွက် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များက မြေပဲများဈေးကောင်းပေးဝယ်ယူနေကြကြောင်း၊ မြေပဲတောင့်များကောင်းမွန်ပါက အလေးချိန် အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀ မှ ၁၄၀၀ အထိ ဝယ်ယူကြကြောင်း သိရသည်။ သို့သော်လည်း ယခုနှစ်တွင် ငါ့သရောက်မြို့နယ်ရှိအချို့ကျေးလက်ဒေသများတွင် မိုးရွာသွန်းမှုများမှာ မြေပဲခင်းများမိုးလိုအပ်နေသည့်အချိန်တွင် မိုးရွာသွန်းမှုမရှိခြင်းကြောင့် တောင်သူများ မြေပဲအထွက်နှုန်းနည်းပါးခဲ့ပြီး အချို့ကျေးရွာများတွင် မြေပဲဆန်တစ်တင်းကျလျှင် မြေပဲအတောင့် လေးတင်း၊ ငါးတင်းခန့်သာထွက်ရှိကြောင်း ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာမှတောင်သူတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ်ဆည်ကျေးရွာ၌ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင် ၁၀ ခန့်ရှိပြီး မြေပဲများအထွက်နှုန်းနည်းပါးခဲ့ခြင်းကြောင့် ကျေးရွာများသို့ သွားရောက်၍ အပြိုင်အဆိုင်ဝယ်ယူနေကြကြောင်းနှင့် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် မြေပဲများ လိုသလောက်ဝယ်ယူ၍မရဖြစ်ကာ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ်ဆည်ကျေးရွာမှ ဦးအေးချမ်းကပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများဖြစ်သော ပေါ်အိုင်ရိုးကျေးရွာနှင့် ထိန်အင်း ကျေးရွာများ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသောင်းထိုက်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်နိုင်ဝင်းတို့ ဇန်နဝါရီ ၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

### ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်းသူရိယလှသောင်းကျောင်း)၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်သင်တန်း အမှတ်စဉ်(၃)၏ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်မှူးရဲမြင့်အောင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူ ၁၄၂ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခင်ဇော်(မင်္ဂလာ)**

### လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲများနှင့် ဟောပြောပွဲကို လယ်ဝေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ဝေကြည်စန်းအောင်က လွတ်လပ်ရေး၏တန်ဖိုးခေါင်းစဉ်ဖြင့် ဟောပြောကာ ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့အကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲအပြီးတွင် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ဆက်လက်ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေကာ ဖြေဆိုနိုင်သည့်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# တည်ဆောက်ပြီးစီးသည့် ကျေးလက်အိမ်ရာများ လွှဲပြောင်းပေးအပ်

**ကော့သောင်း ဇန်နဝါရီ ၃**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့နယ် ချောင်းဝကျေးရွာ၌ တည်ဆောက်ပြီးစီးသည့် ကျေးလက်အိမ်ရာ ၁၀ လုံး လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ကျေးလက်အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အိမ်ရာများကို တာဝန်ယူဆောက်လုပ်ခဲ့သော ကမ်းရိုးတန်းကျားဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းငြိမ်းအေးတို့က ကျေးလက်အိမ်ရာဆောက်လုပ်ခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အိမ်ရာ ၁၀ လုံးနှင့် စပ်လျဉ်းသည့် အထောက်အထားစာရွက်စာတမ်းများကို ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးငြိမ်းမောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ကျေးလက်အိမ်ရာများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါအိမ်ရာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကမ်းရိုးတန်းကျားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကာ နေအိမ်များမှာ အလျား ၁၈ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၉ ပေခွဲစီရှိကြောင်း သိရသည်။ ကျေးလက်အိမ်ရာများကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ပြီး အဆိုပါကျေးလက်အိမ်ရာ အိမ်ရာများတွင် ကိုယ်ပိုင်အိုးအိမ်မရှိသည့် ကျေးလက်ပြည်သူများအား အခမဲ့နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**

# သီပေါမြို့လယ်ချောင်း ရေစီးရေလာကောင်းစေရန် ပြန်လည်တူးဖော်

**သီပေါ ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့လယ်ရှိ ချောင်းကို ရေစီးရေလာကောင်းမွန်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသုံးပြုနိုင်ရေးအတွက် မြောင်းတူးဖော်ခြင်း၊ သဲနုန်းနှင့် အမှိုက်သရိုက်များ ဆယ်ယူခြင်း တို့ကို (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၂ ရက်က တူးဖော်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်၊ ကြက်ခြေနီ၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီစသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများက ချောင်းပြန်လည်တူးဖော်ရေး လုပ်ကွက်နေရာများအဖြစ် သတ်မှတ်ထားသော မြန်မာရပ်ရေခဲစက်၊ ရေဦးဘုန်းတော်ကြီးကျောင်း၊ မြန်မာ့စိုက်ပျိုးရေးဘဏ်၊ အမက(၁)ကျောင်းနှင့် ပန်းတိမ်တောင်ရပ်ကွက်ရုံး စသည့် နေရာများတွင် ချောင်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ချောင်းအတွင်းမှ တူးဖော်ထားသော သဲနုန်းများနှင့် အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီက အမှိုက်ကားကြီးလေးစီးဖြင့် သယ်ယူဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်မှုကို ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**စိုင်း(သီပေါ)**



# ယခုနှစ် ကြက်သွန်နီဈေးနှုန်းမြင့်တက်သဖြင့် ကြက်သွန်စိုက်တောင်သူများ အကျိုးအမြတ်ပိုရ

**ရေစကြို ဇန်နဝါရီ ၃**

ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခဲ့သောကြောင့် ပဲခူးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ယခင်နှစ်များကထက် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်များက ရေစကြိုမြို့နယ်မှ စိုက်ပျိုးသော ကြက်သွန်နီများပေါ်ချိန်တွင် ကြက်သွန်နီဈေး မကောင်းသဖြင့် ရေစကြိုမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူများ အရှုံးပေါ်ခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီစိုက်ပျိုးသူ လျော့နည်းခဲ့သော်လည်း ကြက်သွန်နီဈေးကောင်းရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက အခုလိုအချိန်မှာ ကြက်သွန်နီထိပ်စ တစ်ပိဿာကို နှစ်ရာ၊ သုံးရာလောက်ပဲ ဈေးရတယ်။ သုံးနှစ်ဆက်တိုက် အရှုံးပေါ်ခဲ့တာ။ ဒီနှစ်တော့ ကြက်သွန်နီ ဈေးကောင်းရတယ်။ ဦးတို့ရွာဘက်က ကြက်သွန်နီစိုက်တောင်သူတွေဆိုရင် ကြက်သွန်ဈေးမြင့်တက်နေတဲ့အချိန် တစ်ပိဿာ ကျပ်၂၅၀၀ ပေါက်ဈေး မီလိုက်ကြသေးတယ်"ဟု ကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် လများအတွင်း ကြက်သွန်နီဈေးကောင်းရခဲ့သဖြင့် တောင်သူအချို့မှာ ဈေးကောင်းကိုမီအောင် မရင့်သေးသည့် ကြက်သွန်များကို နုတ်ရောင်းခြင်းများလည်း ရှိခဲ့ကြောင်း သိရသည်။ "စိုက်တာလည်း သူများထက်နည်းနည်းစောတဲ့သူတွေက ရောင်းလို့ရလောက်တဲ့ ကြက်သွန်ဥအနေအထားရောက်တော့ ဥတွေနုတ်ရောင်းကြတာ။ တောင်သူတွေက ကြက်သွန်နီဈေးမြင့်နေတဲ့အချိန် မီအောင်ရောင်းချင်၊ ဈေးကောင်းလည်းရချင်တော့ ကြက်သွန်နီအပင်ကို အပင်ကျပြီး အရွက်နွမ်းတယ်ထင်အောင် စိုက်ခင်းထဲ ပီပါနဲ့ လှိမ့်ကြတယ်။ စိုက်ခင်းထဲ ပီပါနဲ့ လှိမ့်လိုက်တော့ ထောင်ပြီးလန်းနေတဲ့အပင်တွေက ညိုးသွားတာပေါ့။ ပွဲရုံမှာသွားရောင်းတော့ ကြက်သွန်နီဥထိပ်ပိုင်းလေးတွေက လန်းပြီးထောင်မနေဘဲ ညိုးနေတော့ ရင့်လို့နုတ်လာတဲ့ပုံပေါက်ပြီး ဈေးကောင်းရတာပေါ့။ စောစောနုတ်ပြီးရောင်းရတော့ ဈေးကောင်းလည်းမီတယ်။ စိုက်ခင်းထဲ ကြာရှည်မထားရတော့ ရေလောင်းခတို့ ဆေးဖျန်းခတို့လည်း သက်သာတာပေါ့။ ဒါပေမယ့် ရင့်မှနုတ်တာထက် နုနုနဲ့စောနုတ်တာက အထွက်နှုန်းတော့ လျော့ပါတယ်"ဟု ကြက်သွန်နီ ဈေးအမြင့်တွင် ရောင်းနိုင်အောင် တောင်သူအချို့ ပြုလုပ်ခဲ့ပုံကို ၄င်းက ဆက်ရှင်းပြသည်။

လက်ရှိအချိန်တွင် ယခင်လများကထက် ကြက်သွန်နီဈေး ပြန်လျော့လာသော်လည်း အထွက်နှုန်းပိုလာခြင်းကြောင့် နောက်ကျမှရောင်းသော တောင်သူများအနေဖြင့်လည်း စောရောင်းသည့် တောင်သူများနှင့်တန်းတူ အမြတ်ရကြောင်း သိရသည်။

"အခုလောလောဆယ် ကြက်သွန်နီပေါက်ဈေးက တစ်ပိဿာ ၁၅၀၀ လောက်ရှိတယ်။ ရင့်မှ နုတ်တဲ့သူတွေက အထွက်နှုန်းပိုထွက်တော့ အခုဈေးနဲ့ ယှဉ်ကြည့်ရင် စောစောနုတ်ရောင်းတဲ့သူနဲ့ ရင့်မှနုတ်ရောင်းတဲ့သူနဲ့ အမြတ်တွက်ခြင်း အတူတူလောက်ပဲရကြပါတယ်။ ဒါပေမယ့် စောစောနုတ်ပြီး ရောင်းတဲ့သူတွေက ရေလောင်းခတို့ ဆေးဖျန်းခတို့ သက်သာတာပေါ့"ဟု ကြက်သွန်နီစိုက်တောင်သူတစ်ဦးကပြောပြသည်။

ပြီးခဲ့သောလများက ကြက်သွန်နီဈေးနှုန်းများမကြုံစဖူးမြင့်တက်ခဲ့ပြီး ယခုအခါ ဈေးနှုန်းများ ပြန်ကျနေပြီဖြစ်သော်လည်း ယခင်နှစ်ဈေးနှုန်းထက် မြင့်တက်လျက်ရှိနေဆဲဖြစ်သည်။ အစိုက်စောသည့် စိုက်ခင်းများမှ ကြက်သွန်နီဥများမှာ ပွဲရုံများသို့ ရောင်းချကြပြီးဖြစ်ကာ နောက်ကျမှစိုက်ပျိုးကြသည့် ကြက်သွန်နီဥများမှာ ရောင်းချရမည့်အချိန်သို့ရောက်ရန် ရက်၂၀ ခန့် လိုလျက်ရှိရာ အဆိုပါ ရက်၂၀ ခန့်အတွင်း စပ်ကူးမတ်ကူးအချိန်၌ ကြက်သွန်နီဈေးနှုန်း ထပ်မံမြင့်တက်နိုင်ချေရှိသည်ဟု ရေစကြိုမြို့မှ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ခန့်မှန်းပြောကြားသည်။

**အိမွန်ဆွေ(ရေစကြို)**

# ကြက်သွန်စိုက်ပျိုးရာတွင် ပိုက်များသွယ်တန်း၍ ရေဖျန်းသည့်စနစ် အသုံးများလာ

**တောင်သာ ဇန်နဝါရီ ၃**

တောင်သာမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်ခင်းများတွင် ယခင်က ရေသွင်းမြောင်းဖြင့် ရေပေးသည့်အစား PVC (ကွန်ကျူ)ပိုက်များ သွယ်တန်း၍ ရေမွှားခေါင်းများ တပ်ဆင်ပြီး ရေဖျန်းသည့်စနစ်ကို စတင်အသုံးပြု စိုက်ပျိုးလာကြကြောင်း သိရသည်။

"အရင်က ရေသွင်းမြောင်းပြုလုပ်ရတော့ မြေအလေအလွင့်ရှိတယ်။ အခုစနစ်က နေရာအလပ်မရှိ စိုက်ပျိုးနိုင်တော့ ကုန်ချိန်တိုးလာတယ်။ ရေမွှားစနစ်ကြောင့် မြေပွလွယ်ပြီး တူးဖော်ချိန်မှာလည်း ကြက်သွန်အလေအလွင့်နည်းတယ်"ဟု ကြက်သွန်စိုက်တောင်သူ ဦးသိန်းထွန်းက ပြောသည်။



တောင်သာမြို့နယ်တွင် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ကုန်းမြေများတွင်နွေကြက်သွန်များ စတင်စိုက်ပျိုးနေကြပြီး ပိုက်သွယ်ရေဖျန်းစနစ်ကို အသုံးပြုမှု များလာကြောင်း၊ အဆိုပါစနစ်ကို အသုံးပြုရာတွင် ကုန်းမြေနုနှင့် လယ်မြေများတွင် စိုက်ပျိုးသော ကြက်သွန်ခင်းများတွင်သာ အသုံးပြုကြကြောင်း၊ သဲချောင်းမြေများတွင် အဆင်မပြေနိုင်ကြောင်း၊ အလုပ်သမားအင်အား လျှော့ချနိုင်သဖြင့် ပိုက်သွယ်ရေဖျန်းစနစ်ကို အသုံးပြုမှုများလာခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်စိုက်ပျိုးခြင်းသည် တောင်သာမြို့နယ်၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသခံများ အနေဖြင့် အရှုံးအမြတ်အပေါ် အဓိကမထားဘဲ ရာသီသီးနှံအဖြစ် နွေ၊ မိုး ကြက်သွန်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကြက်သွန်ဈေးက ပြောမရဘူး။ အရင်နှစ်က တစ်ပိဿာ ကျပ် ၃၅၀၊ ကျပ် ၄၀၀ ပဲရှိတယ်။ ဒီနှစ်မှာ ကျပ် ၄၀၀၀ အထိ ဈေးဖြစ်ခဲ့ပါတယ်။ တောင်သူလက်ထဲ ကုန်မရှိမှ ဈေးတက်လာတော့ ပွဲစားတွေပဲ အဆင်ပြေကြတယ်။ စိုက်ပျိုးချိန်ရောက်ရင် ထုံးစံအတိုင်း စိုက်နေကြတာပဲ။ ဈေး အဆင်ပြေမှ သက်ပြင်းချကြရတာ"ဟု ကြက်သွန်နီ စိုက်တောင်သူတစ်ဦးက ပြောပြသည်။

**လင်းလက်ကြယ်(တောင်သာ)**

# မုံရွာနယ်၌ စိုက်ပျိုးသောထိုင်ဝမ်ဆီးသီးများ အထွက်နှုန်းလျော့နည်း

**မုံရွာ ဇန်နဝါရီ ၃**

ယခုနှစ်တွင် မုံရွာမြို့နယ်အတွင်း စိုက်ပျိုးသော ထိုင်ဝမ်ဆီးသီးများမှာ စံချိန်မီအသီး အထွက်နှုန်း လျော့နည်းနေသဖြင့် ဈေးကောင်းရနေသော်လည်း ဈေးကွက်မှလိုသလောက် မရောင်းချနိုင်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဆီးသီးအမျိုးမျိုးကိုနှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ထိုင်ဝမ်ဆီးသီးလည်း အပါအဝင်ဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်မှ မှာယူမှုများရှိသော်လည်း ထိုင်ဝမ်ဆီးသီး စိုက်ပျိုးသူများအနေဖြင့် ယခုနှစ်တွင် စံချိန်မီအသီးထွက်ရှိမှု နည်းသဖြင့် ဈေးကွက်သို့ လိုသလောက်မပို့နိုင်ကြောင်း မုံရွာမြို့နယ် တောင်ဘက်ခြမ်း ကျေးရွာများရှိ ထိုင်ဝမ်ဆီးသီး စိုက် တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"ဒီနှစ် ဆီးသီးအပွင့်လိုက်တဲ့ အချိန်မှာ မိုးရွာသွန်းတဲ့အတွက် အပွင့်တွေကြွေပြီး အသီးအထွက်နှုန်း နည်းတယ်။ နောက်ပြီး စံချိန်မီအသီး အနေနဲ့လည်း အထွက်နည်းတယ်၊ ဈေးနှုန်းအနေနဲ့ကတော့ အလုံး ၁၅၀ ပါတဲ့ တစ်ဖာကို ကျပ် ၅၀၀၀ ဈေးပါ။ ဈေးနှုန်းအနေနဲ့ ကောင်းပေမယ့် ဝယ်လက်မှာသလောက်ကို မပို့နိုင်ဘူးဖြစ်နေတယ်"ဟု လယ်ဇင်စံပြကျေးရွာမှ ထိုင်ဝမ်ဆီးသီးစိုက်တောင်သူတစ်ဦးက ပြောသည်။



မုံရွာမြို့နယ်အတွင်း ထိုင်ဝမ်ဆီးသီးကို ကိုင်းကူး၍ တိုးချဲ့စိုက်ပျိုးမှုများရှိနေသဖြင့် စံချိန်မီအသီး အထွက်နှုန်းနည်းသော်လည်း ဆီးသီးအသေးများမှာ အထွက်နှုန်းများနိုင်ကြောင်းလည်း သိရသည်။

"မြို့နယ်အတွင်းမှာ တိုးချဲ့စိုက်ပျိုးတဲ့ ဆီးသီးခြံတော့ မရှိပေမယ့် ရှိပြီးသား ဗမာဆီးချဉ်ပင်တွေကို ထိုင်ဝမ်မျိုး ကိုင်းကူးကြတာတွေတော့ရှိတယ်။ ဟိုတုန်းကတော့ ယိုးဒယားအဝိုင်းသီးနဲ့ ဇီးကြက်ဥဆိုပြီး နှစ်မျိုးကို စိုက်ကြတယ်။ အခုနောက်ပိုင်းမှာတော့ ဈေးကွက်ကောင်းတဲ့ ထိုင်ဝမ်မျိုးတွေကိုပဲ ပြောင်းလဲစိုက်ကြတယ်။ စံချိန်မီအသီးမရပေမယ့် အသီးအသေး (ဇီးပုလဲ)တွေတော့ အထွက်များမယ်။ ဇီးပုလဲတစ်တင်းကို ငွေကျပ် ၇၅၀၀ ကျပ် ဈေးပေါက်တယ်။ မနှစ်တုန်းကတော့ တစ်တင်းကို ကျပ် ၁၂၀၀၀အထိ ဈေးပေါက်တယ်။ ဇီးပုလဲတွေက တော့ တပို့တွဲလကုန်အထိတော့ ထွက်နေမှာပါ။ အသီးကြီးမရတော့ အသီးသေးကိုပဲ မျှော်ရတော့မယ်"ဟု အဆိုပါ တောင်သူက ဆက်ပြောပြ သည်။

ထိုင်ဝမ်ဆီးသီးပင်များကို မုံရွာမြို့နယ်တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသော်လည်း နည်းစနစ်အရ အားနည်းမှုများရှိသဖြင့် အထွက်နှုန်းနှင့် အရည်အသွေးများ တစ်နှစ်ထက် တစ်နှစ် ကျဆင်းလျက်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောကြားလျက်ရှိသည်။

**ဖိုးချမ်း(မုံရွာ)**

# ဖျာပုံပြည်သူ့ဆေးရုံ၌ စကြံ့လမ်းဆောက်လုပ်လှူဒါန်း

**ဖျာပုံ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ပြည်သူ့ဆေးရုံအတွင်း၌ လူနာများ လုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စင်္ကြံလမ်းတစ်ခုကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်းမိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် လွှဲပြောင်းလှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

စင်္ကြံလမ်းလွှဲပြောင်းလှူဒါန်းပွဲတွင် အလှူရှင်မိသားစုကိုယ်စား မြို့မိမြို့ဖ ဦးဗဟိန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့က ဦးသိန်းလှိုင်တို့က စင်္ကြံလမ်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်ထံ လွှဲပြောင်းပေးအပ်ခဲ့ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းတို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ စင်္ကြံလမ်းသည် ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ နှစ်ထပ်လူနာဆောင်သစ်နှင့် ပင်မဆောင်သို့ ဆက်သွယ်သောလမ်းဖြစ်ကာ အရှည် ပေ ၁၀၀၊ အကျယ် ၉ပေနှင့် အမြင့် ၁၀ ပေဖြစ်ပြီး ကျပ် ၃၅ သိန်း အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# အသည်းရောင်အသားဝါ(ဘီပိုး)ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကျောက်တံခါး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား အသည်းရောင်အသားဝါရောဂါ(ဘီပိုး) ကာကွယ်ဆေးများကို မြန်မာအသည်းဖောင်ဒေးရှင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့က ဇန်နဝါရီ ၂ ရက်တွင် အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၁၇ တိုက်မှ ဆရာတော် သံဃာတော် ၁၈၄ ပါးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈၆ ဦးတို့အား အသည်းရောင်အသားဝါ(ဘီပိုး)ကာကွယ်ဆေးများ ထိုးပေးခဲ့ခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးပေးခြင်းကို ကျောက်တံခါးမြို့ ဗြဟ္မစိုရ် လူမှုရေးကူညီမှုအသင်း၊ မြန်မာအသဲဖောင်ဒေးရှင်း၊ ကျောက်တံခါးမြို့နယ် အသင်း(ရန်ကုန်)နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**တောင်ကြီး ဇန်နဝါရီ ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ အကြောင်းအရာများ ထပ်ဆင့်ရှင်းလင်းပွဲကို ရှမ်းပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီး (၁) ဒေါ်ခင်မေတင့်က ရည်ရွယ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး(၂) ဦးခင်မောင်ဌေးက တရားရေး ဆိုင်ရာများတွင် ကျင့်သုံးရမည့် နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် တရားသူကြီးများက တရားရေးဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်နယ်တရားသူကြီးချုပ်က ဖြည့်စွက်ဆွေးနွေးကာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ် တရားရေးဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်များမှ တရားသူကြီးများ တက်ရောက်ခဲ့ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

**ဆိပ်ဖြူ ဇန်နဝါရီ ၃**

ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကျောင်းသား ကျောင်းသူများ ဘက်စုံပညာထူးချွန်ပြီး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားလာစေရန် ရည်ရွယ်ကာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဘက်စုံပညာရေး စုံညီအားကစားပြိုင်ပွဲများကို မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။



အားကစားပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူးရုံးက ဦးစီးကျင်းပခြင်းဖြစ်ပြီး မူလတန်းအဆင့်တွင် အားကစားနည်း လေးမျိုး၊ အလယ်တန်းအဆင့်တွင် အားကစားနည်း ကိုးမျိုးနှင့် အထက်တန်းအဆင့်တွင် အားကစားနည်းကိုးမျိုးတို့ကို ထည့်သွင်းကျင်းပခဲ့ကြောင်း၊ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်**(iprd)

# တန်းစီဇယားကို ဆက်လက်ဦးဆောင်မယ့် အင်တာမီလန်ရဲ့ပွဲစဉ်(၁၈)

မိုးမြင့်လင်းလက်

၂၀၁၆ နှစ်သစ်ရဲ့ ပထမဆုံးရက်သတ္တပတ် ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၅ ရက်နဲ့ ၆ ရက်တွေမှာ စီးရီးအေ ပွဲစဉ်(၁၈)ကို ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ရမှတ်ပြတ်သားမှုမရှိတဲ့ တန်းစီဇယားထိပ်ဆုံးက အင်တာမီလန်၊ ဖီအိုရင်တီးနားနဲ့ နာပိုလီတို့အတွက်တော့ အမှားအယွင်းမခံတဲ့ ပွဲစဉ်ဖြစ်နေပါတယ်။ အတိမ်းအစောင်းဖြစ်တဲ့ အသင်းဟာ တန်းစီဇယားထိပ်ပိုင်းနေရာတွေက ဖယ်ရှားပေးရမှာဖြစ်တာမို့ ဂုဏ်သိက္ခာအရ မဖြစ်မနေ အနိုင်ကစားရမယ့်ပွဲတွေလည်း ဖြစ်နေပါတယ်။



**အမ်ပိုလီနှင့် အင်တာမီလန်**

နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ အင်တာမီလန်ဟာ ပြီးခဲ့တဲ့ပွဲမှာ လာဇီယိုကို ရှုံးခဲ့တာမို့ အခုပွဲမှာ သတိထားကစားတော့မှာဖြစ်ပါတယ်။ ခံစစ်ရော တိုက်စစ်မှာပါ ဟန်ချက်ညီအောင် ကစားနိုင်နေတဲ့ အင်အာမီလန်ကိုတော့ အမ်ပိုလီတို့ ခက်ခဲစွာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အမ်ပိုလီတို့ကတော့ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပြီး အိမ်ကွင်းမှာ နောက်ဆုံးနှစ်ပွဲ ကစားခဲ့ရာမှာ နိုင်ပွဲတွေချည်း ရယူထားနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် အင်တာမီလန်တို့ပဲ နိုင်ပွဲရယူခဲ့တာမို့ အခုပွဲမှာလည်း အင်တာမီလန်တို့ပဲ အနိုင်ရလဒ်သိမ်းပိုက်ပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်ပါလိမ့်မယ်။

**ပါလာမိုနှင့် ဖီအိုရင်တီးနား**

ဒီနှစ် စီးရီးအေဖလားကို ပစ်မှတ်ထားနေတဲ့ ဖီအိုရင်တီးနားတို့အတွက်တော့ ပါလာမိုက ပြိုင်ဘက်ကောင်းမဟုတ်ပါဘူး။ ခြေစွမ်း ဆက်တိုက်ကျဆင်းနေတဲ့ ပါလာမိုတို့ဟာ ရှုံးပွဲတွေဆက်နေတာမို့ အခုပွဲမှာ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရမယ့် အနေအထားဖြစ်ပါတယ်။ ဖီအိုရင်တီးနားတို့ရဲ့ ခြေစွမ်းက ပွဲတိုင်းအနိုင်ရယူရေး ဦးတည်ချက်ထားပြီး အားထုတ်နေတာမို့ အခုပွဲမှာ အိမ်ရှင် ပါလာမိုတို့အနေနဲ့ မျှော်လင့်ချက်ထားလို့ မရတဲ့အနေအထားရှိနေပါတယ်။

**နာပိုလီနှင့် တိုရီနို**

တန်းစီဇယားတတိယနေရာမှာ ရှိနေတဲ့ နာပိုလီတို့အတွက် ဒီပွဲဟာ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။ အနိုင်ရရင် တန်းစီဇယားထိပ်ဆုံးက အင်တာမီလန်ကို ဆက်လက်ဖိအားပေးနိုင်မှာဖြစ်တာမို့ အနိုင်ကလွဲပြီး အခြားရလဒ်ကို နာပိုလီတို့ မျှော်လင့်မှာမဟုတ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှုရလဒ်တွေကိုကြည့်ရင် နာပိုလီတို့ကပဲ နိုင်ပွဲရတာ များပါတယ်။ လက်ရှိမှာ ခြေစွမ်းကျဆင်းနေတဲ့ အိမ်ရှင်တို့ဟာ အမှတ်ပြည့်ရယူရေးကို အပြည့်အဝ အာရုံစိုက်ပါလိမ့်မယ်။

**ချီယေးဗိုနှင့် ရိုးမား**

ဒီဇီကို၊ ပီဂျာနစ်နဲ့ နိုင်ဂိုလန်တို့ ဒဏ်ရာတွေရရှိနေတဲ့အတွက် ရိုးမားလည်း ပါဝါလျော့နေပါတယ်။ ရိုးမားတို့က ခြေစွမ်းအတက်အကျဖြစ်နေတာကြောင့် ယုံကြည်မှုထားလို့မရပေမယ့် အားထုတ်မှုကတော့ ပွဲတိုင်းခြေကုန်ထုတ်နေပါတယ်။ ချီယေးဗိုတို့က ရလဒ်တွေဆိုးရွားနေခဲ့ပြီး တန်းစီဇယား ၁၂ အထိ ကျဆင်းနေပါတယ်။ တန်းစီဇယားထိပ်ဆုံးနေရာကို ရောက်ဖို့ ကြိုးစားမယ့် ချီယေးဗိုရဲ့ စွမ်းဆောင်မှုကို ယုံကြည်စိတ်ထားပေးရမှာဖြစ်ပါတယ်။

**အူဒီးနီစ်နှင့် အတ္တလန်တာ**

နှစ်သင်းစလုံး ခြေစွမ်းက အားရစရာမရှိပါဘူး၊ နာပိုလီနဲ့ ချေယေးဗိုတို့ကို ဆက်တိုက်ရှုံးပွဲတွေ ကြုံတွေ့ထားရတဲ့ အတ္တလန်တာတို့ကတော့ အခုပွဲမှာ ရသလောက် အမှတ်ယူပြီး အိမ်ပြန်ဖို့ စွမ်းဆောင်ပါလိမ့်မယ်။ အူဒီးနီစ်တို့ကတော့ ဒီနှစ် စီးရီးအေမှာ မျှော်လင့်ချက်ကြီးကြီးထားနေတာမို့ ခြေစွမ်းမာကျောတဲ့ အတ္တလန်တာကို ခက်ခဲစွာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းဆုံတွေ့တိုင်း အူဒီးနီစ်တို့က နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားတာမို့ အဲဒီမှတ်တမ်းကောင်း အိမ်ရှင်တို့ဆက်ထိန်းပါလိမ့်မယ်။

**ဂျူဗင်တပ်နှင့် ဗီရိုနာ**

ပုံမှန်ခြေစွမ်းရအောင် ရုန်းကန်နေရတဲ့ ဂျူဗင်တပ်စ်အတွက်ကတော့ ဗီရိုနာနဲ့ တွေ့ဆုံမှုမှာ အမှတ်ပြည့်ရယူရေး အားထုတ်လာပါလိမ့်မယ်။ ဗီရိုနာတို့က အခုတလောရလဒ်ကောင်း ပြန်ရလာပေမယ့် ဂျူဗင်တပ်စ်ကို ခြေရည်တူကစားဖို့ လိုအပ်ချက်တွေရှိနေဆဲပါပဲ။ ဒီပွဲမှာ အနိုင်သုံးမှတ်သေချာဖို့ ဂျူဗင်တပ်စ်တို့ အလေးအနက်ထား ကစားပါလိမ့်မယ်။ ။

---

# ဒင်းနစ်ဘားကမ့်နဲ့ တူတဲ့ အိုဇေးလ်


အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်ကို တစ်ချိန်က အောင်မြင်ခဲ့တဲ့ ဒင်းနစ်ဘားကမ့်နဲ့ တူတယ်လို့ နှိုင်းယှဉ်ပြောဆိုခဲ့ကြပါတယ်။ ကွင်းလယ်ကစားမား အိုဇေးလ်ဟာ ယခုနှစ်ရာသီမှာ သိသိသာသာခြေစွမ်းပြကစားလာခဲ့ပြီး အခြားကစားသမားတွေကို ဂိုးသွင်းနိုင်အောင် ၁၆ ကြိမ်အထိ ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒီ့အတွက် ဂျာမနီနိုင်ငံသား အိုဇေးလ်ကို ဘားကမ့်နဲ့ ခြေစွမ်းတူတယ်လို့ ချီးကျူးပြောကြားခဲ့ပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ်ဖလားရအောင် ဆွတ်ခူးပေးနိုင်ခြင်းမရှိဘဲ ဘားကမ့်နဲ့ နှိုင်းယှဉ်မပြောသင့်ဘူးလို့ အာဆင်နယ် တာဝန်ရှိသူတွေက ဆိုပါတယ်။ ဘားကမ့်ဟာ အာဆင်နယ်အသင်းနဲ့အတူ ဖလားရအောင် ဆွတ်ခူးပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အိုဇေးလ်ဟာ အာဆင်နယ်အသင်းကို ဇယားထိပ်ရောက်အောင် အဓိက ပံ့ပိုးပေးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ အာဆင်နယ်အသင်းကို ဇယားထိပ်ဦးဆောင်မှုကို အဓိက ကြိုးစားပေးခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း လူအချို့က အိုဇေးလ်ကို ဘားကမ့်နဲ့တူတယ်လို့ နှိုင်းယှဉ်ပြောဆိုလျက်ရှိပါတယ်။




---

# ဘွန်ဒက်စ်လီဂါမှာ ခြေစွမ်းပြနေတဲ့ ဟာနန်ဒက်ဇ်

မန်ယူ ကစားသမားဟောင်း ဟာနန်ဒက်ဇ်ဟာ ဘွန်ဒက်စ်လီဂါမှာ ခြေစွမ်းပြ ကစားနေပါပြီ။ ပြီးခဲ့တဲ့ နွေရာသီမှာ ပေါင် ၁၂ သန်းနဲ့ မန်ယူက ရောင်းထုတ်လိုက်ပြီးတဲ့နောက် ဟာနန်ဒက်ဇ်ဟာ မန်ယူမှာထက် ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ ဘွန်ဒက်ဇ်လီဂါ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ခုနှစ်ဂိုးသွင်းယူပေးထားပါတယ်။ ဒီလို ခြေစွမ်းပြကစားပြီး ဂိုးတွေသွင်းယူနေတဲ့အတွက် ဟာနန်ဒက်ဇ်ကို ဒီဇင်ဘာလ အကောင်းဆုံး ဘောလုံးသမားဆုချီးမြှင့်ခဲ့ပါတယ်။ သူဟာ နိုဝင်ဘာလကလည်း အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဟာနန်ဒက်ဇ်ဟာမန်က ထွက်ခွာသွားပြီးနောက် ဘွန်ဒက်ဇ် လီဂါမှာ လေဗာကူဆင်အသင်းနဲ့ အတူ အကောင်းဆုံး ဘောလုံး သမားဆုနှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး မန်ယူနည်းပြ ဗန်ဟားလ်အတွက် နောင်တရစရာ ဖြစ်လာခဲ့ပါတယ်။




---

# ရိုးမားတိုက်စစ်မှူးကို ရာသီကုန်အထိ ဘုန်းမောက်ခေါ်ယူ

ကောင်းမြတ်သူ – စုစည်းသည်။

တိုက်စစ်မှူး လိုအပ်နေတဲ့ ဘုန်းမောက်အသင်းက ရိုးမားတိုက်စစ်မှူး ဂျူယန်အီတူဘီကို ရာသီကုန်အထိ အငှားခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ အီတူဘီကို ပရီမီယာလိဂ် ရာသီကုန်အထိ အငှားစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ သို့ပေမယ့် အီတူဘီဟာ ၂၀၁၄ ခုနှစ်က ရိုးမားကို ရောက်ရှိလာပြီး ၃၉ ပွဲမှာ သုံးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ အီတူဘီဟာ ရိုးမားအသင်းမှာ ခြေစွမ်းပြ ကစားလာတဲ့ ကစားသမားတစ်ဦးဖြစ်လာပြီးတဲ့နောက် ဘုန်းမောက်ရဲ့ အဓိက ပစ်မှတ်ထားတဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ ဘုန်းမောက်က ပေါင် ၁၆ ဒသမ ၂ သန်းနဲ့ ရာသီကုန်အထိ စာချုပ်ထားတယ်လို့ ဆိုပါတယ်။ အီတူဘီဟာ လာမယ့် ဇန်နဝါရီ ၉ ရက်မှာ ကစားမယ့် အက်ဖ်အေဖလားပွဲအဖြစ် ဘာမင်ဂမ်နဲ့ ကစားမယ့်ပွဲမှာ ပါဝင်လာနိုင်ပါတယ်။ သူဟာ အသက် ၂၀ အောက် အာဂျင်တီးနားအသင်းမှာ ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘုန်းမောက်အသင်းဟာ ဇယားနံပါတ် ၁၆ မှာရှိနေပြီး ရမှတ် ၂၀နဲ့ တန်းဆင်းဇုန်အထက် သုံးမှတ်အသာနဲ့ ရပ်တည်လျက်ရှိပါတယ်။



# လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ် ပဲခူးမြို့၌ဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၆)၌ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

အဆောက်အအုံသစ်များ ဖွင့်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ပဲခူးတိုင်းဒေသကြီး



လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အောက်ဝဲပုံ)**ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းမှ အလုပ်သမားများကိုယ်စား ရွှေရိုးမစတားစက်ရုံမှ ဦးကျော်လင်းအောင်က ဆေးခန်းဖွင့်လှစ်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်သည် အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လူမှုဖူလုံရေး ရုံးများနှင့် ဆေးခန်းများတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်သမားများအား မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးများ ကောက်ခံခြင်း၊ အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးခြင်း၊ အလုပ်သမားများ လုပ်ငန်းခွင်တွင် ထိခိုက်မှုများ ကြုံတွေ့ပါက မိတ်ဖက်ဌာနများ၊ အဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**တင်စိုး(ပဲခူး)**

# သံဖြူဇရပ်မြို့ ခုတင် ၅၀ တိုးချဲ့ဆေးရုံ မကြာမီဖွင့်လှစ်မည်

**သံဖြူဇရပ် ဇန်နဝါရီ ၃**

သံဖြူဇရပ်မြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် တိုးချဲ့ဆေးရုံအဆောက်အအုံ၏ တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ရာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသည် ယခင်က ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့ပြီးနောက် အဆောက်အအုံသစ်ကို နိုင်ငံတော်ခွင့်ပြုငွေ ကျပ် ၃၈၁၂ သိန်းဖြင့် တလမွန်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယခုအခါ တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်သဖြင့် ကုသရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးပါက မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုးချဲ့ဆေးရုံ အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက သံဖြူဇရပ်မြို့နယ် ခုတင် (၅၀) ဆေးရုံသစ်ကြီးနှင့်အတူ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆေးရုံဝန်ထမ်းအိမ်ရာများကိုပါ တည်ဆောက်ခဲ့ကြောင်း၊ လေးခန်းတွဲ လေးထပ် တစ်ဆောင်နှင့် ခြောက်ခန်းတွဲ လေးထပ် တစ်ဆောင်ကို မြလင်းအေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး ယခုဆေးရုံအဆောက်အအုံနှင့်အတူ လေးခန်းတွဲ လေးထပ်ဆောင် ဝန်ထမ်းအိမ်ရာကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် ခြောက်ခန်းတွဲ လေးထပ်ဆောင်ကို လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

## သတင်းတို

### လွှတ်လပ်ရေးနေ့ဂုဏ်ပြု ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နံရံကပ်စာစောင်ပြပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကြည့်မြင်တိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**ဘော်ဂါသွေး**

# ဆွာချောင်းပိတ်တမံကြောင့် လယ်မြေကေများ တိုးချဲ့စိုက်ပျိုးနိုင်မည်

**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးစိုက်ပျိုးဧက တိုးချဲ့နိုင်ရန်အတွက် စီပင်အေးကျေးရွာအောက်ဘက်ရှိ ဆွာချောင်းကို မြို့နယ်ဆည်မြောင်း ဦးစီးဌာနက စက်ယန္တရားများဖြင့်ပိတ်ကာ ချောင်းမြောက်ဘက်ခြမ်းရှိ လယ်မြေများအတွက် ရေသွင်းမြောင်းဖြင့် ပေးဝေနိုင်ရန် ဆောင်ရွက်ပြီးသွားပြီဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းရေလှောင်တမံမှ ရေပေးဝေမှုဖြင့် နွေစပါးဧကရှစ်သောင်းကျော်ကို နှစ်စဉ်စိုက်ပျိုးနိုင်ကြောင်း၊ ဆည်ရေဖြင့်စိုက်ပျိုးရာတွင် ဆွာချောင်းတောင်ဘက်ခြမ်းရှိ လယ်မြေများကိုသာ ရေပေးဝေနိုင်သောကြောင့် လက်ရှိစိုက်ပျိုးမြေဧကများကို တိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ချောင်းပိတ်တမံကြောင့် ချောင်းမြောက်ဘက်ခြမ်း လယ်မြေများသို့ ရေပေးဝေနိုင်မည်ဖြစ်ပြီး လယ်မြေဧကများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဆည်မြောင်းဦးစီးဌာနက နှစ်စဉ် နွေစပါးစိုက်ပျိုးရာသီအတွက် ချောင်းပိတ်ပေးပါတယ်။ တောင်သူတွေ အဆင်ပြေတာပေါ့။ ဒီဘက်ခြမ်းမှာ လယ်စိုက်တောင်သူက များတော့ ရေရောက်လို့ရှိရင် စပါးကြဲရုံပဲ။ ထွန်ယက်တာတွေကအားလုံးပြီးနေပြီ"ဟု ဆီဆုံကုန်းကျေးရွာရှိ တောင်သူတစ်ဦးကပြောသည်။ ရေတာရှည်မြို့နယ် ဆွာချောင်းတောင်ဘက်ခြမ်းတွင် ဆွာချောင်း ရေလှောင်တမံမှ ရေပေးဝေမှုဖြင့် နွေစပါးဧက ရှစ်သောင်းကျော်ကို စိုက်ပျိုးလျက်ရှိကာ စပါးဈေးမှာလည်း ဈေးကောင်းရနေသဖြင့် ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စက်ရေတွင်းတူးဖော်ပြီးသဖြင့် သောက်သုံးရေလုံလောက်စွာရရှိ

**ချောက် ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မကျီးပင်စုကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ခဲ့သော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိဦးသိန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စက်ရေတွင်းကို ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ ကျပ်သန်း ၁၀၀၀ မှ ခွင့်ပြုငွေ ကျပ်သိန်း ၂၀၀ ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တွင်းအနက် ၆၅၀ ပေ၊ ရေထွက်နှုန်း ၂၀၀ ဂါလန်၊ ရေထိပ် ၂၇၀ပေ ရှိကာ အင်ဂျင်အမျိုးအစား ၂၈ Hp+ ၁၅KVA နှင့် ရေမြှုပ်ပန့်၊ အလျား ၁၂ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ရေကန်များ ပါဝင်ကြောင်း၊ ယခုအခါ လုပ်ငန်းများ ပြီးစီးသဖြင့် သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်ဆက်)**

# ရွှေ့ပြောင်းနွားမွေးမြူခြင်းမှသည် စားဝတ်နေရေးအဆင်ပြေစေသည့် လူနေမှုဘဝဆီသို့

**သတင်းဆောင်းပါး - တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မွှေး**

မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးလက်ဒေသအများအပြားတွင် နွားမွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိကြရာ ယခုအခါ ကျေးလက်ပြည်သူတချို့တို့သည် မြန်မာနွားမွေးမြူရေးလုပ်ငန်းများကို ရွှေ့ပြောင်းစနစ်ဖြင့် ပြောင်းလဲလုပ်ကိုင်လာပြီး လူမှုဘဝများ အဆင်ပြေလျက်ရှိကြသည်။

မြန်မာနွားမွေးမြူရေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် တောင်သူလုပ်ငန်းများနှင့်တွဲဖက်ပြီးတစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြသူများရှိသလို အချို့မှာ မိရိုးဖလာအစဉ်အလာအတိုင်း လက်ဆင့်ကမ်းသယ်ဆောင်ကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဇောက်ချလုပ်ကိုင်သူများလည်း ရှိကြသည်။

မြန်မာနွားမွေးမြူရေးလုပ်ငန်းများကို ဘိုးဘွားများအစဉ်အဆက် တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ကြသော်လည်း အခက်အခဲမျိုးစုံတို့ကြောင့် ယခုအခါ ဒေသခံပြည်သူတချို့မှာ ပြောင်းလဲလာသောခေတ်ကာလနှင့်အညီ ရွှေ့ပြောင်းနွားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာခဲ့ကြသည်။ ထိုသို့ ရွှေ့ပြောင်းနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာသူများထဲတွင် အသက် ၈၀ ခန့်အရွယ်ရှိ ပျော်ဘွယ်မြို့နယ်နေ အဘိုးဦးစိုးသိန်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီမြန်မာနွားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လာတာ ကျွန်တော်တို့ မိဘဘိုးဘွားတွေ လက်ထက်ကတည်းကပါပဲ။ အခုလက်ရှိမှာတော့ မွေးမြူထားတဲ့နွားကောင်ရေ ၄၀ ကျော်ရှိတယ်။ မျိုးပွားဖို့အတွက် နွားမတွေကို အဓိကထားမွေးမြူတဲ့လုပ်ငန်းဖြစ်ပါတယ်။ နွားသားပေါက်က တစ်နှစ်ကို ၁၀၊ ၁၅ ကောင်ထက်မနည်း သားကျတယ်။ တစ်ခါတရံ လျှာနာခွာနာရောဂါတွေကြောင့် ပျက်စီးတဲ့နွားတွေလည်း ရှိပါတယ်။ တတ်နိုင်သလောက်တော့ ဆေးကုသတာမျိုးတွေ



လုပ်ပြီး ကြိုတင်ကာကွယ်ရတယ်။ တချို့လည်း မွေးပြီးအဖတ်မတင်တာလည်း ရှိပါတယ်။ နွားထီးဆိုရင် ခြောက်လကျော်လောက်ဆို ရောင်းလို့ရတယ်။ မြန်မာနွားဆိုတော့ ခိုင်းနွားအဖြစ်သုံးမယ့်သူတွေ၊ နောက်ပြီး နွားသန့်သန့်နဲ့ မျိုးလိုက်မယ့် နွားချောနွားကောင်းတွေကိုရွေးပြီး ဆက်မွေးမယ့်သူတွေ လာရောက်ဝယ်ယူကြတယ်။ တချို့သီးသန့်မွေးချင်တယ်ဆိုပြီး နွားမတွေကို လာဝယ်တာလည်း ရှိပါတယ်။ ဒါပေမယ့် နွားမကိုတော့ မျိုးဆက်ပွားဖို့အတွက်ထားတော့ ရောင်းတာနည်းတယ်။ နွားတစ်ကောင်ရောင်းရင် နှစ်သိန်းသုံးသိန်းလောက်တော့ရတယ်။ နွားချောတဲ့အပေါ်မှာမူတည်ပြီး ဈေးနှုန်းအနည်းအများ ကွာသွားတယ်။ နွားငယ်တာ ကြီးတာထက် နွားတစ်ကောင်ရဲ့ ကောင်းခြင်းလက္ခဏာတွေကို ကြည့်ပြီး ဈေးနှုန်းက ဆုံးဖြတ်တာပဲ။ ကျွန်တော်တို့အနေနဲ့ ဘာပဲပြောပြော အဲလိုရောင်းရတော့ အခုလို မြန်မာနွားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရတာ အဆင်ပြေပါတယ်"ဟု အဘိုးဦးစိုးသိန်းက သူ၏လုပ်ငန်းအခြေအနေကို ပြောပြသည်။

မွေးမြူထားသောနွားများကို နံနက် ၁၀ နာရီဝန်းကျင်တွင် နွားခြံမှ စတင်လွှတ်ကျောင်းပြီး ညနေ ၅ နာရီဝန်းကျင်တွင် နွားခြံသို့ ပြန်သွင်းကြောင်း၊ နွားများအားထိန်းကျောင်းရန်အတွက် နွားကျောင်းသားနှစ်ဦးကို နေ့စား တစ်နေ့ကျပ် ၃၀၀၀ ပေးပြီး အငှားဖြင့်ကျောင်းရကြောင်း ၎င်းက ဆက်ပြောပြသည်။ နွားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြင့် နွားနို့နှင့် နွားချေးများလည်း ရောင်းချရသဖြင့် အပိုဝင်ငွေလည်းရသောကြောင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီနွားမွေးမြူရေးလုပ်ငန်းကနေ နွားသားပေါက်တွေ ရောင်းချရတဲ့အပြင် တစ်ဖက်မှ နွားနို့ရောင်းရတာတွေ၊ နွားချေးရောင်းရတာတွေကြောင့် မိသားစုစားဝတ်နေရေးအတွက်ကတော့ အများကြီး ဖူလုံစေပါတယ်။ နွားချေးတွေကိုတော့ အနီးဝန်းကျင်က စိုက်ပျိုးတဲ့သူတွေက လာဝယ်ကြတယ်။ သုံးတန်ယာဉ်ကားတစ်စီးစာဆို ကျပ် ၂၅၀၀၀ ဝန်းကျင်လောက်ရတယ်။ နောက်ပြီး နံနက်စောစောတိုင်း နွားမတွေကို နွားနို့ညှစ်တယ်။ တစ်နေ့ကို နွားနို့ပိဿာချိန် တစ်ဆယ်ကျော်လောက် အနည်းဆုံးရောင်းရတယ်။ မိုးရာသီအစာပေါတဲ့ အချိန် ဆိုရင် နွားနို့လည်းပိုထွက်တော့ ရောင်းရငွေပိုရတယ်။ လာဝယ်တဲ့ ဖောက်သည်တွေကနေ့တိုင်းလာယူပါတယ်။ တစ်ပိဿာကို တစ်ထောင်ကျော်လောက်နဲ့ ရောင်းရတော့ တစ်နေ့ ကျပ် ၁၀၀၀၀၊ ၁၅၀၀၀ လောက်ရတယ်"ဟု နွားမွေးမြူရေးလုပ်ငန်းမှ အပိုဝင်ငွေရရှိပုံကိုလည်း ၎င်းက ဆက်ရှင်းပြသည်။

နွားမွေးမြူသူများအနေဖြင့် အခက်အခဲမျိုးစုံတို့ကြောင့် ရွှေ့ပြောင်းမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ အဓိကအကြောင်းအရင်းများမှာ လယ်ယာများ တိုးချဲ့လုပ်ကိုင်ခြင်း၊ မြေလွတ်မြေရိုင်းများကို ဥယျာဉ်ခြံမြေများအဖြစ် ဖော်ထုတ်စိုက်ပျိုးလာခြင်းများကြောင့် စားကျက်နေရာများ ကျဉ်းမြောင်းလာခြင်းနှင့်အတူ မိုးခေါင်ပြီး နွားစာအတွက် ခက်ခဲလာခြင်းတို့ကြောင့်ဖြစ်ကြောင်း နွားမွေးမြူသူတစ်ဦးက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ရွှေ့ပြောင်းနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းသည် မိသားစု၏ စားဝတ်နေရေးအတွက် အဆင်ပြေစေသလို ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိနေသည်။ ။

# တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်နိုင်သော ထားဝယ်မြို့ကွမ်းသီးစိုက်ပျိုးရေး

သတင်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ - ကိုကြီးတင်



ထားဝယ်မြို့သို့ဝင်သည်နှင့် ကားလမ်းဘေးဝဲယာတစ်လျှောက် တွင် ကွမ်းသီးပင်များကို မပြတ်မြင်တွေ့လာရသည်။ ခြံဝင်းအတွင်း မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသကဲ့သို့ ဧကနှင့်ချီ၍ စိုက်ပျိုးဖြစ်ထွန်းနေသော ကွမ်းသီးပင်အုပ်စုတန်းများကိုလည်း မျက်စိတစ်ဆုံး မြင်နေရသည်။ ထို့အပြင် ကားလမ်းဘေးမြေပေါ်၌ ကွမ်းသီးအလုံး ခွဲခြမ်းများကို ဖျာခင်း၍နေလှန်းထားသည်ကိုလည်း နေရာအတော်များများတွင် ကားပေါ်မှ လှမ်းမြင်ခဲ့ရသည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်သည် အခြားသောစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့်အပြင် ကွမ်းသီးစိုက်ပျိုးရောင်းဝယ်ခြင်းမှာလည်း အဓိကစီးပွားရေးတစ်ရပ်ဖြစ်ကြောင်း ဒေသခံတို့က ဆိုကြသည်။ ခရီးသွားရာမှ မြင်တွေ့ရသော ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းအကြောင်းနှင့် ပတ်သက်၍ ကွမ်းသီးတစ်ပင် စတင်စိုက်ပျိုးခြင်းမှ ကွမ်းသီးသီး၍ ရောင်းဝယ်သည်အထိ စေ့ငုမိခဲ့သည်။

ထားဝယ်မြို့နယ် ဝဲကျွန်းထိန်သစ်ရပ် ကျွန်းမွှေးကမ်းတွင် နေထိုင်ပြီး မိသားစုတစ်ပိုင်တစ်နိုင် ကွမ်းသီးပင်များ စိုက်ပျိုးထားသည့် အသက် ၈၇ နှစ်အရွယ်ရှိ ဦးသီးလှိုင်အား မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် မေးမြန်းခွင့်ရခဲ့သည်။ ဦးသီးလှိုင်က "အခုတော့ မိသားစုတစ်ပိုင်တစ်နိုင် အပင် ၅၀ ကျော်လောက်ပဲ ရှိပါတော့တယ်။ သားတွေကတော့ ဧကအလိုက် စိုက်ပျိုးနေကြပါတယ်"ဟု ဆိုသည်။ သူ့ခြံဝင်းထဲတွင် ပလတ်စတစ်ခွက်ငယ်လေးများဖြင့် ပျိုးထားသည့် ကွမ်းသီးပင်ပေါက်လေးများကို တွေ့ရသည်။ ခြံထဲရှိ ကွမ်းပင်တိုင်းလိုလိုတွင် စိမ်းတချို့ ဝါတစ်လီဖြင့် ကွမ်းသီးများ အပြိုင်အဆိုင် သီးနေကြသည်။

"အဘကတော့ ပျိုးပြီးစိုက်တဲ့နည်းစနစ်ကို သုံးပါတယ်။ စိုက်ပျိုးတဲ့နေရာမှာ သုံးနည်းရှိတယ်လို့ ဆိုရမှာပါ။ ပထမနည်းက အဘတို့လို အသီးကို ခွက်ငယ်ထဲမှာ ထည့်ပြီး စိုက်ပျိုးတဲ့နည်း၊ အပင်ပေါက်လာမှ တန်းစီပြီး စနစ်တကျစိုက်တဲ့ နည်းပေါ့၊ ဒုတိယ နည်းကတော့ အရွယ်တော်ချွန်ထားတဲ့ သစ်သားချောင်းကို မြေကြီးမှာ ထိုးစိုက်၊ ကျင်းဖြစ်ပေါ်လာတော့မှ ကွမ်းသီးအလုံးကိုထည့် မြေပြန်မြှုပ်စိုက်တဲ့နည်း၊ တတိယနည်းကတော့ တောထဲမှာ တောမရှင်းဘဲ ကွမ်းသီးလုံးကို သားရေဘတ်(လောက်လေးခွ)ထဲထည့်ပြီး အကွာအဝေးကို မှန်းလို့ ပစ်စိုက်တဲ့နည်းပါ။ လူတစ်ရပ်ကျော်လောက်ရှိလာမှ ဘေးကအပင်တွေကိုရှင်းတာပါ။ သဘာဝစိုက်နည်းလို့လည်း ပြောလို့ရပါတယ်"ဟု ရှင်းပြသည်။

ကွမ်းသီးတစ်ပင် စိုက်ပျိုးချိန်မှ အသီးစတင်သီးချိန်အထိ ရေ၊ မြေနှင့်ပြုစုမှုကောင်းခြင်းအပေါ် မူတည်ပြီး ငါးနှစ်မှ ခုနစ်နှစ်မျှ ကြာတတ်ကြောင်း သိရသည်။ "အပွင့်ပွင့်ပြီဆိုတာနဲ့ အသီးက မကြာခင်လိုက်သီး တတ်ပါတယ်။ သီးတာကတော့ တစ်နှစ်ပတ်လုံးနီးပါး သီးတတ်ကြပါတယ်။ အဓိကကတော့ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေကတော့ အသီးသီးအား အကောင်းဆုံးလတွေပါ"ဟု ဦးသီးလှိုင်က ပြောသည်။ ကွမ်းသီးတစ်ပင် စတင်သီးပါက အပင်ပတ်လည်တွင် အညာတံများထွက်၍ ပြွတ်သိပ်နေအောင် သီးသည်ကို တွေ့ရသည်။ အညာတစ်ခုတွင် အသီးအလုံးလေးရာမျှ တင်တတ်သည်ဟု သိရသည်။

ကွမ်းသီးပင်သည် လက်နှစ်ဖက်ထွာဆိုင်ဝန်းကျင်ရှိသော ဖြောင့်မတ်သည့် အပင်မျိုးဖြစ်သည်။ ဝါးယားတစ်လုံးအရှည်ထက်မြင့်သော အပင်မျိုးတွင် ကွမ်းသီးတက်ခူးပုံကို ဦးသီးလှိုင်က "အုန်းပင်တက်သလို ခြေထောက်မှာ အသင့်လုပ်ထားတဲ့ ကြိုးကွင်းနဲ့ စွပ်ပြီး တက်ခူးကြပါတယ်။ စီးပွားဖြစ် အများကြီးစိုက်ပျိုးတဲ့သူတွေကတော့ အပင်တစ်ဝက်လောက်တက်ပြီး ဓားကောက်နဲ့ ချိတ်ဆွဲဖြတ်ပြီး ခူးကြပါတယ်"ဟု ရှင်းပြသည်။



သရက်ချောင်းမြို့နယ် မီးသတ်စခန်းရှေ့တွင် ကွမ်းသီးခွဲခြမ်းများ နေလှမ်းနေသော မဆွေဆွေက "ဒါက ကွမ်းအမှည့်တွေကို ဒါးနဲ့တစ်ခြမ်းခွဲပြီး နေလှန်းတာ။ အခုလို အခြမ်းလိုက်ကို သုံးရက်လောက် နေလှမ်းရပါတယ်။ ဒါမှ အခွံနဲ့ ကွမ်းသီးဆံ နည်းနည်းချောင်လာပြီး ကွမ်းသီးဆံကို ကော်ထုတ်ရတာပါ။ ကော်ထုတ်ပြီး ကွမ်းသီးဆန်အခြမ်းကိုလဲ ထပ်ပြီးတစ်ပတ်လောက် နေလှန်းရပါသေးတယ်။ အနေတော် အခြောက်ခံပြီးမှ အိတ်သွတ်ပြီး ထားဝယ်ဈေးထဲကို သွားသွင်းကြပါတယ်။ အချို့လည်း မြို့ထဲကဆိုင်မှာ သွားရောင်းကြပါတယ်"ဟု ဆိုသည်။

ကွမ်းသီးပင်သည် ရေမြေအခြေအနေနှင့် ပြုစုမှုကောင်းခြင်းအပေါ် မူတည်၍ စိုက်ပျိုးပြီး ငါးနှစ်မှ ခုနစ်နှစ်သက်တမ်းအတွင်း အသီးသီးကာ အသီးသီးသည့် သက်တမ်းမှာ ရှည်ကြာသည်။ နှစ် ၃၀ မှ နှစ် ၅၀ အတွင်း အသီးကောင်းပြီး နှစ် ၅၀ ကျော်လာပါက အပင်အို၍ အသီးအား ကျဆင်းတတ်ကြောင်း သိရသည်။

ကွမ်းသီးဈေးနှုန်းကို ဈေးထဲတွင် လိုက်၍စနည်းနာကြည့်ရာ တစ်လုံးလျှင် ငွေကျပ် ၅၀ ဟု ဆိုသည်။ အပင်လိုက်ချုပ်၍ ဝယ်ကြရာ၌ တစ်လုံးလျှင် ၂၅ကျပ်၊ ကျပ်၃၀နှုန်းဖြင့် ဝယ်ယူနေကြသည်ဟု သိရသည်။ အလုံးလိုက်ဝယ်၊ ထက်ခြမ်းခွဲ၊ နေလှန်းပြီးပါက ဒိုင်များထံသို့ တင်သွင်းကြသည်။ ကွမ်းသီးဈေးမှာ ယခင်နှစ်များအတွင်း စတင်ဈေးကောင်းလာခဲ့ကြောင်း၊ ယမန်နှစ်က ကွမ်းသီးခြမ်း တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၆၀၀၀ ဈေးအထိရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ယမန်နှစ်ကထက် ဈေးပိုလာနိုင်ကြောင်း ကွမ်းသီးစိုက်ပျိုးသူများက ခန့်မှန်းထားကြသည်။

ထို့အတွက် ကွမ်းသီးစိုက်ပျိုးခြင်းသည် ထားဝယ်မြို့၏ စိုက်ပျိုးရေးကဏ္ဍတွင် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ပြီး ဝင်ငွေကောင်းမွန်သည့် အကောင်းဆုံးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်လျက်ရှိနေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ။

**"ပထမတစ်နည်းက အသီးကို ခွက်ငယ်ထဲမှာထည့်ပြီး စိုက်ပျိုးတဲ့နည်း၊ အပင်ပေါက်လာမှ တန်းစီပြီး စနစ်တကျစိုက်တဲ့ နည်းပေါ့။ ဒုတိယတစ်နည်းကတော့ အရွယ်တော်ချွန်ထားတဲ့ သစ်သားချောင်းကို မြေကြီးမှာထိုးစိုက်၊ ကျင်းဖြစ်လာတော့မှ ကွမ်းသီးအလုံးကိုထည့် မြေပြန်မြှုပ်စိုက်တဲ့နည်း။ တတိယနည်းကတော့ တောထဲမှာ တောမရှင်းဘဲ ကွမ်းသီးလုံးကို သားရေဘတ်(လောက်လေးခွ)ထဲထည့်ပြီး အကွာအဝေးကိုမှန်းလို့ ပစ်စိုက်တဲ့နည်းပါ။ လူတစ်ရပ်ကျော်လောက်ရှိလာမှ ဘေးကအပင်တွေကို ရှင်းတာပါ"...**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျွန်းလှမြို့၌ ကျင်းပ

**ကျွန်းလှ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ရွှေကျွန်းမြေအားကစားကွင်း၌ စည်ကားစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အားကစားပြိုင်ပွဲများကို ကျွန်းလှမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲများအနေဖြင့် အသက် ၂၀ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ပါဝင်ကာ ပြိုင်ပွဲအသီးသီးတွင် မြို့နေလူငယ်များ၊ အားကစားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများအား လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ကြိုးသစ်များလဲလှယ်

**မုဒုံ ဇန်နဝါရီ ၃**

မွန်ပြည်နယ် မုဒုံမြို့ မြို့မရပ်ကွက်အတွင်းရှိ ဓာတ်တိုင်များ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ဓာတ်ကြိုးများ လဲလှယ်သွယ်တန်းခြင်း လုပ်ငန်းများကို မုဒုံမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ ဝန်ထမ်းများက ဇန်နဝါရီ ၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့မရပ်ကွက်အတွင်းရှိ သစ်သားဓာတ်တိုင်ဟောင်းများမှာ ဆွေးမြည့်နေပြီး အချို့ဓာတ်တိုင်များမှာ ယိုင်လဲနေခြင်း၊ ဓာတ်ကြိုးများမှာလည်း ဝန်နှင့်အားမမျှခြင်းတို့ကြောင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဓာတ်ကြိုးများလဲလှယ်ခြင်းဖြစ်ကာ မြို့မရပ်ကွက်သာမက အခြားရပ်ကွက်များသို့လည်း ရပ်ကွက်တစ်ခုစီအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မုဒုံမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ မြို့နယ်အတွင်း ပို့လွှတ်သော ဓာတ်အားလိုင်းများတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့် ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းကာ ဓာတ်အားအပြည့်အဝ ရရှိအသုံးပြုနိုင်ရေးအတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်သစ်များ လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို မုဒုံမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁-၂၀၁၆ ရက်နေ့မှ ၁-၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀ိ+အရည်အချင်းလစာ ၄၀၀ိ+ **M.H.R.A** ၁၀၀၀ိ=၁၈၄၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ိ/- နှုန်းဖြင့် ၁၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


Viber, WeChat, BeeTalk နဲ့
MyChat တို့ကို အခမဲ့သုံးကြစို့
မိသားစုတွေနဲ့ မိတ်ဆွေတွေကို ဆက်သွယ်လိုက်ပါ။
ပုံများပေးပို့ခြင်း၊ ချက်တင်ပြုလုပ်ခြင်းနဲ့ အသံခေါ်ဆိုမှုများကို အခမဲ့ပြုလုပ်နိုင်ပါပြီ။
ooredoo
MY
သတ်မှတ်ကာလအတွင်းသာသုံးစွဲရန်။ စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။ အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

ROYAL ROYAL ROYAL ROYAL
JJ EXPRESS
JOYOUS JOURNEY EXPRESS

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

JJ Express မှ (၅)နှစ်တာကာလအတွင်း

စွမ်းဆောင်ရည်ပြည့်ဝသော ကားသစ်ကြီးများဖြင့်

ခရီးသည်ပေါင်း(၂)သန်းကျော်ကို အောင်မြင်စွာ

ပို့ဆောင်ပေးနိုင်ပြီး လုံခြုံနွေးထွေးသော ဝန်ဆောင်မှုများနှင့်အတူ

အောင်မြင်စွာ ရပ်တည်ခဲ့ခြင်းအတွက်

**အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း** နှင့်

နောင်နှစ်ပေါင်းများစွာ တိုင်အောင်

**Ayeyar Myanmar Insurance Co.,Ltd** နှင့်

အောင်မြင်စွာ ဆက်လက်လက်တွဲနိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်

AMI
Partner for Life

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 3-22(T)/MESC/2015-2016 | (၁၀)မီတာ ကွန်ကရစ်တိုင် (၈၃၃)လုံး<br>(၉)မီတာ ကွန်ကရစ်တိုင် (၁၀၇၀)လုံး | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆<br>(၁၃း၀၀)နာရီ |
| (ခ) | 3-23(T)/MESC/2015-2016 | ၁၁/၀.၄ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆<br>(၁၃း၀၀)နာရီ |
| (ဂ) | 3-24(T)/MESC/2015-2016 | ၄၀၀ဗို့ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများနှင့် ခွဲရုံပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆<br>(၁၃း၀၀)နာရီ |
| (ဃ) | 3-25(T)/MESC/2015-2016 | ၁၁ကေဗွီဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆<br>(၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

## MINISTRY OF AGRICUL TURE AND IRRIGATION
## DEVELOPMENT OF IRRIGATION AND LAND CONSOLIDATION SCHEMES IN MYANMAR UNDER THE LINE OF CREDIT FROM EXPORT IMPORT BANK OF INDIA

**CORRIGENDUM 1 (Date Extension)**

**IFB No. [MOAI/INDIALOAN/MYN-ILC/BID/2015/001] dated 17th November, 2015**

Refer Agricultural Mechanization Department (AMD), Ministry of Agriculture and Irrigation (MOAI), the Republic of the Union of Myanmar open tender for procurement of farm machinery and implements for Development of Irrigation and Land Consolidation Schemes in Myanmar.

1. The last date and time of submission of bid has been postponed till further notice.
2. All Corrigendum/Amendments/Changes, if any will be issued and made available on website **www.moai.gov.mm** and made available to bidders who already purchased bid document through email. Prospective Bidders/tenderer are advised to keep visiting the **website www.moai.gov.mm** on regular basis.

**Director General,**
**Agricultural Mechanization Department,**
**Building No.50, Nay Pyi Taw, Myanmar**

## မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် မြေကွက်ဝယ်ယူထားသူများသိစေရန်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းတွင် လျှပ်စစ်မီး၊ ရေ(ဖူးကြီးရေ)၊ တယ်လီဖုန်းစသည်တို့အား ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူထားသောမြေကွက်ပိုင်ရှင်များအနေဖြင့် ဥယျာဉ်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ခြံစည်းရိုးနှင့်အိမ်)များကို စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောက်လုပ်ကြရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း**
**ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅၊ ၆၃၉၃၀၆**

## ရန်ကုန်စက်မှုဇုန်မှထပ်မံသတိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်စက်မှုဇုန်အပိုင်း(၁၊၂၊၃)တို့မှာ (၁၀၀%) Infrastructure ပြီးစီးပြီး စက်မှုဇုန်အကောင်အထည်ဖော်ရန် တိုက်တွန်းထားပြီးဖြစ်၍ ဝယ်ယူထားသည့် မြေကွက်ပိုင်ရှင်များမှလည်း ဝယ်ယူစဉ် ဇေကမ္ဘာကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်ပါအတိုင်း စက်ရုံအဆောက်အအုံဆောက်လုပ်ရန် စည်းကမ်းချက်တွင်ပါရှိပြီးဖြစ်၍ အဆောက်အအုံ မဆောက်လုပ်သေးသော ပိုင်ရှင်များမှ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ကုမ္ပဏီမှ ဝယ်ယူစဉ်ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်များအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ဆက်သွယ်ရန်ဖုန်း-၆၃၉၃၀၃၊၆၃၉၃၀၄၊ ၆၃၉၃၀၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ ၁၆နေ ဦးအောင်ညွှန့်၏သမီး မဝင်း(ခ)မစန္ဒာဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဝင်း(ခ)မစန္ဒာဝင်း**
**၉/မထလ(နိုင်)၀၀၇၂၄၈**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ (၁)လမ်း၊ အိမ်အမှတ် (၆)နေ ဦးတင်ဝင်းနိုင်၁၀/မလမ(နိုင်)၀၉၀၀၆၈၏သမီး မခန့် ၁၀/မလမ(နိုင်)၂၀၄၇၆၂နှင့် မခိုင်ဇင်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခန့်(ခ)မခိုင်ဇင်ထွန်း**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ကမာကေး အထက အဌမတန်း(ခ)မှ မမြတ်သီတာအေး၏ ဖခင်အမည်မှန်မှာ ဦးအဒူခါလစ် ၁၀/မလမ(နိုင်)၁၁၂၃၄၅ဖြစ်ပါကြောင်း။

**ဦးအဒူခါလစ်**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ
## L.HAj ဒေါ်ရီစီ(ခ)ဒေါ်ငွေငွေ

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့တွင် မွေးဖွားခဲ့သော ချစ်မားမား၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်မှသည် အသက်ရာကျော်တိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာဖြင့် ဘာသာသာသနာနှင့် လူသားမျိုးနွယ်အားလုံးကို ကူညီဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

- **ချစ်ခင်ပွန်း L.HAj ဦးအောင်သန်း(ဦးစီးအရာရှိ-ငြိမ်း)မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
- **ချစ်သားကြီး HAj ဒေါက်တာစည်သူအောင် B.V.Sc,M.V.Sc(Public Health),PGD inEnglish(UFL),PhD (Candidate) စွမ်းအား ရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ**
- **ချစ်သမီးလတ် HAj ဒေါ်ဝင့်ဝင့်နိုင် B.Econ(Statistics),GTC(MP)**
- **အမြွှာချစ်သမီးထွေး L.HAj ဒေါ်ပွင့်ဖြူနိုင် B.Sc(Geology)**

**L.HAj ဒေါ်ပွင့်ဖြူနိုင် B.Sc(Geology)**

**ဒေါက်တာစည်သူအောင် ဆေးနှင့်စတိုး၊ စွမ်းအားလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၊ နေပြည်တော် မင်္ဂလာဈေး၊ ပျဉ်းမနားမြို့မဈေး**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်နေ
ဦးသန်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)(ငြိမ်း)-ဒေါ်ရင်သန်း စာရင်းစစ်(ငြိမ်း)တို့၏ သားလတ်

### ဗိုလ်မှူးစိုးထက်နိုင်
**B.C.Sc(DSA),M.C.Sc**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ
ဦးမောင်မောင်သိန်း ဦးစီးအရာရှိ(မြို့ပြ)-ဒေါ်ဝင်းမာဦးတို့၏ တစ်ဦးတည်းသောသမီး

### မဟေမာန်ဦး
**(B.pharm),(M.pharm),Dip: in Eng:**
**ဦးစီးအရာရှိ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (DFDA)**

တို့သည် ၁-၁-၂၀၁၆ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးစိုးထက်နိုင်-မဟေမာန်ဦး**

## ရန်ကုန်တက္ကသိုလ်သချ်ာမိသားစု၏ (၁၈)ကြိမ်မြောက်

သက်ကြီးအာစရိယပူဇော်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို ၁၀-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**သက်ကြီးအာစရိယပူဇော်ပွဲ**

၁၀-၁-၂၀၁၆ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ၊ ရန်ကုန်တက္ကသိုလ်အပန်းဖြေခန်းမ (RC)

**မိသားစုမိတ်ဆုံညစာစားပွဲ**

၁၀-၁-၂၀၁၆ရက် ညနေ ၆နာရီ ရန်ကုန်တက္ကသိုလ် သစ်ပုတ်ပင်မြက်ခင်းပြင်

သို့ဖြစ်ပါ၍ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများနှင့် မိတ်ဆုံညစာစားပွဲ လက်မှတ်ဝယ်ယူလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာဒေါ်ဝင်းကြည် | ဖုန်း-၀၉-၅၀၂၀၈၀၂ |
| ၂။ | ဒေါက်တာကေသီတင် | ဖုန်း-၀၉-၅၁၅၃၁၆၂ |
| ၃။ | ဒေါ်လှဲ့လှဲ့ဆွေ | ဖုန်း-၀၉-၅၁၄၃၁၇၉ |
| ၄။ | ဦးအေးသိန်း | ဖုန်း-၀၉-၇၃၆၆၆၇၇၇ |
| ၅။ | ဦးမောင်မောင်မြင့် | ဖုန်း-၀၉-၂၅၄၁၃၆၈၅၇ |
| ၆။ | ဦးရဲကျော်သူ | ဖုန်း-၀၉-၇၃၀၈၆၁၃၇ |
| ၇။ | ဦးထူးဇော်တင့် | ဖုန်း-၀၉-၅၀၁၅၇၃၉ |
| ၈။ | ဒေါ်စွမ် | ဖုန်း-၀၁-၂၃၀၀၅၇၃ |
| ၉။ | ဒေါ်ခင်မေမေအေး | ဖုန်း-၀၉-၅၄၁၈၉၅၀ |
| ၁၀။ | ဦးသန်းထွဋ် | ဖုန်း-၀၉-၄၅၀၀၅၆၃၆၉ |
| ၁၁။ | ဒေါ်အောင်ဥမ္မာ | ဖုန်း-၀၉-၅၀၃၉၉၁၆ |
| ၁၂။ | ရန်ကုန်တက္ကသိုလ်သချ်ာဌာန | ဖုန်း-၀၁-၅၃၆၃၇၆ |

## အထက (၁) ပုဇွန်တောင် ကျောင်းသား/သူဟောင်းများ၏
## မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

အထက(၁)ပုဇွန်တောင်ကျောင်းသား/သူဟောင်းများ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား/သူဟောင်းများ၊ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းမှ ကျောင်းသား/သူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်ကျင်ရီလေး | ဖုန်း-၀၁-၂၉၈၈၁၆ | ဦးအောင်ခိုင် | ဖုန်း-၀၉-၇၃၀၅၇၁၇၇ |
| ဒေါ်ခင်စန်း | ဖုန်း-၀၁-၅၄၃၁၆၃ | ဒေါ်မြမြချို | ဖုန်း-၀၉-၂၅၀၀၁၁၉၃၈ |
| ဦးဝင်းမောင် | ဖုန်း-၀၉-၅၁၇၄၅၂၁ | ဒေါ်ထားထားမြင့် | ဖုန်း-၀၉-၄၂၀၁၁၀၇၀၂ |
| ဒေါ်လှစိုးကြည် | ဖုန်း-၀၁-၂၉၅၁၂၃ | ဒေါ်ဝင်းဝင်းမော် | ဖုန်း-၀၉-၇၃၀၈၄၅၃၈ |
| ဦးတင်ထွန်းအောင် | ဖုန်း-၀၉-၄၃၀၈၈၂၆၄ | ဒေါ်အေးသီတာထွန်း | ဖုန်း-၀၉-၄၂၁၀၅၅၈၇၃ |
| ဦးရဲမင်းထွန်း | ဖုန်း-၀၉-၂၅၀၆၃၉၈၈၉ | မအေးအေးအောင် | ဖုန်း-၀၉-၄၂၁၀၃၅၆၅၄ |
| ဦးသန့်ဇင်ဦး | ဖုန်း-၀၉-၂၅၁၀၂၂၃၅၃ | ဦးဝင်းမြင့်စိုး | ဖုန်း-၀၉-၂၆၄၃၀၁၀၄၂ |

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့၊ ဘဲရမ်းကျေးရွာ၊ မုဒုံဦး(၁)ရပ်ကွက်၊ အိမ်အမှတ်၈၇နေ မဆွေရည် ၁၀/မဒန(နိုင်)၂၀၆၂၃၇၏ဖခင် ဦးဆွေညိမ်းဝင်း ၁၀/မလမ(နိုင်)၀၂၈၅၅၄ နှင့် ဦးဆွေငြိမ်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆွေညိမ်းဝင်း(ခ)ဦးဆွေငြိမ်းဝင်း**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ဟ/၂၂၉၅ Yinxing 250 ယာဉ်လက်ဝယ်ရှိသူ ဦးနေပိုင် ၈/တတက(နိုင်)၁၄၈၈၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3498 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

# ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)

**ကြည်း ၆၄၆၃၊ ဗိုလ်သင်တန်းအမှတ်စဉ်(၈)**

**သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)**

**အသက်(၈၄)နှစ်**

၂၈-၁၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသော ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း) နာမကျန်းဖြစ်စဉ်ကာလအတွင်း ဂရုတစိုက်ကြပ်မတ်ကုသပေးခဲ့သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး အမှူးပြုသော အမှတ်(၂)တပ်မတော်ဆေးရုံကြီး တပ်မှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးများနှင့် အထူးကြပ်မတ်ကုသဆောင်မှ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများ၊ Malikha Diagnostic Centre မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မေတ္တာကရုဏာဖြင့်လာရောက် ကြည့်ရှုအားပေးနှစ်သိမ့်ပေးခဲ့ပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ အနီးကပ်ကူညီ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီး ဒေါ်ဆွေဆွေချစ်၊ အရာထမ်း၊ အမှုထမ်းမိသားစုများ၊ အငြိမ်းစားစစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် မိသားစုများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်းမေးမြန်းအားပေး နှစ်သိမ့်ပေးကြသူများ၊ လွမ်းသူ့ပန်းခြင်းနှင့် ပန်းခွေပေးပို့ခဲ့ကြသည့် ပြည်တွင်းပြည်ပမှ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးချစ်ထွန်း(ခ)ဦးမိုက်ကယ် (ရန်ကင်း၊ ရေစကြို)

**ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ် ၂၀၆၊ အခန်း ၂၂နေ(ဦးအောင်ထွန်း-ဒေါ်ရီတာခင်)တို့၏သား၊ရေစကြိုမြို့နေ(ဦးပွား-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ခင်သန်းနု၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ထွန်း၊ ဦးတိုးနိုင်-ဒေါ်မြင့်မြင့်ထွန်းတို့၏ညီ/မောင်၊ ဦးစောထွန်း(ခေတ္တ-မလေးရှား)-ဒေါ်သန်းသန်းအေး၊ဒေါ်အေးအေးထွန်း(မိုးထွဋ်တော်ဝင်ကုမ္ပဏီ၊ Rosana Floral)၊ ဦးလွင်မော်ဦး-ဒေါ်ခိုင်ခိုင်ထွန်း(Rosana Floral)၊ ဒေါ်ထွေးထွေးအောင်(ပုလဲဖြူ၊ Fancy Shop ရွှေပြည့်စုံဈေး)တို့၏အစ်ကို၊ဦးငွေမိုးကိုကိုအောင် 4E(Myanmar)Aurora Shipping -ဒေါ်အေးမြတ်မင်း၊ မမေမွန်သူ(အထက-၁၊ ရန်ကင်း)တို့၏ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း**

**ဒါယိကာမကြီး**

## ဒေါ်မြသိန်း(ခ)ဒေါ်ခင်မာဆွေ

**အသက်(၇၃)နှစ်**

(ဦးဘအို-ဒေါ်စိန်မြ)တို့၏ သမီး၊ (ဦးတင်သန်း)၏ဇနီး၊ ဒေါ်တင်အေး၏အစ်မ၊ ဦးမောင်မောင်ဦး-ဒေါ်ယဉ်ယဉ်ကျော်၊ ဦးရဲပိုင်ဦး-ဒေါ်အေးအေးအောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၆ရက်(စနေနေ့)နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရဲတံခွန်လမ်း၊ အမှတ် ၇၄၀ (စွမ်းအင်မှတ်တိုင်အနီး) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**

## ဦးထွန်းအောင်(အင်ဂျင်နီယာ)

**(ဇီးကုန်းမြို့)**

**အသက်(၆၆)နှစ်**

ဇီးကုန်းမြို့နေ (ဦးမောင်သန်း-ဒေါ်ကြင်ယုံ)တို့၏သား၊ မကွေးမြို့နေ (ဦးချစ်-ဒေါ်လှလှ)တို့၏ သားသမက်၊ ဒေါ်ခင်မော်မော် (တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြန်မာစာဌာန)၏ခင်ပွန်း၊ ဒေါ်ခင်ကျော်ကျော်၊ ဒေါ်ခင်အုန်းချစ်၊ (ဦးဝင်းတင်)-ဒေါ်ရီရီခင်တို့၏အစ်ကို၊ (ဦးထွန်းလွင်)၏ညီ၊ ဒေါ်စိုးစိုးလွင်၏ဦးလေး၊ မောင်ဖြိုးအောင်ဇော် - မပန်းသူဇာမွန်တို့၏ဖခင်၊ မခိုင်ဝင့်ယသော်၏အဘိုးသည် ၂-၁-၂၀၁၆ရက်(စနေနေ့) ည ၁၁း၄၀ နာရီတွင် ရန်ကုန်မြို့ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၁) ရပ်ကွက်၊ဇေယျာအေးမြ ၂လမ်း၊အမှတ် ၂၉၈ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၉နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်လှိုင် (မုံရွာ)

**B.A, B.L, B.Ed (Advocate)**

**တိုင်းဥပဒေအရာရှိ(ငြိမ်း)**

**ဆားလင်းကြီးမြို့ အထက**

**အထက်တန်းပြဆရာ၊ ယခင်**

**အလက(၃)၊ သာကေတ(၈)ရပ်ကွက်၊**

**ကျောင်းအုပ်ဆရာကြီး**

**အသက်(၇၅)နှစ်**

မုံရွာမြို့နေ(ဦးထွန်းလင်း)- ဒေါ်ခင်စိန့်တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊နဝဒေးဥယျာဉ်အိမ်ရာ၊ အကွက် ၆၅၊ အမှတ် ၁၀နေ ဒေါ်သိန်းဆင့်၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးအောင်လှိုင်ဦး - ဒေါ်ခင်သီတာအောင်၊ ဦးကျော်စွာလှိုင်-ဒေါက်တာခိုင်မြင့်ချို(တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန)၊ ဦးထင်အောင်လှိုင် - ဒေါ်ခင်သင်းသင်းအိ၊ ဦးဖြိုးတင်ရှိန်-ဒေါ်ရည်မွန်လှိုင် (ခေတ္တ-လန်ဒန်)တို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ရဲတပ်ကြပ်ကြီးသိန်းဝင်း

**လ/၁၂၁၇၉၅**

**အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး**

**(ဇီးကုန်း)**

**အသက်(၅၇)နှစ်**

ဇီးကုန်းမြို့၊ မြို့ပတ်လမ်းနေ ဦးအောင်သိန်း-(ဒေါ်ရင်ဥ)တို့၏သား၊ (ဦးထွန်း)-ဒေါ်မြနုတို့၏သားသမက်၊ ဒေါ်မြသန်းဝင်း (သူနာပြုတက္ကသိုလ်)၏ခင်ပွန်း၊ အရာခံဗိုလ်ရွှေသွေးလွင်-မသီတာဖေရယ်ဦး (သူနာပြုတက္ကသိုလ်)၊ ဗိုလ်ကြီးဇေယျာမင်းစိုး-မယမင်းရွှေစင်ဝင်း၊မောင်အောင်မျိုးဇင်တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)ညနေ ၆း၂၄နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [တိုက် ၈၊ အခန်း(ဆ/၆)၊ မင်းရဲကျော်စွာလမ်း၊ ကီလီရဲရိပ်သာ၊ လမ်းမတော်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယိကာမကြီး**

## မနှင်းဝေစိုး

**(LL.B) အထက်တန်းရှေ့နေ**

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၂၁နေ ဦးစိုးတင့်-ဒေါ်ကျင်ဆိုင်တို့၏သမီး၊ ဦးညွန့်လှိုင်-ဒေါက်တာဒေါ်မြင့်ရီတို့၏ သမီးချွေးမ၊ မဝါဝါစိုး၊ မနီနီစိုး၊ မောင်ကိုကိုစိုးတို့၏ညီမ၊ မောင်ဖြိုးဝေစိုး၊ မောင်လှဘုန်းပိုင်၊ မမေစိုးပိုင်၊ မောင်ကောင်းမြတ်စိုးတို့၏အစ်မ၊ မောင်ရဲထွဋ်လှိုင်၏ဇနီး၊ မခြူးဝေဇင်၏မိခင်သည် ၂-၁-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**

**ဒါယိကာမကြီး**

## ဒေါ်ခင်ရီ (ပဲခူး)

**အသက်(၇၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဖိုးဦးစိန်ရွာနေ (ဦးတင့်ကြီး-ဒေါ်တင်)တို့၏သမီး၊ ပဲခူးမြို့နေ (ဦးသာရင်-ဒေါ်အုံးတင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့နေ ဦးသိန်းဝင်း-ဒေါ်ခင်စန်းမှီ၊ ဒေါ်ခင်စန်းဝင်းတို့၏အစ်မကြီး၊ ဟံသာဝတီ ၂လမ်း၊ အမှတ် ၄၉နေ ဒေါ်မို့မို့ခိုင် (လ/ထ ကထိက၊ သမိုင်းဌာန၊ ပဲခူးတက္ကသိုလ်)၊ ဦးဘုန်းမြင့်-ဒေါ်ခင်စန်းကြူ၊ ဦးထွန်းလင်း - ဒေါ်ရီရီခိုင် (တွဲဖက်မြို့နယ်တရားသူကြီး၊ ကျောက်ဖြူမြို့)၊ မသီတာအေးတို့၏မိခင်၊ ဒေါ်အေးအေးခိုင် (နည်းပြ၊ တောင်ကုတ်ကောလိပ်)တို့၏အဒေါ်၊ ဦးထွေး(စိန်နဂါးပွဲရုံ)၏ဇနီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးထူးတင့်မော်

**B.Com (1974-78)**

**CDC (20535)**

**အသက်(၅၈)နှစ်**

ပခုက္ကူမြို့နေ (ဦးမော်-ဒေါ်နုနု)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစံရွှေ-ဒေါ်ကြူကြူ)တို့၏သားသမက်၊ ဦးစိန်ထွန်းမော်၊ (ဦးစိန်ဝင်းမော်)၊ ဒေါ်လဲ့လဲ့မော်၊ (ဦးတင်ထွတ်မော်)၊ ဒေါ်လွင်လွင်မော်တို့၏ညီ/မောင်၊ ဒေါ်နီလာမော်၏အစ်ကို၊ ဒေါ်သန္တာ-(ဦးသိန်းထွန်း)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ် ၇၇/၈၃၊ အခန်း ၆၉နေ ဒေါ်လှလှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မချောသဉ္ဇာ(Final Year, MMU၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်)၏ ချစ်လှစွာသော ဖခင်သည် ၁-၁-၂၀၁၆ရက် မွန်းလွဲ ၁း၁၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အမာ(ခ)ဒေါ်ခင်မလေး

**အသက်(၁၀၁)နှစ်**

ဦးဘထွန်း (မန်နေဂျင်းဒါရိုက်တာ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်) - ဒေါ်ခင်မြင့်ရီတို့၏မိခင်ကြီး ဒေါ်အမာ(ခ)ဒေါ်ခင်မလေးသည် ၁-၁-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် အောင်သစ္စာဦး**
**အာမခံကုမ္ပဏီလီမိတက်ဝန်ထမ်းများ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ငွေစာရင်းမင်းကြီးမွှာရုံ ဒါယကာကြီး**

## ဦးစိန်မောင် အသက်(၇၉)နှစ်

**အငြိမ်းစား၊ ငွေစာရင်းမင်းကြီးရုံး**

(ဒေါ်ခင်ခင်ကြီး) (ငြိမ်း) သမဝါယမဝန်ကြီးဌာန၊ Campsite, Sydney, Australia နှင့် တိုက် ၁၆၊ အခန်း ၄၊ ရန်ကင်းလမ်းသွယ် ၁၁၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်ခဲ့သောသူ၏ချစ်လှစွာသောခင်ပွန်း၊ ပုသိမ်မြို့၊ မကျည်းပင်တန်းလမ်း၊ အမှတ် ၁နေ (ဦးထွန်းရင်-ဒေါ်ထွေးတင်)တို့၏ချစ်လှစွာသောသား၊ မုံရွာမြို့နယ်၊ မုံရွေး၊ အုတ်ရှစ်ကုန်းနေ (ဦးဘိုးရုံ-ဒေါ်သိန်းစံ)တို့၏သားသမက်၊ ပုသိမ်မြို့နေ(ဦးဖိုးစော-ဒေါ်လှဘူး)၊ (ဦးညို-ဒေါ်ရှိန်)တို့၏မြေး/သား၊ မုံရွေး၊ အုတ်ရှစ်ကုန်းနေ (ဦးစံထယ်-ဒေါ်ဆင့်)၊ (ဦးဘိုးရှင်-ဒေါ်ငွေ)တို့၏မြေးသမက်၊ ဒေါ်ခင်သန်းသန်းအေး(ရန်ကုန်)၊ Australia, Canberra မြို့နေ ဦးဝင်းမောင်မောင်၊ ဦးရန်မျိုးအောင်၊Australia,Sydneyမြို့နေ ဒေါ်ခင်မြမြစိန်၊ ဦးစောမင်းမောင်၊ ဒေါ်ခင်ချမ်းမြစိန်-ကိုမြတ်သူရစိန်မောင်တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် St Vincent Public Hospital,Sydneyမြို့၌ ကွယ်လွန်သွားပါကြောင်း ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူသားသမီးတစ်စု

---

## ဆရာမကြီးဒေါ်လှမြိုင် အသက်(၇၃)နှစ်

**(အထက်တန်းပြ၊ ငြိမ်း)၊ (အထက-၁၊ မှော်ဘီ)၊ (အထက-၃၊ မင်္ဂလာဒုံ)**

**တပ်မတော်ကလေးများအထက်တန်းကျောင်းသူဟောင်း(ဝါယာလက်)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာမရပ်ကွက်၊ မြရတုလမ်း၊ အမှတ် ၅၊ သမားတော်ကြီး(ဦးလှမြင့်-ဒေါ်သင်)တို့၏သမီး၊ (ဦးမြင့်ဝေ)-ဒေါ်နွယ်နွယ်ဦးတို့၏အဒေါ်၊ မစုလဲ့ဖြူ (မူပြ၊ အမက-မူလွန်)ကျိုစအရှေ့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မောင်ထက်ဝေဦး(KBZ)၊မနှင်းပွင့်ရွှေရည်မှူးတို့၏အဘွားသည် ၂-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၆ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ကပ္ပတိန်မောင်မောင်ဖုန်း(ခ)

**Alphonse**

**(Myanmar Five Stars Corporation), (RCL)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၆နေ (ဦးဂျိုးနူး-ဒေါ်လူစီ)တို့၏ သား၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ (ဒေါက်တာအဲလ်ဘတ်ပိုး-ဒေါ်ဂျင်နစီအေးညွန့်)တို့၏သားသမက်၊ ဒေါ်ဒိုမီနီကား-ဦးလောရင့်၊ (ဦးဘယ်နဒစ်)-ဒေါ်အယ်နီတို့၏ညီ၊ ဒေါ်အေမီလွင်-ဦးကျော်တင်တို့၏အစ်ကို၊ ဒေါ်ဘရစ်ဂျစ်ပိုး၏ချစ်လှစွာသောခင်ပွန်း၊ (ကေသွယ်ဖုန်း)၊ ဝင်းလတ်ဖုန်း-နော်မေရီ၊ ခင်အိန္ဒြေဖုန်း - မာတင်ဝုန်ခန့်တွောင်တို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၆ ရက် (စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်၌ ဝတ်ပြုဆုတောင်း ပြီးဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ဦး အသက်(၅၄)နှစ်

**အထက(ခွဲ)၊အဝပြင်၊ကျောက်ဖြူ**

ကျောက်ဖြူမြို့နေ (ဦးတင်လှ- ဒေါ်တင်ရွှေ)တို့၏သား၊ ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးကျော်ဝင်း(စိုက်ပျိုးရေး)-ဒေါ်ခင်ငွေကြည် (အထက-၂၊ ကျောက်ဖြူ)၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးငွေလှိုင်၊ ဒေါ်စန်းစန်းရီတို့၏အစ်ကိုသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ကြည်

**ပိုင် အုတ်/သဲ/ကျောက်လုပ်ငန်း**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ကူးတို့ဆိပ်ရပ်ကွက်၊အမှတ်(K-1) လိုင်းကြီးနေ (ဦးတင်ရွှေ)-ဒေါ်ရင်အေးတို့၏သမီး၊ ဦးခင်မောင်ရွှေ-ဒေါ်စိုးစိုးငွေးတို့၏ညီမ၊ ဦးသိန်းအေး-ဒေါ်မြင့်မြင့်ဝေ၊ ဦးမိုးဇော်-ဒေါ်စောစန္ဒာထွန်း၊ ဦးကိုကိုယု-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးခင်ဇော်တို့၏အစ်မ၊ (ဦးလှမြင့်)၏ဇနီး၊ မောင်စွမ်းထက်နိုင်၏ မိခင်သည် ၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ညွန့်ခင် အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ ၂၁ လမ်း၊ အမှတ် ၁၁၅နေ (ဦးမောင်ညွန့်-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ အမှတ် ၃၁၊ ၁၁လမ်း၊ လေးလွှာနေ (ဦးကျင်သိန်း)-ဒေါ်ခင်အေးတို့၏အစ်မကြီး၊ ဒေါ်စန်းစန်းဝေ၊ ဦးစန်းလွင်-ဒေါ်မြင့်မြင့်ဝင်း၊ ကိုငွေးလွင်၊(ကိုသန့်ဇင်)၊(ကိုငွေးမြင့်)၊ မမြင့်မြင့်ဝေတို့၏မိခင်ကြီး၊ မောင်စွမ်းထက်ထူး၊ မရတီဖူးပွင့်အောင်၊ မောင်အံ့ဘုန်းမင်းတို့၏ ဘွားဘွားကြီးသည် ၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်အောင်ရီ

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန**

**တောင်ကြီးမြို့**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့နေ(ဦးကြည်-ဒေါ်စိုးမြင့်)တို့၏သား၊ (ဦးဟုတ်)-ဒေါ်တင်မေတို့၏သားသမက်၊ တောင်ကြီးမြို့နေ ဒေါ်ကြူကြူဝေ၏ခင်ပွန်း၊ ဦးတင်အောင်ဝင်း-ဒေါ်ခင်နုဝေ၊ ဦးစောလှိုင်-(ဒေါ်အေးကြည်မြင့်)တို့၏ ညီ/မောင်၊ ဦးတင်အောင်လင်း၊ ဒေါ်ရီမြင့်အေး (ထ-၄၊ တောင်ညွန့်)၊ ဦးတင်အောင်လွင်- ဒေါ်ချိုချိုဇော်၊ ဦးသန်းထွဋ်ဆွေ (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး) - ဒေါ်အေးအေးမာ(ပါမောက္ခ၊ မိတ္ထီလာတက္ကသိုလ်)တို့၏အစ်ကိုသည် ၁-၁-၂၀၁၆ ရက် ည ၁၁း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

## မောင်ဖြိုးကိုဟိန်း

**(စတုတ္ထနှစ်-ပန်းချီ၊ NUAC)**

**အသက်(၂၀)**

ဓနုဖြူမြို့၊ (၂)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်းနေ ဦးသောင်းထိုက်-(ဒေါ်တင်ရီ)၊ (ဦးလှမောင်-ဒေါ်သန်းရင်)တို့၏မြေး၊ ဦးသက်ထွန်းအောင်-ဒေါ်ကြည်ကြည်နွဲ့တို့၏သား၊ မောင်အောင်ပြည့်(WYTU)၏ညီသည်၃-၁-၂၀၁၆ ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ဓနုဖြူမြို့ ဦးဖိုးမြဲကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးစိန်သိန်း (တောင်ငူမြို့)

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ နံပါတ် ၁လမ်း၊ အမှတ် ၁၄/၄၃၉(က)နေ (ဒေါ်ခင်နု)၏ခင်ပွန်း၊ ဦးဝင်းထွန်း-ဒေါ်သီတာသိန်း၊ ဒေါ်သော်တာသိန်း၊ (ဦးမောင်မောင်သိန်း)၊ ဒေါ်သန္တာသိန်းတို့၏ဖခင်ကြီး၊ မအင်ကြင်းခိုင်၊ မထွန်းနဒီရွှေတို့၏အဘိုးသည် ၂-၁-၂၀၁၆ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှတောင်ငူမြို့အနောက်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မမလေး(ခ)ဒေါ်တင်တင်အေး အသက်(၈၄)နှစ်

မန္တလေးမြို့၊ ရန်မျိုးလုံရပ်နေ သမားတော်ကြီး ဆရာအေး၏မြေး၊ (ရွှေပန်းထိမ် ဆရာကြီး ဦးအေး-ဒေါ်ဦး)တို့၏သမီး၊ အမှတ် ၆၂၊ ၇၁လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ရန်မျိုးလုံရပ်၊ အေးဆေးတိုက်နေ ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ထွန်းဦး-ဒေါ်ရီရီမြင့်၊ ဒေါ်တုတ်တုတ်၊ ဦးမြင့်လင်း-ဒေါ်သီသီ၊ ဦးဘိုလေး-ဒေါ်ချိုချို၊ ဦးကျော်ကျော်မောင်-ဒေါ်မာမာ၊ ဦးမောင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်သန်းငွေ-ဒေါ်ထွေးထွေး၊ ဒေါ်ငွေငွေ၊ဦးဇော်မျိုးထွန်း-ဒေါ်ယမင်းစန်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂-၁-၂၀၁၆ရက် (စနေနေ့) ညနေ ၄း၃၂နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဇော် အသက်(၈၀)

**(အငြိမ်းစား-ကုန်သွယ်ရေး)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးစိန်ဟိုး-ဒေါ်ဖွားဆုံ)တို့၏သား၊ ကျိုက်ထော်မြို့နေ (ဦးလှရှိန်-ဒေါ်ကျင်ငွေ)တို့၏သားသမက်၊ ဒေါ်စန်းစန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုတင်ဇော်ဦး(ခေတ္တ-စင်ကာပူ) - မယဉ်မင်းလတ် (ခေတ္တ-စင်ကာပူ)၊ ကိုကျော်ကျော်နိုင်(CB ဘဏ်)၊ မမြတ်နှင်းဇော်(Skynet-ရုံးချုပ်)တို့၏ဖခင်ကြီး၊ မောင်ခန့်မင်းသွေး၏ဘိုးဘိုးကြီးသည် ၂-၁-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် အမှတ် ၁၄၇၊ ဖလွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်မြကြည်

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် ၄လမ်း၊ တိုက် ၁၀၊ အခန်း ၀၀၅နေ (ဦးဘိုးညွန့် - ဒေါ်မလေး)တို့၏သမီး၊ (ဦးစံ-ဒေါ်မယ်မြ)တို့၏သမီးချွေးမ၊ (ဦးအောင်မြတ်၊ ကကင္ဝေ၊ ငြိမ်း)၏ဇနီး၊ ဦးအေးမြင့် (ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ)-ဒေါ်မေစိုးကြည်၊ ဦးကျော်ဝင်း (Rain Group Co.,Ltd.)-ဒေါ်သင်းသင်းနိုင်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)တို့၏မိခင်၊ မခင်ရည်မွန် BA (KOREAN)-YUFL၊ မောင်အောင်ကောင်းဆက်(Grade-10,A၊အထက-၂၊ လှိုင်)တို့၏ အဘွားသည် ၂-၁-၂၀၁၆ရက်(စနေနေ့)ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယကာကြီး**

## ဦးကြည်ထွေး (ကျုံပျော်)

**အသက်(၇၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးထွန်းစိန်-ဒေါ်စောခ)တို့၏သား၊ မြောင်းမြမြို့နေ (ဦးဘငွေး-ဒေါ်ခင်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊မိုးစန္ဒာလမ်း၊ အမှတ် ၉၂နေ ဒေါ်အုံးညို(ခ) ဒေါ်ရင်း၏ခင်ပွန်း၊ ဦးထွန်းဦး၊ ဦးထွန်းလင်း(ခ)ဦးသက်နိုင်ဝင်း-မမျိုးမြင့်မြင့်မြတ်၊ မမြတ်မြတ်စိုး၊ ကိုအောင်လင်း (စွယ်တော်ရိပ်စားဖွယ်စုံ)၊ ကိုအောင်ကျော်မိုး-မငွေးငွေးဝင်း၊ ကိုညွန့်ဝင်း-မနှင်းနှင်းထွေး၊ ကိုဇော်လတ်-မခင်လှဝေ၊ မခင်မျိုးလွင် (Early Down Microfinance Co, Ltd.)၊ ဦးပဉ္စင်းဇော်ဇော်လင်း၊ ကိုကျော်ခိုင်-မမြတ်မြတ်မိုးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဟိန်း

**(ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာ)**

**အသက်(၈၄)နှစ်**

[ဒေါ်ခင်နု (ခ) ဒေါ်ပုညထေရီ]၏ခင်ပွန်း၊ ဘီလူးကျွန်း၊ချောင်းဆုံမြို့နယ်၊ ကုလားဘီကျေးရွာနိဂြောဓာရုံကျောင်းတိုက်၏ ကျောင်းထိုင် ဆရာတော် ဦးခေမာ၏ခမည်းတော်၊ ရန်ကုန်မြို့နေ ဦးသိန်းဟုတ် (အထွေထွေမန်နေဂျာ၊ စီးပွားရေးဌာနကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) - (ဒေါ်အေးအေးဝင်း)၊ ဒေါ်ငွေဟန်၊ ဒေါ်ရီရီဝင်း၊ ဦးဝင်းနိုင်-ဒေါ်သန်းဆွေ၊ ဒေါ်သန်းမြင့် (ခေတ္တ-ဘန်ကောက်)၊ ဦးဉာဏ်မြင့်-ဒေါ်လွင်လွင်မော်၊ ဦးကြည်မြင့်(ခ)ဦးခင်ရွှေ-ဒေါ်ယဉ်ယဉ်ချစ် (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် အမှတ် ၃၁၊ မြေညီထပ်၊ ဗျိုင်းရေအိုးစင်လမ်း နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲထွဋ်

**လက်ထောက်အုပ်ချုပ်ရေးမှူး**

**(လမ်းမတော်မြို့နယ်)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၅၆)နှစ်**


ရန်ကုန်မြို့နေ (ဦးစိုးမြင့်-ဒေါ်အုံးသင်)တို့၏သား၊ အမှတ် ၈၅၊ ဗဟိုလမ်း၊ ၃(ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမျိုးဝင်း-ဒေါ်ခင်ခင်ချစ်)တို့၏သားသမက်၊တိုက် B/11၊ အခန်း 404၊ နှင်းဆီလမ်း၊ကံဘဲ့စည်ပင်အိမ်ရာဝင်းနေ ဦးနေလင်းငွေး-ဒေါ်ခင်မိမိ(စည်ပင်)၊ (ဦးဇော်ထွဋ်)၊ (ဦးဉာဏ်ထွေး)-ဒေါ်ချောစုမွန်တို့၏အစ်ကိုကြီး၊ ဒေါ်ယုယုဝင်း (စည်ပင်ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန)၏ ခင်ပွန်း၊ ဗိုလ်ကြီးထက်ပိုင်ရဲ(ကလေးမြို့)-ဒေါ်ခင်ချိုငွေးတို့၏ဖခင်၊ ခြူးလရိပ်ချို၏အဘိုးသည် ၂-၁-၂၀၁၆ရက် ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၈၅၊ ဗဟိုလမ်း၊ ၃(ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံကမ်းလွန် ရေနက်ပိုင်းလုပ်ကွက်အမှတ် A – 6 ၌ သဘာဝ ဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိ

MAP SHOWING THE LOCATION OF *BLOCK A-6* GAS DISCOVERIES AND MPRL E&P'S ASSETS

(ဓာတ်ပုံ- စွမ်းအင်)




**နေပြည်တော်  ဇန်နဝါရီ  ၃**

မြန်မာနိုင်ငံ၏ ကမ်းလွန်လုပ်ကွက် A – 6 ရေနက်ပိုင်းတွင် MPRL E & P ရေနံကုမ္ပဏီက ရွှေရည်ထွန်း တွင်းအမှတ်-၁ ၌ သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိခဲ့ကြောင်း MPRL ၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ပင်လယ်ရေအနက် ပေ ၆၆၇၀ (မီတာ ၂၀၃၀) ခန့်၌ တွင်းအနက် ၁၇၄၀၈ ပေ ( ၅၃၀၆ မီတာ)အထိ တူးဖော်ခဲ့သည့် ရွှေရည်ထွန်း တွင်းအမှတ် - ၁ တွင် သဘာဝဓာတ်ငွေ့ ကော်လံ ၄၂၃ ပေ ( ၁၂၉ မီတာ) ခန့်ရှိသည့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် သဲကြောကြီးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပါရှိသည်။

ထို့ပြင် နောက်ဆုံးတိုင်းတာရရှိထားသော အချက်အလက်များအရ အဆိုပါ ၄၂၃ ပေ ရှိသော သဘာဝဓာတ်ငွေ့ ကော်လံတွင် သဲကြော သုံးကြောပါဝင်ပြီး ယင်း၏ Net Pay မှာ အနည်းဆုံး ပေ ၅၀ (၁၅ မီတာ) ခန့်ရှိကြောင်း။

ယခုရှာဖွေတွေ့ရှိမှုသည် မြန်မာ့ကမ်းလွန်ရေနက်ပိုင်း သမိုင်းတစ်လျှောက်တွင် ပထမဆုံး ကြီးမားသည့် ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း၊ ဤအချက်အလက်များသည် ကနဦး ရှာဖွေတွေ့ရှိသည့် အချက်အလက်များဖြစ်ပြီး အကဲဖြတ်သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါတွင်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က စတင်တူးဖော်ခဲ့သည်။ MPRL E & P သည် မြန်မာအမျိုးသားများ ဦးဆောင်သည့် ရေနံကုမ္ပဏီတစ်ခုဖြစ်ပြီး လုပ်ကွက်အမှတ် A – 6 ၏ Operator အဖြစ် ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို *စာမျက်နှာ ၁၀ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**


လွတ်လပ်ရေးနှင့် ကိုယ်စီတာဝန် — ခေါင်းကြီး၊ စာ-၂

မြန်မာဟေ့. . .မြန်မာ — ကဗျာ၊ စာ-၅

လွတ်လပ်ရေးအတွက် အမျိုးသားရေးတာဝန် — ဆောင်းပါး၊ စာ-၆


## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံခြားငွေ ကန်ဒေါ်လာသန်း ၁၂၀ ကျော် ရရှိရေး ကြိုးပမ်းဆောင်ရွက်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**ရန်ကုန်  ဇန်နဝါရီ  ၃**

မြန်မာနိုင်ငံငါးသယံဇာတသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းတိုင်းရင်းငါးမျိုးရရှိမှုမှာ ဘက်ပေါင်းစုံ သိသိသာသာလျော့နည်းလာမှုကြောင့် ယခုလာမည့် ၂၀၁၆ ခုနှစ်အတွင်း ငါးသယံဇာတလျော့နည်းမှု ဟန့်တားစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ မြန်မာနိုင်ငံငါးသယံဇာတအနေနဲ့ ဖမ်းဆီးရေးပိုင်းမှာကျဆင်းလာပါတယ်။ အင်းအိုင်ငါးဖမ်းလုပ်ငန်းဆိုရင် ဖမ်းဆီးရရှိမှုကလျော့သွားတယ်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

